www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## အန္တရာယ် - ၁၅၀၀


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၇၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၄၆၀၉၀၉

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်

အန္တရာယ်-၁၅၀၀/တက္ကသိုလ်တင်မြင့်-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၅၆- စာ၊ ၁၂×၁၈ စင်တီ။

(၁) အန္တရာယ်-၁၅၀၀


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

တက္ကသိုလ်


# တင်မြိုင်

# အန္တရာယ် ၁၅၀၀

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

သူစိမ်းမှ သူစိမ်းသက်သက်ဖြစ်ပါလေ၏။

ဤနယ်မြေ ဤဒေသသည် ချက်အတွက် သူစိမ်းပြင်ပြင်ပဲဖြစ်သည်။ တစ်ခေါက်တစ်ခါက ရောက်ဖူးရန်ဝေးစွ ချက်၏ အိပ်မက်ထဲတွင်တောင် ထည့်မမက်ဖူးခဲ့။

ဘာပဲပြောပြော အစင်ကျေးရွာကြီးသို့ စတင်ခြေချမိချိန်ကပင် ချက် စိတ်တို့ ကြည်နူးသွားခဲ့မိပါ၏။

လေးလံနေခဲ့သော သူ့စိတ်တွေ ပေါ့ပါးသွားခဲ့ရလေသည်။

ရေးမြို့သို့ ငန်းဝါဟူသော စက်လှေကြီးဖြင့် လိုက်ပါလာခဲ့ရစဉ်က ချက်၏ စိတ်တို့သည် ဆောက်တည်ရာ မရှိ။

ငန်းဝါ စက်လှေပေါ် ရှိစဉ်က စက်လှေပေါ်မှ ကျေး

www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့သော ထမင်းဟင်းလျာတို့သည် သူ့ဘဝ တစ်သက်တာတွင် အရသာ ကင်းမဲ့သော ထမင်းဟင်းလျာများပဲ ဖြစ်သည်။ ခံစားမှု ကင်းမဲ့လှသည်။

အိပ်၍လည်း မရနိုင်ခဲ့။ စား၍လည်း မဝင်။

"ငါ လူသတ်မိပြီ"ဟူသော စိတ်အစဉ်က ခြောက်လှန့်နေခဲ့သည်။ တုန်လှုပ်နေခဲ့မိသည်။ ပြီးဆုံးခဲ့ပြီးဖြစ်သော ရက်ကလေးကပင်လျှင် သူသည် နှစ်နှစ်တာကာလအတွင်း အတူတွဲခဲ့သွားခဲ့၊ လာခဲ့ဖူးသော ချစ်သူ ရည်းစား မေသူဇာနှင့် သူမ၏ ချစ်သူအသစ် ဝဏ္ဏအောင်တို့အား ထုရိုက်ခဲ့မိသည်။

ရည်းစားလူလု အူနုကျွဲခတ်ဆိုရိုးရှိခဲ့သည်မို့ အမှတ်မထင် မြင်လိုက်ရချိန်မှာ ဒေါသအလျှောက် တွေ့ရာ လက်နက်နှင့် ထုရိုက်မိခဲ့ခြင်းပင်။

သူတို့အား သေစေလိုသည်တော့ မဟုတ်ခဲ့။

သို့သော် ... ။

အပြစ်သည် အပြစ်သာပဲ ဖြစ်လေသည်မို့ ရန်ကုန်မြေမှ ဤသူစိမ်းပြင်ပြင် ဒေသသို့ ရောက်ရှိသွားခဲ့ရခြင်းပဲ ဖြစ်ပါလေ၏။

ရာဇဝတ်ဘေးသည် ပြေးလွတ်နိုင်ခဲ့သည်ကို မသိမဟုတ် သူသိပါ၏။

သို့တစေ ... လူဟူသော သတ္တဝါသည် အင်မတန်



လွတ်လပ်မှုကို နှစ်သက်သော အမျိုးအစားပဲ ဖြစ်ပါလေ၏။

ထို့ကြောင့်ပင် လွတ်လိုလွတ်ငြား တိမ်းရှောင်လာခဲ့ခြင်းပဲ ဖြစ်ပါ၏။

အတွေးကို သူ ဖြတ်လိုက်သည်။

အစင်ရှာကြီးနှင့် နီးလာခဲ့သည်။ သူ သွက်သွက်လျှောက်လိုက်သည်။ နေလုံးကြီးက အနောက်ဘက်ချောင်းထဲသို့ နိမ့်ဆင်းနေခဲ့သည်။

နေလုံးက ရဲရဲ တွတ်နီနေခဲ့ပြီ။

မကြာမတင် နေဝင်လေတော့မည်။ အလင်းပြယ်တော့မည်။

နေဝင်သွားလျှင် သူစိမ်းသက်သက်ဖြစ်သော ချက်အတွက် အခက်အခဲတွေ့လာနိုင်သည်။ အစင်ရွာသည် သူ့အတွက် စိမ်းလွန်းသော ဒေသပဲ ဖြစ်သည်။

မြို့ပြဒေသလို လမ်းအလင်းမီးတိုင်တွေဖြင့် ထိန်ထိန်တောက်ရှိနေမည် မဟုတ်တာ သေချာသည်။

ဆည်းဆာချိန် ညနေသည် အလှဆုံး အချိန်ပဲ ဆိုရလေမည်။ အမြင်စိမ်းနေသည်မို့လားမသိ။

အရာခပ်သိမ်း မြင်သမျှ လှနေသည်ချည်း ထင်ရသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားဆော့ကစားနေသော ... အရွယ်စုံကလေးများက ရပ်ကာ ချက်အား ငေးကြည့်နေခဲ့ကြသည်။

အမြင်စိမ်းသူမို့လည်း ဖြစ်နိုင်သည်။

သို့တည်းမဟုတ် ... ဝတ်စားပုံနှင့် အသွင်သဏ္ဌာန် ထူးခြားနေသည်ကြောင့်လည်း ဖြစ်နိုင်ပါ၏။

ချက်၏ အသားအရေက ဖြူဝင်းနေသည်။

လေအဝှေ့တွင် ဆံပင်စများက ဝေ့ဝဲကျနေသော်လည်း ဝဲကျနေပုံကပင် ကြည့်ကောင်းနေသည်။

ဆံပင်များက ဆီမသွေး၍ နီကြောင်ကြောင်မဟုတ်၊ မည်းနက်တောက်ပြောင်နေခဲ့သည်။

မျက်နှာကျပုံက ရုတ်တရက် မျက်နှာဝိုင်းသည် ထင်ရသော်လည်း တိတိရိရိကျနေသော မေးရိုးကြောင့် ယောကျ်ားပီသကာ ချောမောစေပါ၏။

နှာတံက ဖြောင့်စင်းလှပသည်။ နှာခေါင်းတည်နေပုံလှသည်။ မျက်နှာကျပုံနှင့် လိုက်ဖက်စွာ မထူမပါး နှုတ်ခမ်းများကို ပိုင်ဆိုင်ထားသည်။ မျက်လုံးက မဟူရာရောင် တောက်နေခဲ့သည်။

မြင့်မားသော အရပ်နှင့် လိုက်ဖက်ညီသော ကိုယ်နေဟန်ထားရှိကာ ဂျင်းဂျက်ကက်၊ ဂျင်းဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသည်။



အတွင်းခံ အင်္ကျီက အပြာနုရောင်ပဲ ဖြစ်သည်။

နီညိုရောင် သားရေပျော့ ကျောပိုးအိတ်တစ်လုံးကို လွယ်ကာ သည်ဘက်ခေတ်တွင် အစီးနည်းလှသော ဟတ်ရှူးနီညိုရောင်ကို အပြာရောင် ခြေစွပ်နှင့် ဝတ်ထားပါ၏။

သည်တော့၊ တံငါရွာကြီးတစ်ရွာတွင် ချက်၏သဏ္ဌာန်က ထင်းခနဲ၊ ဝင်းခနဲ ဖြစ်နေရပါလေသည်။ ချက်က သူ့အား ငေးကြည့်နေသော ကလေးတစ် ယောက်ကို လှမ်းမေးလိုက်သည်။

"ချာတိတ်၊ ဒီရွာက ဘကြီးထွန်းအိမ်ကို သိသလား ..."

'သိတယ် အစ်ကို၊ အစ်ကိုက ဘကြီးထွန်းဝ ပြောသည်လား"

"ဟုတ်တယ်၊ ချာတိတ်၊ ညီလေးအားရင် အစ်ကို့ကို ဘကြီးထွန်းဝအိမ် လိုက်ပို့ပေးပါလား"

ကလေးက ဆယ့်နှစ်နှစ်ခန့်ရှိပေမည်။ သူ့ အဖော်ကလေးများကိုကြည့်၍ ဇွေနေခဲ့သေးသည်။ ကလေးများအားလုံး ကျောဗလာအဝတ်မဲ့ပြီး အရောင်အဆင်းမပေါ်တော့သော ဘောင်းဘီတိုကလေးများနှင့် ဖြစ်ပါ၏။

"ငါခဏလိုက်ပြီးတော့ ဒီအစ်ကိုကို၊ ဘကြီးထွန်းဝအိမ် လိုက်ပို့ဦးမယ်၊ ခဏစောင့်နော်"

"စိတ်ချ ညိုအေး၊ မင်းပြန်လာမှပဲ ငါတို့ ဆက်စကားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"လာအစ်ကို၊ ဘကြီးထွန်းဝ အိမ်က နည်းနည်းတော့ ... လျှောက်ရဦးမယ်ဘကြီးထွန်းဝက ချောင်းစပ်နားမှာနေတာလေ ... ရွာထဲမှာနေတယ်ဆိုပေမယ့် ရွာအတွင်းတော့ မကျဘူး အစ်ကို"

ကလေးက လျှောက်ရင်း ပြောသည်။ လူရည်တော့ လည်ပုံရသည်။

လမ်းလျှောက်ရင်း ကလေးက ... ကွက်ကြည့်ကွက်ကြည့် လုပ်နေခဲ့၏။

သူ့ တစ်ခုခု မေးချင်ပုံရသည်။ မငုံ့မရဲ ကြည့်ရှုသည်။ မေးရဲပုံတော့ မရ။

သည်တော့။

"ညီလေး ကြည့်ရတာ တစ်ခုခုမေးချင်ပုံပဲ၊ ဘာမေးချင်လို့လဲ ပြောလေကွာ"

"ဟို ... ဟိုလေ အစ်ကို့ကြည့်ရတာ ဘကြီးထွန်းဝ ညွှဲ့သည် ဆိုပေမယ့် ညွှဲ့သည်တော့လည်း မဟုတ်လောက်ဘူး ထင်တယ်"

"ဟေ ... ဘာဖြစ်လို့လဲကွာ။ ဦးထွန်းဝဆီလာရင် သူ့ညွှဲ့သည်ပဲပေါ့၊ မဟုတ်ဘူးလား"

"ဟင့်အင်း၊ ညီ့အေးတော့ ဒီလိုမထင်ဘူး"



မလှမ်းမကမ်း မျက်နှာချင်းဆိုင်မှ လျှောက်လာခဲ့သည့် မိန်းမပျိုသုံးဦး၏ အကြည့်က သူ့ထံသို့ ရောက်လာခဲ့ပါ၏။

မိန်းမပျိုကလေးများမှာ ညိုစိမ့်စိမ့်ဖြစ်သော်လည်း ကိုယ်လုံးကိုယ်ထည်များက တုတ်ခိုင်သည်။ နွဲ့နွဲ့နှောင်းနှောင်း မြို့သူတွေလိုတော့ မဟုတ်။ စိတ်ကြမ်းကိုယ်ကြမ်း ရှိပုံရပါလေသည်။

မိန်းမပျိုကလေးများ၏ မျက်နှာပေါ်တွင် သနပ်ခါး ခပ်ထူထူ လိမ်းထားဟန် တူသော်လည်း ချွေးစားထား၍ ကွက်နေခဲ့သည်။ သနပ်ခါးပျက်သည့် နေရာက ပျက်နေခဲ့သည်။

မိန်းမပျိုကလေးထဲမှ တစ်ဦးက လှမ်းမေးသည်။

"ဘယ်လဲ ညိုအေး"

"ဘကြီးထွန်းဝ ညွှဲ့သည်ကို လိုက်ပို့တာ"

"အော် ... ဘကြီးထွန်းဝ ညွှဲ့သည် ဟုတ်လား"

ညိုအေး အဖြေကြောင့် မိန်းကလေးများ မျက်လုံးတွေ ဝိုင်းသွားပါ၏။

ဘာမှတော့ ဆက်မပြော။ အံ့ဩသွားပုံတော့ ရပါလေသည်။

မိန်းကလေးများက ချက်နှင့် ညိုအေးကို ဖြတ်ကျော်သွားသည်။ ချက်က စကားပြန်ဆက်ပေးသည်။

"ဘယ်လိုထင်လို့လဲ ညိုအေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးထွန်းဝဆီလာတာတဲ့ ညွှဲသည်တွေက အစ်ကိုလို မြို့သားချောချောပုံတွေ မဟုတ်ဘူး … ဝတ်ထားစားထားတာတွေက အစ်ကိုလို အင်္ကျီ ဘောင်းဘီ အကောင်းစားတွေ ဝတ်ထားပေမယ့် မိုက်မိုက်ကန်းကန်းပုံတွေ၊ အစင်ရှာက ကြမ်းပါတယ် ရမ်းပါတယ်ဆိုတဲ့ လူတွေနဲ့ ခဏခဏ ရန်ဖြစ်ကြတယ် … "

"ဟုတ်လား၊ ဒီလူတွေ အတော်ဆိုးတာပေါ့နော်"

ချက်က ချာတိတ်ညို့အေးထံမှ စကားကို နှိုက်ထုတ်တော့သည်။ ဘာပဲပြောပြော သူနှင့် မကြာခင် ဆုံရမည့် ဦးထွန်းဝ၏ အကြောင်းကို သူ သိသင့်ပါလေသည်။

တကယ်က ချက်သည် ဦးထွန်းဝကို လုံးဝ မမြင်ဖူးတွေ့ဖူးထားခြင်းမရှိ၊ ဖြူသည် မည်းသည်၊ ပိန်သည် စသည်ဆိုသည်မှာ အဝေးကြီးပဲဖြစ်ပါလေသည်။

ထိုသို့ဆိုလျှင် ချက်သည် အစင်ရှာသို့ မည်ကဲ့သို့ တိမ်းရှောင်လာခဲ့ပါလေသနည်း။ မေးစရာရှိလာပေသည်။

ချက်သည် သံလျှင်တွင် တက္ကသိုလ်တက်စဉ်က တာဝ,စားသောက်ဆိုင်တစ်ဆိုင်၌ အောက်ခြေသိမ်း အလုပ်လုပ်ရှာသည့် မောင်အံသွင်ဟူသော လူငယ်လေးတစ်ဦးနှင့် ရင်းနှီးခင်မင်ခဲ့သည်။



ချက်သည် တတ်နိုင်သမျှ အံသွင်ကို အကူအညီပေးဖူးသည်။ သူနှင့် မတော်တော့သော အင်္ကျီအဝတ်အစားများသည် အံသွင် ကိုယ်ပေါ်သို့ ရောက်ရှိသွားသည်။ အံသွင် နေသော ကညင်ပင်ရွာထဲသို့ ရောက်ခဲ့ဖူးသည်။ အံသွင် ဘဝက ကြမ်းတမ်းနွမ်းပါးရှာသည်။

အမေ မုဆိုးမကြီးနှင့်အတူနေကာ မိခင်ကြီးအား လုပ်ကိုင်ကျွေးရှာသည့် အံသွင် ဘဝကို ကိုယ်ချင်းစာမိသည်။

သည်တော့ ချက်သည် တတ်နိုင်သမျှ ငွေကြေးကလေးများပင် ထောက်ပံ့ခဲ့ဖူးပါ၏။

အံသွင် ဘဝလိုပင် မိမိဘဝသည်ကော ဘာထူးပါသနည်း။

ငယ်စဉ်ကပင် ချက်သည် အမိရေအဖပါ ကင်းမဲ့ခဲ့သည်။ ဖခင်၏ ညီအရင်း ဦးလေးသက်ဖေက ချက်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဦးလေးသက်ဖေ၏ ဇနီးသည် ဒေါ်လေးမွန်ကလည်း ချက်အား သားအရင်းနှယ် ချစ်ခင်ခဲ့သည်။

ဦးလေးသက်နှင့် ဒေါ်လေးမွန်တို့သည် သားသမီးမထွန်းကားခဲ့ပါလေ။

ထို့ကြောင့်ပင် ချက်သည် ဦးလေးသက်နှင့် ဒေါ်လေးမွန်တို့၏ ချစ်ခြင်းမေတ္တာကို စုပြုံကာ ရရှိခဲ့ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ဘဝတွင် မတောင့်မတ မကြောင့်မကျနေခဲ့ရသည်။

ဦးလေးသက်ဖေသည် ချက် ငယ်စဉ်ကပင် တိုက်တာ အဆောက်အဦများကို ကန်ထရိုက်ယူကာ ဆောက်လုပ်ခဲ့သည်။

အောင်မြင်သော ကန်ထရိုက်တာ တစ်ဦး ဖြစ်ခဲ့သည်။

ထို့နောက်မှ ချက် တက္ကသိုလ်တက်နေစဉ်မှာပဲ ဆုံးပါးသွားခဲ့ပါလေသည်။

ဦးလေးသက် ရှာဖွေချန်ထားရစ်ခဲ့သော စည်းစိမ်ဥစ္စာတို့ဖြင့် ချက်သည် ဒေါ်လေးမွန်နှင့်အတူ နေခဲ့သည်။

ချက် ကျောင်းပြီးသွားပါ၏။ ဘွဲ့တစ်ခု ပိုင်ဆိုင်ခဲ့သည်။

ဒေါ်လေးမွန်က အသုံးအစွဲကြီးသည်။ ကောင်းတာမှစားသည်။ ကောင်းတာဝတ်၏။ ချက်ကိုလည်း သူမ နည်းတူ စားစေသုံးစေသည်။

ချက် ကျောင်းပြီးချိန်တွင် ဆင်ဝိန်တော့ ကျွဲမဟုတ်ဘဲ ဆိတ်အခြေအနေသာ ရှိတော့သည်။ ချက် အလုပ်တစ်ခု ဝင်လုပ်ရန် ဆုံးဖြတ်ခဲ့ပါ၏။ အစက ဒေါ်လေးသည် သဘောမတူခဲ့။



ချက်သည် မည်မည်ရရ မရှိသော စီးပွားရေးအခြေအနေကို ဒေါ်လေးမွန်အားထောက်ပြခဲ့သည်။ ဒေါ်လေးမွန် လက်ခံရတော့သည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော မိုးသောက်ကြယ် ထရေးဒင်းမှာ အငယ်တန်း မန်နေဂျာအဖြစ် ချက် အမှုထမ်းခဲ့ပါ၏။

သည်မှာတင် စာရင်းကိုင် ဝန်ထမ်းတစ်ဦးဖြစ်သူ မေသူဇာနှင့် တွေ့ဆုံခဲ့သည်။ သူမ သစ္စာမဲ့လေသောကြောင့် ချက်သည် ရန်ကုန်မြေကို စွန့်ခွာရပါလေ၏။

လွင့်ပျံနေသော ချက်၏ စိတ်အာရုံသည် ညိုအေးစကားကြောင့် ပစ္စုပ္ပန်တည့်တည့်ကို ပြန်ရောက်ပါလေသည်။

“အဲဒီလူတွေက သိပ်ဆိုးတာပေါ့ အစ်ကို။ ဒီရွာမှာတော့ ဘကြီးထွန်းဝ အရှိန်နဲ့ မိုက်ကြဆိုးကြတာပေါ့။ ဘကြီးထွန်းဝက ဒီလူတွေထိရင် မခံဘူးလေ၊ ဘကြီးထွန်းဝ ကိုယ်တိုင်ရွာထဲ လာရမ်းတော့တာပဲ။ ဘကြီးထွန်းဝက လူမိုက်ကြီးလို့တော့ ညိုအေး အမေ ပြောဖူးတယ်။ ဟုတ်မှာပါ ဘကြီးထွန်းဝက ကလေးသော ခွေးသောမချန်ဘူး၊ သူမူးလာရင် လမ်းဖယ်ပေးကြရတာ”

ညိုအေးက ကလေးပေမယ့် စေ့စပ်စွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနဲ့တော့ ... သည်ကလေး ပြောမည်မဟုတ်တာ သေချာသည်။

ကလေးဆိုတာ ကောက်ကျစ်ခြင်း၊ စဉ်းလဲခြင်းမရှိတာ အမှန်ပဲဖြစ်သည်။ ဆယ်နှစ်နှစ်ကျော်ပြီဆိုလျှင် ဒေါသ၊ မောဟ၊ လောဘစိတ်တွေ လူ့အသွေးအသားထဲ ထိုးဖောက်စိမ့်ဝင်လာတော့သည်။ ညီ့အေးကို ချက် ကျေးဇူးတင်ရမည်။

ဘကြီးထွန်းဝ ဆိုသော အံသွင်၏ ဦးလေးသည် မိုက်သွေးကို အရင်းပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေသူ တစ်ဦးဖြစ်နိုင်သည်။

ဒါမှမဟုတ်၊ လူနှင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ မိမိထင်သလို နေတတ်သူလည်း ဖြစ်နိုင်ပါ၏။

ဘာပဲပြောပြော ဦးထွန်းဝကို ချက် သတိထားဆက်ဆံရလေမည်။

ပြီးတော့ သူ့တူဖြစ်သူ အံသွင့်အပေါ် ထားရှိသော စိတ်သည် အနည်းနှင့်အများ သက်ရောက်မှုရှိနိုင်သည်။

အချို့သည် သွေးရင်း သားရင်းပင်ဖြစ်စေကာမူ ဝတ်ကျေတန်းကျေမျှသာ ဆက်ဆံတတ်သည်။ အချို့က မိမိသွေးသားရင်းနှင့်ပတ်သက်လာလျှင် ပတ်သက်သူကိုပင် သွေးသားလို သဘောထားနိုင်ပါလေသည်။



ဦးထွန်းဝသည် အကယ်၍ မိမိအား လိုလိုလားလား ရှိပုံမရလျှင် မိမိဘာသာ လွတ်လမ်းရှာရပေမည်။ လိုလာခဲ့လျှင် ဗိရိစ္စာ အစင်ရွာတွင် ခိုအောင်းရမည် ဖြစ်ပါ၏။

သဲနှင့် မြေသား ရောနေသော မြေကိုလျှောက်ရင်း ချက် စကားမပြောဖြစ်ဘဲ ဆက်တွေးမိပြန်သည်။

ချက် ကျောင်းပြီးနောက် အံသွင်နှင့် အဆက်ပြတ်ခဲ့သည်။

မမျှော်လင့်ဘဲ ပြန်တွေ့ချိန်တွင် ပန်ဆိုးတန်းဆိပ်ကမ်းမှ စက်တပ်သမ္ဗန်မောင်းသူ တစ်ဦးဖြစ်နေပြန်ပါ၏။

ချက် ပွင့်လင်းစွာ ပြောပြီး အကူအညီတောင်းသည်။

အံသွင်သည် သူနှင့် ရင်းနှီးသော ငန်းဝါ စက်လှေပေါ်သို့ တင်ပေးလိုက်သည်။ ငရုံမြို့မှ တဆင့် အစင်ကျေးရွာသို့ သွားရောက်ခိုအောင်းနေထိုင်ရန် အကြံပေးသည်။ အံသွင်က သူ၏ ဘကြီးတော် ဦးထွန်းဝထံ စာတစ်စောင်ရေးပေးလိုက်သည်။

အံသွင်သည် တခြား တစ်နေရာတွင် မထင်မရှား အညတရလူတစ်ဦးဖြစ်ကောင်း ဖြစ်မည်။

ချက်အတွက်မူ အံသွင်သည် မဟာကယ်တင်ရှင်ကြီးဝဲ ဖြစ်သည်။

ညီ့အေး ခြေလှမ်းများ တုံ့ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို၊ ဟောဟိုမှာ ချောင်းနဘေးက ခြေတံရှည်အိမ်ကြီးက ဘကြီးထွန်းဝ အိမ်ပဲ၊ ညီအေး မလိုက်တော့ဘူး၊ အစ်ကို ဘာသာ အစ်ကိုသွား[illegible]ရပါပြီ"

ညီအေးက မလိုက်လိုဟန်ဖြင့် ပြောသည်။

ညီအေးကို ချက် ခေါင်းညိတ်ပြလိုက်သည်။ ညီ[illegible]အေးက လှည့်ပြန်ရန် ပြင်သည်။

"ခဏနေဦး ညီအေး"

ချက် တားထား၍ ညီအေး ရပ်နေခဲ့သည်။

အညိုးအာညနေသည် ချူပ်ငြိမ်းလုပြီး ...။ အမှောင် ဝမ်းစပြုလာခဲ့၏။

ရှပ်အကျႌ အိတ်အတွင်းမှ ငွေစက္ကူတစ်ထောင်တန် [illegible]စ်ရွက်ကို ထုတ်ကာ ညီအေးကို ချက် လှမ်းပေးလိုက်သည်။

"မယူပါဘူး အစ်ကို၊ ညီအေးတို့ရွာလာရင် ဘယ်သူဖြစ်ဖြစ် လိုက်ပို့ပေးကြတာပဲ။ အမေသိရင် ဆူလိမ့်မယ်။ ပြီးတော့ ဘယ်ကရလာတာလဲလို့မေးရင် ညီအေး အမှန်အတိုင်းဖြေလည်း အမေက ယုံချင်မှယုံမှာ။ ညီအေး ပြန်တော့မယ်"

ချာခနဲ လှည့်ထွက်သွားသည်။ တားဆီးချိန် မရ[illegible]ိုက်။

ညီအေးက ရွာတွင်းသို့ ပြန်လည်ထွက်ခွာခဲ့ပါလေ



သည်။ ထွက်ခွာသွားသော ညီအေးကို ချက် မှတ်မှတ်ရရ မှတ်သား ထားလိုက်ပါ၏။

ခြေတံရှည်အိမ်ကြီးက သစ်ဝါးပေါသော အရပ်မို့ ထင် သည်။

သစ်နှင့် ဆောက်ထားသော ခြေတံရှည်အိမ်ကြီးဖြစ် [illegible]ာ ထရံကာ သွပ်မိုးအိမ်ကြီးပဲ ဖြစ်သည်။ ကာရံထားသော ထရံ [illegible]များက ရေနံချေးဝကာ မှိုင်းညို့နေပါ၏။

ဦးထွန်းဝ၏ စီးပွားရေးအခြေအနေ မဆိုးလှဟု ချက် [illegible]တွက်လိုက်မိသည်။ ခြေတံရှည်အိမ်ကြီးကို ဝါးပေါသော အရပ်မို့ စနစ် [illegible]ကျ ဝါးယက်ကာ ကာရံထားခဲ့သည်။

ခြံအနီးသို့ ချက် လျှောက်လိုက်သည်။

ခြံစည်းရိုးတံခါးက ပိတ်ထားသည်။ တံခါးက ဝါး [illegible]ပ်တံခါးပဲ ဖြစ်ပါ၏။

အိမ်၏ တံခါးရွက်များက ပိတ်ထားသည်မို့ အထဲသို့ [illegible]ချက် လှမ်းကြည့်သော်လည်း ဘာကိုမှ မမြင်ရပါလေ.

စည်းရိုးတံခါးရှေ့မှ ချက်သည် ဦးထွန်းဝကို လှမ်း [illegible]ခေါ်လိုက်ပါ၏။

"ဘကြီးဦးထွန်းဝ၊ ဘကြီးဦးထွန်းဝ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟေ့ ... တံခါးစေ့ရုံစေ့ထားတာ တွန်းဖွင့်ပြီး အထဲဝင်လာခဲ့"

အသံလုံးကြီးကြီးနှင့် မာကြောကြောအသံက အိမ်ကြီးပေါ်မှ ပျံ့လွင့်လာခဲ့ပါ၏။

သေသပ်စွာ ပြုလုပ်ထားသော ဝါးတံခါးကို ကိုချက် တွန်းလိုက်သည်။ တံခါးရွက်နှစ်ရွက်က ပွင့်သွားသည်။

ချက် တံခါးကို ပြန်စေ့ထားသည်။

တံခါးနှင့် မဝေးလှသော အိမ်ကြီး၏ အောက်ရှိ လှေကားမှ ချက် အိမ်ကြီးပေါ်သို့ တက်ရောက်ခဲ့ပါလေ၏။



## အခန်း(၂)

လုံးလုံးလျားလျား မှောင်သေးသည်မဟုတ်သော်လည်း ဦးထွန်းဝ အိမ်ပေါ်တွင် မှန်အိမ်တစ်လုံးကို ခပ်မှေးမှေး မှိန်မှိန် ထွန်းညှိထားခဲ့သည်။

အလင်းရောင်က ထင်သာမြင်သာရုံပဲ ရှိသည်။

အိမ်အတွင်းတွင် အိပ်ခန်းတစ်လုံးသာရှိပြီး ခေတ်နောက်ကျနေပြီဖြစ်သော စားပွဲရှည်တစ်လုံးနှင့် ကြိမ်ကုလားထိုင်သုံးလုံး ချထားသည်။

အိမ်ခေါင်းရင်းတွင် ဘုရားဆောင်တစ်ခုဆောင် ထုတ်ထားပြီး တစ်ဝက်ကျိုးလုလု ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းညှိပူဇော်ထားပါ၏။

စားပွဲရှည်ပေါ်တွင် ဒန်ကွမ်းအစ်အဟောင်းတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒန်ရေနွေးကြမ်းအိုး၊ ပန်းကန်သုံးလုံး ချထားပြီး ခေါင်းရင်းဘက် ကြိမ်ကုလားထိုင်တွင် ဦးထွန်းဝ ထိုင်နေခဲ့သည်။

"မင်း ဘယ်သူလဲ ..."

"ကျွန်တော် ရန်ကုန်ကပါ ဘကြီးထွန်းဝ"

ချက်က အနီးတွင် ရပ်ရင်းမှ ဦးထွန်းဝအမေးကို ဖြေလိုက်သည်။ ဦးထွန်းဝ၏ အကြည့်က ချက်၏ ခြေဖျားမှစကာ ခေါင်းအထိ ကြည့်သည်။

"ရန်ကုန်ကမဟုတ်လား၊ မင်းကိုတော့ ငါလုံးဝမသိဘူး၊ ဒါပေမဲ့ ဘကြီးထွန်းဝလို့ ခေါ်ပုံကိုကြည့်ရင် ငါနဲ့ တစ်စုံတစ်ခုတော့ ပတ်သက်နေပုံရတယ်၊ ကုလားထိုင်မှာ ထိုင်ပါဦး"

ဦးထွန်းဝက ကုလားထိုင်မှ ထ,သည်။

အနီးရှိ သံချိတ်တွင် ဆွဲကာ ထွန်းထားသည့် မှန်အိမ်မီးစာကို မြှင့်လိုက်သည်။

အလင်းရောင်က ထင်းခနဲ ထွက်လာခဲ့သည်။

အိမ်အတွင်း မီးအလင်းရောင်က လင်းထိန်သွားသည်။

ကုလားထိုင်တွင် ဦးထွန်းဝ ပြန်ထိုင်လိုက်သည်။

ချက်က မျက်နှာချင်းဆိုင် ကြိမ်ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်ပါ၏။



"ငါ့ဆီကို ဘယ်သူလွှတ်လိုက်တာလဲ"

ချက်က အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ကာ ဦးထွန်းဝအား လှမ်းပေးလိုက်သည်။

ဦးထွန်းဝ လှမ်းယူပြီး စာရွက်ခေါက်ကို ဖြန့်ကာ ဖတ်လိုက်ပါလေ၏။

ဘကြီးထွန်းဝ။

အံသွင် ရိုသေစွာဖြင့် စာရေးလိုက်ပါတယ်။ အခု ဘကြီးထွန်းဝထံသို့ အံသွင်လွှတ်လိုက်သူမှာ သံလျင်တာဝတွင် နေစဉ်က ကျွန်တော့်အား ညီအစ်ကိုရင်းလို ကူညီစောင့်ရှောက်ခဲ့ဖူးပါတယ်။

အမေနှင့် ကျွန်တော် ဒုက္ခရောက်စဉ်က အစ်ကိုချက်ဟာ သူတတ်နိုင်သမျှ စောင့်ရှောက်ခဲ့ဖူးတဲ့ ကျေးဇူးတွေရှိပါတယ်။

အမှုတစ်ခုနဲ့ ရန်ကုန်ကနေ ထွက်ပြေးတိမ်းရှောင်ဖို့ အခက်အခဲဖြစ်နေတဲ့အတွက် ဘကြီးထွန်းဝ ရှိတဲ့ အစင်ရွာကို လွှတ်လိုက်ပါတယ်။

တတ်နိုင်သမျှ ဘကြီးထွန်းဝ ကူညီစေလိုပါတယ်။

အံသွင်

စာကိုဖတ်ပြီးနောက် ဦးထွန်းဝသည် သူ၏ အင်္ကျီအိတ်အတွင်းမှ ဂတ်(စ)မီးခြစ်ကို ထုတ်ယူလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂတ်(စ)မီးခြစ်အား ခြစ်လိုက်ပြီး စာရွက်အား မီးရှို့ကာ စားပွဲအောက်ရှိ ထွေးခံထဲသို့ ဦးထွန်းဝ ပစ်ထည့်လိုက်သည်။

မကြာလိုက် ... ။

ထွေးခံထဲမှ စာရွက်ကို မီးလောင်ကျွမ်းသွားတော့သည်။

"မင်းက အမှုတစ်ခုနဲ့ ထွက်ပြေးလာတယ်လို့ စာထဲမှာ ငါ့တူ အံသွင်ထည့်ရေးထားတယ်။ ဒီတော့ ဘာပဲဖြစ်ဖြစ် ဒီစာကို မီးရှို့ပစ်လိုက်တာ အကောင်းဆုံးပဲကွ။ အစင်ရွာက တံငါရွာကြီးပဲဆိုပါတော့။ မင်းကို ငါ လက်ခံထားလို့ဖြစ်ပါတယ်၊ ဒီရွာက မင်း ဘယ်ကလာတယ်၊ ဘာလာလုပ်တယ်ဆိုတာ စပ်စုနေကြမှာတော့ မဟုတ်ဘူး။ ငါ့ဆီကို အံသွင် လွှတ်လိုက်တာ မှန်ပါတယ်၊ မင်းအနေနဲ့ ငြိမ်ငြိမ်ရှိရှိနေမယ်ဆိုရင်တော့ ဒီရွာမှာ အန္တရာယ်ကင်းပါတယ်။ မင်းအနေနဲ့ မင်းဖြစ်ပျက်လာပုံကိုရော၊ မင်း ရန်ကုန်မှာ ဘယ်လိုအနေထားမျိုးနဲ့ နေခဲ့တယ်ဆိုတာကအစ ငါသိထားဖို့လိုလာပြီ၊ ဒီတော့ မင်းအနေနဲ့ ငါ့ကို တိုတိုနဲ့လိုရင်းကို ပြောပြပေါ့ကွာ။ ဟုတ်ပြီလား မောင်ချက်"

ဦးထွန်းဝ စကားရပ်ပြီး ချက်ကို စူးရှသော အကြည့်ဖြင့် ကြည့်ကာ ပြောလိုက်ပါ၏။



မှန်သည်။

ချက်သည် တရားခံပြေးတစ်ယောက်။

တရားခံပြေး တစ်ယောက်ကို လက်ခံထားရန် ... အတွက် ဦးထွန်းဝသည် မိမိ၏ အကျိုးအကြောင်းအား သိချင်ပေလိမ့်မည်။

သိထားရန်လည်း လိုအပ်ပါ၏။

မိမိအနေဖြင့်လည်း ဦးထွန်းဝကို အကြောင်းစုံ ပြောပြန်ရန် ဝန်မလေး။ မိမိသည် တရားခံပြေးပဲ ဖြစ်သည်။

မိမိခိုအောင်း နေထိုင်ရန်အတွက် လက်ခံထားမည့်သူကို ပြောပြဖို့ လိုလာပါလေ၏။

ပြောပြခြင်းအားဖြင့် ဦးထွန်းဝသည် ချက်အတွက် မည်သို့ အကူအညီပေးလာမည်ကို သိရမည်။ ချက်အနေဖြင့် အတိတ်ရော ပစ္စုပ္ပန်ပါ မရေရာ။

သည်သို့ဆိုလျှင် အနာဂတ်ကရော။

လုံးဝ အနာဂတ်မဲ့သူ ဖြစ်နေတာ သေချာနေပြီ။

သည်တော့။

"ချက်လို့ပဲခေါ်ပါ ဘကြီးထွန်းဝ ... အံသွင်နဲ့ ချက်က တစ်ယောက်ကျေးဇူး တစ်ယောက်ရှိခဲ့ဖူးပါတယ်၊ ဖိုးတုန်းက ကျွန်တော်ဟာ အံသွင်အပေါ်မှာ ကျေးဇူးရှိခဲ့ဖူးတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှာပါ။ အခု အခြေအနေမှာ အံသွင်က ကျေးဇူးရှိသူ ဖြစ်သွားပါပြီ။ အံသွင်သာ မကူညီခဲ့ရင် ဒီအစင်ရှာကို ရောက်လာဖို့ အကြောင်းမရှိပါဘူး။ ဘကြီးထွန်းဝကလည်း အံသွင် စာမပါခဲ့ရင် လက်သင့်ခံမှာ မဟုတ်ပါဘူး”

ဦးထွန်းဝ နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ပါလေသည်။ ဦးထွန်းဝ မျက်နှာပေါ်မှာ ဖြတ်သန်းသွားသော အပြုံးရိပ်ကို တွေ့လိုက်ရပါ၏။

“ဆက်ပြောပါ ချက်”

“ချက်မှာ အဖေရော အမေပါ မရှိတော့ပါဘူး။ ချက် အသက် ငါးနှစ်သားအရွယ်မှာ ဆုံးသွားကြပါတယ်၊ အဖေ့ညီအရင်း ဦးလေးက ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်။ ဦးလေးနဲ့ ဦးလေးမိန်းမက ချက်ကို သားအရင်းလိုပဲ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ ချက် ဆယ်တန်းအောင်ပြီး တက္ကသိုလ် ပထမနှစ်မှာပဲ ဦးလေး ဆုံးပါးသွားခဲ့ပါတယ်၊ ဦးလေးက တိုက်တာ အဆောက်အဦ ကန့်ထရိုက်တစ်ယောက်ပါ၊ အချမ်းသာကြီး မဟုတ်ပေမဲ့ ကားကိုယ်ပိုင်၊ တိုက်ကိုယ်ပိုင်နဲ့ အတွင်းပစ္စည်း အတော်များများတော့ ပိုင်ဆိုင်ပါတယ်”

“အင်း ... အဲဒီနေရာမှာ အံသွင်နဲ့ ချက်က မတူဘူး၊ ချက်က မိဘမရှိတော့ပေမယ့် ပြည့်ပြည့်စုံစုံနေရတယ်။ အံသွင်က



သူ့ အဖေရှိစဉ်ကတည်းက နွမ်းပါးချို့တဲ့တယ်၊ အမေ မုဆိုး မဘဝရောက်တော့ သူပဲ ရုန်းကန်တာပေါ့ကွာ”

“ဟုတ်ကဲ့၊ ဦးလေး ဆုံးပါးတော့ ဒေါ်လေးနဲ့ပဲ ဆက်နေရင်း ချက် ဘွဲ့ရပါတယ်။ ဦးလေးမရှိတဲ့နောက် ကျွန်တော့်က ရှိတာထိုင်စားခဲ့ကြတာဆိုတော့ စီးပွားရေး ယိုင်လာတယ်၊ ဆောက်လုပ်ရေး ကုမ္ပဏီတစ်မှာ အငယ်တန်း မန်နေဂျာ လုပ်ခဲ့တယ်၊ အဲဒီမှာ မေသူဇာနဲ့တွေ့တော့တာပဲ ဘကြီး ထွန်းဝ”

“မေသူဇာဆိုတာက”

ဦးထွန်းဝက မေးလိုက်သည်။

“မေသူဇာဆိုတာက ကျွန်တော့်ချစ်သူပါ ... ဒါပေမဲ့ ချက် အပေါ် သူ သစ္စာဖောက်ခဲ့တယ်၊ ချက် တရားခံပြေးဖြစ်ရ တာ မေသူဇာကြောင့်ပဲ ဘကြီးထွန်းဝ၊ မေသူဇာက ချက်တို့ ကုမ္ပဏီမှာ စာရင်းကိုင် ဝန်ထမ်း၊ ချက်နဲ့တွေ့ပြီး ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ် ... နှစ်နှစ်အတွင်းတော့ ချက်ကလွဲရင် ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူးပေါ့၊ တကယ်တော့ မေသူ ဇာက ချက်ရဲ့ ပိုင်ဆိုင်မှုကို မက်မောတာ၊ ချက် ဒေါ်လေး ရော ချက်ပါ အသုံးအစားကြီးကြတယ်၊ ဒီတော့ ဝင်ငွေနဲ့ ထွက်ငွေ မမျှဘူး၊ ချက် အငယ်တန်း မန်နေဂျာဘဝနဲ့ ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



လစာက အိမ်ရဲ့ စရိတ်ကို မထိန်းနိုင်ခဲ့ဘူး၊ ဒီမှာတင် ချက်စီးနေတဲ့ ကားကို ရောင်းပစ်ရတယ်၊ ယိုင်နေတဲ့ ချက်တို့စီးပွားရေးကို မေသူဇာ သိသွားခဲ့တယ်၊ နောက်ပိုင်း မေသူဇာ ချက်အပေါ် တဖြည်းဖြည်း ခွာလာခဲ့တယ်၊ အကြောင်းအမျိုးမျိုးပြပြီး ရှောင်ခဲ့တယ်”

ချက်သည် ဦးထွန်းဝကို အံ့သြစွာ ကြည့်လိုက်မိသည်။ အထင်လည်း ကြီးသွားမိပါလေ၏။ လျှော့တွက်၍ မရသော လူကြီးပဲဖြစ်သည်။

ထိုရောအခါ ... ။

ဦးထွန်းဝက ဆက်ပြောပါလေသည်။

“မင်း ငါ့ကို အထင်ကြီးသွားတယ် ထင်တယ် ကောင်လေး ချက်၊ တကယ်တော့ အထင်မကြီးပါနဲ့ကွာ။ လူသဘာဝ လူဖြစ်စဥ်တွေကို လိုက်လေ့လာကြည့်ရင် မင်းတို့အရွယ် လူငယ်ဘဝမှာ ဒါမျိုးကြုံကြတတ်တာပဲ၊ လူတိုင်းတော့ မဟုတ်ဘူးပေါ့။ လူရယ်လို့ ကမ္ဘာမှာ ပေါ်လာပြီး နောက်ပိုင်း ပြဿနာတွေကို ကြုံကြရတာပဲကွ။ အဲဒီနေရာမှာ ဒေါသမထိန်းနိုင်ခဲ့ရင် မင်းလို အဖြစ်မျိုး၊ ငါလိုအဖြစ်မျိုးနဲ့ ကြုံကြရမှာပဲ”

“ဗျာ၊ ဘကြီးထွန်းဝလည်း ချက်လိုပဲ ကြုံဖူးတယ် ဟုတ်လား ဘကြီးထွန်းဝ”



“သိပ်ဟုတ်တာပေါ့ ချက်ရယ်၊ ငါလည်း မင်းလိုကြုံခဲ့ဖူးတယ်၊ ငါရယ် အံသွင်တို့ အမေ ဌေးညီမ မစိမ်းရှင်ရယ်ပဲ အဖေနဲ့ အမေက မွေးခဲ့တယ်။ ငါ့ဖခင်က ခရမ်းမြို့အပိုင် တံငါရွာ တစ်ရွာကပဲ၊ မိဘက သားယောကျ်ားလေးဖြစ်တဲ့ ငါ့ကို ပညာတတ်စေချင်လွန်းလို့ ခရမ်းမြို့တက်ပြီး ကျောင်းနေခိုင်းတယ်၊ ခရမ်း ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ငါ့အမေဘက်က ဦးလေးတော်တဲ့ ကိုက်အုပ်တစ်ယောက်ရှိတယ်၊ ကိုက်အုပ် ငါ့အဘိုးလေး ကျေးဇူးနဲ့ ကျောင်းနေခဲ့ရတယ်၊ နှစ်တန်းအရောက်မှာ မြို့ပေါ်က ပိုက်ဆံရှိတဲ့ ကောင်မလေး တစ်ယောက်နဲ့ ချစ်ကြိုက်မိတယ်။ ငါလို ဆင်းရဲသားထက် သာတဲ့ ကောင်ကိုတွေ့တော့ ငါ့ကို မေ့တော့တာပဲ။ ဒီမှာတင် နှစ်ယောက်လုံးကို ငါ သတ်လိုက်မိတယ်၊ အမှုဖြစ်ပြီး ငါ ထောင်ကျတယ်၊ မိဘနှစ်ပါးစလုံးလည်း ငါ့စိတ်နဲ့ သေခဲ့ကြရှာတယ်။ ဒီမှာတင် ငါ မထူးဇာတ်ခင်းပြီး ဘဝကို ကြုံသလို ရှက်လွှင့်တော့တာပဲကွ”

ဦးထွန်းဝက ရှည်လျားစွာ ရှင်းပြပါ၏။

ချက်နှင့် ဦးထွန်းဝ အဖြစ်က တူသလိုလိုတော့ ရှိသည်။

သို့သော် ... ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်ခြင်းက မတူ။

ဦးထွန်းဝသည် လူ့သတ်မှုကြောင့် ထောင်ကျသည်။

သူက လူသတ်ဝရမ်းပြေးဘဝ။

ထိုစဉ်မှာပင် ဦးထွန်းဝ ညှော်ဝတ်ပြုရန် မေးလာခဲ့လေ၏။

"မင်း ထမင်းစားပြီးပြီလား ချက်"

"အေး ... ၊ ငါလည်း ထမင်းမစားရသေးဘူး၊ ခါတိုင်းတော့ ငါ ရွာထဲက တင်သောင်းအရက်ဆိုင်မှာ သွားသောက်တတ်တယ်၊ အမြဲတစေတော့ မဟုတ်ဘူး၊ ကဲ ... ထမင်းစားကြရအောင်၊ ငါ့အတွက်တော့ ရွာထဲက ဒေါ်စာယု အားရင် လာချက်ပြုတ်ပေးတတ်တယ်၊ တစ်ခါတလေတော့လည်း မလာတတ်ဘူး။ ထမင်းနဲ့ ဟင်းက နှစ်ယောက်စာတော့ လောက်ကောင်းလောက်ပါတယ် ... ၊ သွားစို့"

ဦးထွန်းဝနှင့်အတူ အိမ်ကြီး၏ မီးဖိုဆောင်သို့ ဝင်လိုက်ခဲ့သည်။ အိမ်၏ မီးဖိုဆောင်မှာ အတော်ပင် ကျယ်ဝန်းပါလေသည်။ မီးသွေးမီးဖိုတစ်ဖိုကို တွေ့ရသည်။

စားအိုး စားခွက်တွေ သူ့နေရာနှင့်သူ သေသပ်စွာရှိသည်။

ဦးထွန်းဝသည် သန့်ရှင်းမှုတော့ ကြိုက်ပုံရပါ၏။



ထမင်းစားပွဲဝိုင်းတွင် ဦးထွန်းဝက ထိုင်နေလေပြီ။

စားပွဲပေါ်တွင် ကြိမ်အုပ်ဆောင်းဖြင့် အုပ်ထားသည်။

ဦးထွန်းဝက ကြိမ်အုပ်ဆောင်းကို ဖွင့်ရင်းပြောသည်။

"ဒီဘက်ခေတ်မှာ ဒီအုပ်ဆောင်းမျိုးက အတော်ရှားပါးသွားပြီ၊ မောင်ရင်တို့ ရန်ကုန်မှာ ရှိမယ်မထင်တော့ဘူး"

"ဟုတ်တယ် ဘကြီးထွန်းဝ၊ ပလတ်စတစ် အုပ်ဆောင်းတွေပဲ ရှိပါတော့တယ်"

စားပွဲပေါ်တွင် ပလာတူးငါးပေါင်းတစ်ခွက်၊ မျှင်ငါးသုပ် တစ်ပန်းကန်နှင့် ငါးသိုင်းချောင်းပွ ချဉ်ရည်ဟင်းတစ်ခွက်ကို တွေ့ရသည်။

"စားကွာ မောင်ရင်တော့ မသိဘူး ... ငါ့ဗိုက်တော့ အတော်ဆာနေပြီ"

ပြောပြောဆိုဆို ထမင်းအုပ်အတွင်းမှ ထမင်းများကို မယ်လမင်းပန်းကန်နှစ်ချပ် အတွင်းသို့ ဦးထွန်းဝ ခူးခပ်ထည့်သည်။

ပြီးတော့ ငါးသိုင်းခေါင်း တစ်ခေါင်းကို ချက် ပန်းကန်အတွင်းသို့ ဦးထွန်းဝက ထည့်ပေးပါ၏။

လက်ဆေးကြပြီး နှစ်ဦးသားစားသောက်ကြသည်။

ဦးထွန်းဝသည် လူကောင်ကြီးထွားသလို အစား ... အသောက်လည်း ကြွမ်းပါ၏။ မယ်လမင်း ဗိုင်ဘာ ပန်းကန်ပြားကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ထမင်းမောက်မောက်နှစ်ပန်းကန်ကို အသာလေးစားပါလေသည်။

ချက်ကလည်း လုံခြုံစိတ်ချရသော နေရာသို့ ရောက်ပြီဟူသော အသိကြောင့် အရသာမဲ့သော ထမင်းအနှပ်များအတွက် အတိုးချစားမိသည်။ လတ်ဆတ်သော ငါးသိုင်းခေါင်းချဉ်ရည်က အစပ်တည့်လှသည်။ ရန်ကုန်တွင် အမျိုးအမည်စုံသော ငါးမျိုးစုံရပါ၏။

သည်လိုတော့ စား၍မကောင်း။ ရေခဲရိုက် ငါးများမို့ ထင်၏။

လတ်လတ်ဆတ်ဆတ် ငါးများမို့လားမသိ ချို၍ အရသာတွေ့လှသည်။

မှျင်ငါးပိကို ဆီအနည်းငယ် ဆမ်းပြီး ကြက်သွန်နီနိုင်နိုင်၊ ရေပ်သီးစိမ်းများများနှင့် သုပ်ထားသည်ကလည်း ခံတွင်းလိုက်ကာ ချွေးများစို့ လာပါ၏။

ပလာတူး ငါးပေါင်းကို ချက် အနည်းငယ်ဖဲ့စားသည်။

စားသောက် ပြီးစီးတော့ အိမ်ရှေ့ဆောင် ပြန်ထွက်၏။

ဦးထွန်း၀ အခန်းတွင်း ၀င်သွားသည်။ ပလတ်စတစ်ဗူး တစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ လွှာချင်းစောင်ပါးတစ်ထည် ပါလာသည်။



"ရှေ့ဟော့ မောင်ရင်၊ အိုက်တတ်ရင် တံခါးဖွင့်ပြီး အိပ်လို့ရတယ်၊ ညဘက်ကတော့ နည်းနည်း အေးတတ်တယ်၊ အစင်ရွာမှာ သူခိုးသူဝှက်မရှိဘူး၊ ရှိခဲ့ရင်လည်း ထွန်း၀ အိမ်ကို မျက်စောင်းမထိုးရဲဘူး … ကျုပ်အိပ်တော့မယ်၊ မနက်ကျမှ စကားဆက်ကြတာပေါ့"

မှန်အိမ်ကို ဦးထွန်း၀ အလင်းလျှော့ချလိုက်သည်။

"ဩော် … ည အပေါ့အပါးသွားချင်ရင် ခြံထဲမှာ အိမ်သာရှိတယ်၊ နေဦး"

ဦးထွန်း၀ ဘုရားဆောင် အတွင်းသို့ ၀င်သွားသည်။

လက်ထဲမှ နှစ်တောင့်ထိုး တရုတ်ပြည်ဖြစ် လက်နှိပ်ဓာတ်မီး တစ်လက်ပါလာသည်။ ချက်အား ကမ်းပေးသည်။

"မောင်ရင် အိပ်ရင်တော့ မှန်အိမ်မီးငြိမ်းလိုက်ပါ"

ဦးထွန်း၀သည် ချက်အား လှည့်မကြည့်ဘဲ သူ့ အိပ်ခန်းထဲသို့ တန်း၀င်သွားပါလေသည်။

ပင်ပန်းနွမ်းနယ်နေသောကြောင့် ချက် အိပ်ချင်နေသည်။ ပြတင်းတံခါးတစ်ချပ်ကို ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အေးမြသော လေက ပြတင်းတံခါးမှ တိုးဝင်လာခဲ့ပါ၏။

မှန်မီးအိမ်ကို ချက် ငြိမ်းလိုက်သည်။

အိမ်ကြီးပေါ်တွင် ကြယ်ရောင် အလင်းသဲ့သဲ့သာ ရှိတော့ပါလေသည်။

အိပ်ရာပေါ် လှဲလိုက်သည်နှင့် ချက် ဘာကိုမျှ မသိခဲ့ပါလေတော့။



## အခန်း(၃)

ချက် အိပ်ရာမှ နိုးတော့ နေပင် အတော်ပွင့်နေခဲ့ပြီ။

ချက် အိပ်ရာသိမ်းနေစဉ်မှာပင် ဦးထွန်း၀ လှေကားကို နင်းကာတက်လာခဲ့သည်။

“နိုးနေပြီလား မောင်ရင်၊ မြံ့ထဲမှာ ရေစည်ရှိတယ်၊ ရေမိုးချိုးလိုက်ပါ၊ လန်းသွားတာပေ့ါ။ ရေစည်ထဲမှာ ရေအပြည့်ပဲ၊ ဆပ်ပြာလည်းရှိပါတယ်၊ ဝါးတန်းပေါ်မှာ ရေလဲပိုင်းရှိတယ်။ ဆပ်ပြာ အကြွမ်းရော အချောပါရှိတယ်”

“ဟုတ်ကဲ့ ဘကြီးထွန်း … ချက်လည်း ရေချိုးချင်နေတာနဲ့ အတော်ပဲ၊ ငန်းဝါနဲ့ လိုက်လာကတည်းက ရေမချိုးဖြစ်ခဲ့ဘူး၊ ကိုယ်လက်သန့်စင်တာပဲရှိတယ်”

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တွင် ရှိသည့် ... ကျောပိုးအိတ်ထဲမှ ဘောင်းဘီရှည်တစ်ထည်ကို ချက် ထုတ်ယူလိုက်သည်။

ကိုယ်ပေါ်မှ အဝတ်မချွတ်တော့ဘဲ အိမ်အောက်သို့ ဆင်းခဲ့သည်။ ခြေစွပ်အဟောင်းကို လျှော်ရန် ယူလာခဲ့ပြီး ဟတ်(ဖ) ရှူးကို သည်အတိုင်းပဲ စီးခဲ့သည်။

ခြံက အတော်ပင် ကျယ်ဝန်းသည်။ မြေသားနှင့် သဲ ရောနေသည့် မြေအမျိုးအစားဖြစ်ပါလေ၏။ အုန်းပင်များနှင့် အခြား သီးပင်စားပင်များ ရှိပါ၏။ ခြံတောင်ဘက်တွင် ဝါးစည်ပိုင်းတစ်လုံး ကို တွေ့ရသည်။

သစ်သားခုံတစ်ခုံတွေ့သည်။ ဝါးစည်ပိုင်းထဲတွင် ရေ အပြည့်ထည့်ထားသည်။ အနီးရှိ သစ်ပင်တစ်ပင်နှင့်ကပ်ကာ စင်ရိုက် ထားသည်။ သစ်သားစင်ပေါ်တွင် ဆပ်ပြာခွက်တစ်ခွက်ရှိသည်။

ရေစည်ထဲမှ ရေကို ချက် တစ်ဝချိုးသည်။

ခပ်မြင့်မြင့် တန်းထိုးထားသော ဝါးလုံးတန်းပေါ်မှ ရေလဲကို ယူကာ ကိုယ်လက် သုတ်သင်လိုက်သည်။ ထိုရေလဲကိုပင် ဝတ်ကာ ချက် အင်္ကျီနှင့် ဘောင်းဘီ၊ ဂျင်းဂျက်ကက်တို့ကို လျှော် ဖွပ်လှန်းထားလိုက်သည်။

ယူလာသော မိုးပြာရောင် ဂျင်းဘောင်းဘီ အရှည်ကို ဝတ်ပြီး ရေလဲကို တန်းထိုးထားသော ဝါးလုံးမှာပင် ချက် ပြန်လှန်း



ခဲ့သည်။ ခြေစွပ်ကိုမူ မလျှော်တော့ဘဲ ဝါးလုံးတန်းမှာ နေရောင်နှင့် ပဲ လှန်းပစ်ခဲ့သည်။ ဟတ်(ဖ)ရှူးကို သည်အတိုင်းပဲ စီးလိုက်ပါ၏။

အိမ်ပေါ်ပြန်ရောက်တော့ စားပွဲရှည်မှာ ဦးထွန်းဝ ထိုင်ကာ ရေနွေးကြမ်း သောက်နေခဲ့သည်။

ပြတင်းတံခါးများ ဖွင့်ထား၍ ပူနွေးသော နေရောင် အချို့ ဝင်ရောက်နေခဲ့သည်။

ဦးထွန်းဝက အပေါ်ပိုင်းဗလာဖြစ်နေသော ချက်၏ ခန္ဓာကိုယ်ကို ခပ်စူးစူးကြည့်သည်။

ချက်၏ ကိုယ်ခန္ဓာက အဆီပိုမရှိ၊ ခန္ဓာကိုယ်မှ သူ့ နေရာနှင့်သူ ရှိသင့်သည့် ကြွက်သားများက အထစ်လိုက်အရစ်လိုက် ရှိနေခဲ့၏။

ဒါကလည်း ဦးသက်ဖေ ကောင်းမှုပဲဖြစ်ပါ၏။

ငယ်စဉ်ကပင် ချက်ကို ရေကူးစေသည်။ ဒိုက်ထိုးစေ ၏။

အရွယ်ရောက်လာတော့ တန်းဘားကစားစေသည်။ ခါးအောက်ပိုင်းကို လိုက်လျောမှုရှိစေရန် ကစားစေ၏။

“ထိုင်ကွာ ချက်”

မျက်နှာချင်းဆိုင် ထိုင်ခုံမှာပဲ ချက် ဝင်ထိုင်သည်။

ဦးထွန်းဝက မီးဖိုဆောင်သို့ လှမ်းကြည့်ကာ လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



ထ ဒုစရိုက်အလုပ်ကို လုပ်စားနေတဲ့ကောင်၊ ဒီတော့ မောင်ရင် ရောက်လာတာ မဆန်းဘူး၊ အေး ... ဒါပေမဲ့ မောင်ရင့်ကို ကျုပ် လက်ခံလိုက်ပြီဆိုတာနဲ့ အကြောင်းအကျိုးကို စဉ်းစားမှုဖြစ်တော့မယ်၊ အစင်ရှာမှာ ကျုပ်ကို လူအတော်များများ လန့်ကြတယ်၊ ကျုပ်ကို မစွာရဲဘူး၊ စွာလာရင်လဲ မှတ်လောက်သားလောက်အောင် ရိုက်နှက်ပစ်ခဲ့တာချည်းပဲ။ ဒီရွာမှာ ကျုပ်ကို လှန်ရဲတာ မရှိသလောက်ပါပဲ၊ ကျုပ်က ကျုပ်တာကို လုံအောင်ထိန်းတယ်၊ အဲ ... တာပေါ်တော့ ရေကျော်မလာနဲ့ မရဘူး။ မခံဘူးလေ၊ ကျုပ်ကို အစင်ရွာတစ်ရွာလုံးက လူမိုက်ကြီးတစ်ယောက်လို့ သုတ်မှတ်ထားကြတယ်"

ပြောရင်းမှ ဦးထွန်းဝ စကားကိုရပ်လိုက်သည်။

ဦးထွန်းဝသည် ကောက်ညှင်းပေါင်းနှင့် ငါးအူမြင်းခြောက်ကို အားရပါးရစားသည်။ ချက်ကိုလည်း စားရန်ပြောသည်။

ချက် မငြင်း။

ဦးထွန်းဝနည်းတူ ကောက်ညှင်းပေါင်းနှင့် ငါးအူမြင်းခြောက်ဆီဆမ်းကို အားရပါးရစားသည်။ ငါးအူမြင်းခြောက်က အမဲခြောက်၊ ဆိတ်သားခြောက်ထက် အသားမြင့်သေးသည်။ စား၍ကောင်းပါ၏။



ရန်ကုန်တွင် ငါးအူမြင်းခြောက်သည် သူဌေးစာပဲဖြစ်သည်။

ဈေးတိုင်းတွင် ရနိုင်သည်မဟုတ်၊ ပုဇွန်တောင်ဈေးနှင့် သံဈေးတွင်သာ ရတတ်ပါ၏။ ရှားပါးသော ငါးခြောက်အမျိုးအစားပဲ ဖြစ်သည်။

ကောက်ညှင်းပေါင်းနှင့် ငါးအူမြင်းခြောက် ပြောင်စင်သွားပြီ။

ဦးထွန်းဝက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြီး စကားဆက်ပါလေ၏။

"ကျုပ်ကို အစင်ရွာက သဘော်လိုက်နေတဲ့ ရေလုပ်သားတစ်ယောက်လို့ပဲ ထင်ကြတယ် ... အမှန်တကယ်က ဒီလိုမဟုတ်ဘူး၊ ကျုပ် တကယ်လုပ်နေတာက ဒုစရိုက်လုပ်ငန်းပဲ၊ ဒါကို အစင်ရွာက လူတွေမရိပ်မိကြဘူး၊ အစင်ရွာတစ်ရွာလုံး တံငါရွာကြီးဆိုတော့ ရေလုပ်ငန်းနဲ့ပဲ အသက်မွေးကြတယ်၊ ရိုးသားပေမယ့် ဘဝကြမ်းတော့ အနေအထိုင် အပြောအဆို ကြမ်းတမ်းကြတယ်၊ ကျုပ်ဆီမှာနေရင် လုံခြုံပေမယ့် မောင်ရင့်ဘဝ ဒီလိုနဲ့ပဲ ပြီးသွားမယ်၊ မောင်ရင့်အသက် ငယ်သေးတော့ ကျုပ်လို မတင်းတိမ်သင့်ဘူး၊ ကျုပ်လိုက်နေတဲ့ သဘော်ပိုင်ရှင် သူဌေးဆီမှာ မောင်ရင် အလုပ်လုပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ချက်သည် ဦးထွန်းဝကို ကြည့်ပြီး သူကိုယ်တိုင်က လုပ်ကိုင်လိုကြောင်း ပြောလိုက်ပါ၏။

ဒုစရိုက်လုပ်ငန်းပဲဖြစ်မည်ကို သူ စဉ်းစားမိသည်။

ဝရမ်းပြေး တစ်ယောက်အတွက် ရွေးချယ်စရာလမ်းက ဒီတစ်လမ်းပဲ ရှိသည်။

သန်းခေါင်ယံထက် ညဉ့်မနက်နိုင်တော့။

"ဒီဘဝရောက်နေမှတော့ ချက် ဘာမဆို လုပ်ရဲရမှာပေါ့ ဘကြီးထွန်းဝ။ ချက်အတွက် ရွေးချယ်စရာ လမ်းမှမရှိဘဲ၊ အလင်းထဲမှာနေလို့ ချက် ဘဝက ရမှမရတော့ဘဲ မဟုတ်လား"

"အေး ... ၊ အဲဒီလို အမြင်ကြည်လင်နေမှပေါ့၊ မောင်ရင် တတ်ထားတဲ့ ဘွဲ့တွေ ဒီနေရာမှာ မလိုဘူး။ လိုတာက မိုက်တတ်ဖို့ပဲ၊ ကြမ်းနိုင်ရမယ်၊ တိုက်ခိုက်တတ်ရမယ်၊ မောင်ရင့် ခန္ဓာကိုယ်ကတော့ အကြမ်းခံ၊ ရေစိမ်ခံနိုင်မယ့် ပုံပဲ၊ စိတ်ဓာတ်ကတော့ မသိဘူး"

"ချက် စိတ်ထဲမှာ ဒီနေ့အထိ ကြောက်ရမယ့် လူမရှိသေးပါဘူး၊ ကိုယ့်ကို တစ်ချက်ရိုက်ရင် တစ်ချက်ပြန်ရိုက်မယ်၊ နှစ်ချက်ရိုက်ရင် နှစ်ချက်လက်တုံ့ပြန်မယ်ပေါ့၊ ဒါပေမဲ့ ကိုယ့်ဘက်ကတော့ စပြီး မစော်ကားဘူး၊ ကိုယ့်ကို စော်ကားလာ



ရင်လည်း ဘယ်လိုလူမျိုးကိုမှ ခွင့်လွှတ်မှာ မဟုတ်ပါဘူး... ဘကြီးထွန်းဝ"

"ဟဲဟဲ ... အပြောကတော့ကျုပ် ငါ့လူရာ၊ အကတော့ ချိုမိုင်မိုင် မဖြစ်စေနဲ့ကွ၊ ချိုမိုင်မိုင်လောက်တော့ လူတိုင်းက,တတ်တယ်လေ မောင်ရင်"

"ဘကြီးထွန်းဝ စောင့်ကြည့်ပေါ့၊ ချက် မငြင်းပါဘူး၊ တချို့က အပြောနဲ့ အလုပ်မညီတာတွေ နေရာတိုင်းမှာ ရှိနေတတ်တာပဲ မဟုတ်လား"

"မောင်ရင့်ကို အထင်သေးလို့ ပြောတာမဟုတ်ဘူး၊ ဒုစရိုက်အလုပ် လုပ်စားတယ်ဆိုကတည်းက အနည်းနဲ့အများ မိုက်သွေးပါကြတဲ့ လူချည်ပဲ၊ အဲဒီလို လူတွေထဲက်စာရင်ဖွာ မစွာနိုင်ရင် တန်းတူရှိမှဖြစ်မှာ မဟုတ်လား၊ သူကြမ်းရင် ကိုယ်ကြမ်းမှ ဖြစ်မှာ။ နေရတကာတော့လည်း လက်ရုံးချည်းအားကိုးလို့တော့ မဖြစ်ဘူးဟ့ေကွာ၊ တွေးတော စဉ်းစားတတ်ပြီး လိမ္မာပါးနပ်ဖို့တော့ လိုတာပေါ့၊ ကျုပ်ရဲ့ သူဌေးကငါးလုပ်ငန်း အယောင်ပြထားပြီး ဒုစရိုက်လုပ်ငန်း လုပ်စားနေတာပဲ၊ ရေး ဘက်မှာတော့ မသိသူ မရှိဘူး။ ရေးမြို့ပေါ်မှာတော့ သူ့ကို လူကြီးလူကောင်းတစ်ယောက်လို့ပဲသိကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားရပ်ပြီး ဦးထွန်းဝသည် ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်သည်။ ပြီးမှ စကားဆက်ပါ၏။

"ဒါတွေ ပြောပြနေတာက လုပ်ငန်းအခြေအနေကို မောင်ရင် သိရအောင်ပဲ၊ ကျုပ်ရွေးပေးတဲ့ အလုပ်ကို ကြိုက်မှလုပ်ပါ၊ မကြိုက်ရင် မလုပ်ဘဲနေလို့ရပါတယ်၊ အစင်ရွာမှာတော့ ကျုပ်အရှိန်နဲ့ မောင်ရင့်ကို ဘယ်သူမှ စပ်စုရဲမှာမဟုတ်ဘူး။ ဒါပေမဲ့ လူဆိုတာခက်တယ် မောင်ရင်၊ အနေကြာလာရင် ရွာကနေ မြို့တက်ချင်လာမယ်၊ တောသူ တောင်သားတွေ မြို့မှာ တစ်သက်လုံး နေချင်နေသွားနိုင်ကြလိမ့်မယ်၊ မြို့သူမြို့သားတွေအတွက် တောမှာနေနိုင်ဖို့ ခက်တယ်လေ၊ အဲဒီလို မနေနိုင်လာခဲ့လို့ မောင်ရင် မြို့ပေါ်တက်ရင် ကျုပ် အနေနဲ့ ကာကွယ်မှု-မပေးနိုင်ဘူး၊ မြို့ပေါ်မှာ ကျုပ် အရှိန်အဝါမရှိဘူး"

မှန်သည်။

ဦးထွန်းဝသည် ရေးလို မြို့ပေါ်မှာ ဘယ်လိုမှ အရှိန်အဝါရှိလေမည် မဟုတ်တာသေချာသည်။

ဒါကို ချက် စဉ်းစားမိသည်။ ချက်သည် မြန်မာပြည်၏ အချက်အချာမြို့ကြီး တစ်မြို့ဖြစ်သော ရန်ကုန်မြို့ကြီးတွင် မွေးဖွားကြီးပြင်းလာခဲ့သူ။



အစင်ကျေးရွာလို တံငါရွာကြီး တစ်ရွာတွင် နေနိုင်မည်မဟုတ်တာ သေချာသည်။ လှောင်အိမ်ထဲက ငှက်လို ဟိုမျှော်သည်မျှော် မနေနိုင်ပါလေ။

"ဘကြီးထွန်းဝ စဉ်းစားတာ မှန်ပါတယ်၊ ကြာလာရင် ချက်ရေးမြို့ပေါ်တက်မိမှာပဲ၊ ရေးမြို့ပေါ်မှာတောင် ထင်ထင်ရှားရှားသွားလာခဲ့ရင် တရားခံပြေးတစ်ယောက်အတွက် လုံခြုံမှု မရှိနိုင်ပါဘူး၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့အနေနဲ့ ချက်ကို တစ်နေ့ မိသွားနိုင်ပါတယ်၊ ခြေရာကောက်စုံစမ်းသိရှိသွားနိုင်ပါတယ်"

"အေး ... ၊ အဲဒီအချက်ကို ငါတွေးမိလို့ မင်းကို ရေးမြို့က သူဌေး ဦးအိဆိုင်တိုက်တိုက်ကို ပို့ပေးမယ်လို့ စဉ်းစားမိတာ၊ သူက တစ်ဘက်နိုင်ငံနဲ့လည်း အဆက်အသွယ်ရှိတယ်လေ၊ သူက ... မင်းကို အကာအကွယ်ပေးထားနိုင်တယ်၊ တကယ်လို့ နောက်ဆုံး ရေးမြို့မှာ ဘယ်လိုမှ နေလို့မဖြစ်နိုင်တော့ရင် ဦးအိဆိုင်အနေနဲ့ မင်းကို တစ်ဘက်နိုင်ငံ ပို့ပေးနိုင်တယ်ကွာ"

"ဟုတ်ကဲ့၊ ဘကြီးထွန်းဝ စီစဉ်ပေးတဲ့ အလုပ်ကိုပဲ ချက် လုပ်ပါ့မယ်"

"အေးလေ ... မောင်ရင်ချက် လုပ်နိုင်ရင်ပြီးတာပါပဲ၊ တစ်ခုတော့ မှာထားမယ်၊ ဒေါ်ဇာယုကို မောင်ရင့်အနေနဲ့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



အဝိုစကားတွေ မပြောပါနဲ့၊ မောင်ရင့်ကို ကျုပ်တူလို့ ပြောထားတဲ့အတွက် စပ်စုကောင်း စပ်စုလာနိုင်တယ်၊ မောင်ရင့်ဘဝအမှန်ကို ဒီရွာမှာ ဘယ်သူမှ မသိတာ အကောင်းဆုံးပဲ၊ အဲ ... ဦးအီဆိုင်ဆီမှာတော့ မောင်ရင့် ဘဝအမှန်ကို ဖွင့်ပြောဖို့ လိုလိမ့်မယ်"

ဦးထွန်းဝသည် ထိုမျှသာ ပြောပြီး အိမ်ပေါ်မှ ဆင်းသွားခဲ့ပါ၏။



အိမ်ရှေ့ ကြမ်းပြင်ပေါ်မှာ ချက် အိပ်ရာခင်းပြီး လှဲလျောင်းမိသည်။ ချက် အိပ်ပျော်သွားပါ၏။ အိပ်ရာမှ နိုးတော့ ချက်သည် ပြတင်းတံခါးမှ အပြင်ဘက်သို့ ငေးမောကြည့်မိသေးသည်။

ချောင်းနှင့် အိမ်က မဝေးလှ၍ ချောင်းထဲတွင် လှေများနှင့် ပိုက်ကွန်ပစ်နေသူ တချို့ကို တွေ့ရပါ၏။

ချောင်းစပ်တစ်လျှောက် ရင်တွန်းနှင့် ငါးရှာနေသူအချို့လည်း တွေ့ရသည်။ တစ်ထွာသော ဝမ်းအတွက် မိမိတတ်ကျွမ်းသည့် အသိအလေ့အကျင့်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများဖြစ်ပါလေ၏။

ထိုသူများကို ကြည့်ပြီး ချက်သည် မိမိ၏ အနာဂတ်ကို ဘယ်နည်းနှင့်မဆို ရအောင်ဖန်တီးတည်ဆောက်ရပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဝင်းတံခါး ပွင့်လာသည်။

ဒေါ်ဇာယု ခြံဝင်းအတွင်းမှ အိမ်ပေါ်သို့ ရောက်လာခဲ့သည်။ ဒေါ်ဇာယု လက်ထဲမှ ကြိမ်းခြင်းတစ်ခြင်းကို ကိုင်ထားသည်။

ဒေါ်ဇာယု မီးဖိုဆောင်အတွင်းသို့ တန်းဝင်သွားသည်။ ချက်ကို ကြည့်ရုံသာ တစ်ချက်ငေ့ကြည့်သွားပါ၏။

အိုးသံ ခွက်သံများ ကြားရသည်။

ခဏအကြာတွင် မီးဖိုဆောင်မှ မီးခိုးများ လွင့်ပျံထွက်လာခဲ့သည်။

ချက် အိမ်ပေါ်မှ အောက်ကိုဆင်းလိုက်သည်။

ဦးထွန်းဝ အိမ်တွင် တိုင်ကပ်နာရီ စားပွဲတင်နာရီမရှိ။ မိမိတွင်လည်း ပြေးရင်းလွှားရင်း နာရီ ဘယ်မှာပြုတ်ကျခဲ့သည် မသိတော့။

ဒေါ်ဇာယု ညနေစာချက်ပြုတ်ရန် ရောက်လာခြင်းဖြင့် ညနေပိုင်းသို့ ရောက်ပြီဟုတော့ ချက် သတိထားမိပါ၏။

ဘာရယ်မဟုတ် ခြံအတွင်း ချက် လှည့်ပတ်ကြည့်သည်။ မိမိလှန်းထားခဲ့သော အဝတ်အစားများပင် သွေ့ခြောက်နေခဲ့ပြီ။ နေရောင်က ခြံအတွင်းရှိသစ်ပင်ကြီးငယ်များပေါ်သို့ ထိုးကျနေသည်။



အဝေးဆီမှ ဆိုင်ကယ်တစ်စီး မောင်းနှင့်လာသံကို ချက် ကြားနေရပါ၏။ ဆိုင်ကယ်သံက ဦးထွန်းဝ အိမ်သို့ ဦးတည်လာနေဟန်ရှိသည်။

သေချာပြီ။

ကြားနေရသော ဆိုင်ကယ် စက်သံက ခြံအနီးမှာ ထိုးရပ်သွားပါလေသည်။

စက်သံ ငြိမ်သွားသည်။ ဈေးရုံမှ ဈေးထားသော ခြံတံခါးပွင့်လာပြီး လူနှစ်ယောက်ဝင်လာပါ၏။

တစ်ယောက်က အနက်ရောင် အနောက်တိုင်းဝတ်စုံဝတ်ထားသည်။ အရပ်ရှည်ကာ … လိုက်ဖက်ညီသော ခန္ဓာကိုယ်အဆစ်အပေါက် ရှိသည်။ ကြည့်ပျော်ရှုပျော် မျက်နှာပေါက် ရှိသည်။

သို့သော် … ။

သူ့ မျက်နှာထားက တင်းသည်။

တစ်လောကလုံးကို သူပဲ … လုပ်ကျွေးနေရပုံမျိုးသဘောပိုက်ထားပုံ ရပါလေ၏။

နောက်တစ်ဦးက ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည်။

မျက်နှာပေါက်က ဆိုးသည်။ မေးရိုးကား၍ မျက်နှာသွယ်ပုံကလေး ထောင့်စပ်စပ်ပဲဖြစ်သည်။ မလှရတဲ့အထဲ မပြုံးဟူသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရိုးပမာ ထိုသူဝတ်ပုံစားပုံက လိုက်ဖက်မည်။

သူ၏ အသားအရေ မည်းနက်နက်ပေါ်တွင် ဖြူလွလွ တီရှပ်တစ်ထည် ဝတ်ထားသည်။ ရှမ်းဘောင်းဘီ အနက်ရောင်ကို သားရေခါးပတ်ပြားကြီးကြီးနှင့် ပတ်ထားသည်။ ခါးပတ်မှာ ပိုက်ဆံအိတ်ပါသော ခါးပတ်အညိုရောင် ဖြစ်ပါ၏။

အနောက်တိုင်းဝတ်စုံဝတ်လူက ငေ့ခဲကြည့်သည်။

"ဟော့ကောင် ... ၊ မင်း ... ဦးထွန်းဝနဲ့ ဘာတော်သလဲ"

မေးပေါက်က ရင့်သည်။

ချက်နှင့် သည်နေရာမှာ စတင်တွေ့ပြီ။

ဦးထွန်းဝ မှာထားသည်။ သူကလွဲ၍ ဒီရွာမှာ ချက်ဘာဝအမှန်ကို မပြောပါနှင့်ဟူ၍ပဲ ဖြစ်သည်။

"ဘာတော်တော်၊ ခင်ဗျား အလုပ်လားဗျာ"

ထိုသူ မျက်နှာရဲခနဲ နီသွားသည်။ မျက်နှာထားတင်းသွား၏။ သို့သော်လည်း တုံ့ပြန်မှုတော့ မလာပေ။ ဒေါသကို သူမျိုသိပ်ထားပုံရပါ၏။

"ထားပါတော့၊ ဦးထွန်းဝ ဘယ်သွားလဲ"

ချက်သည် ကောင်းမွန်စွာ ဖြေရန် ဆန္ဒမရှိတော့။ ရင့်သီးသူကို ထိုက်တန်သော အဖြေမျိုးပဲပေးရန် ချက် ... ဆုံးဖြတ်သည်။



သူတို့ဘက်ကလည်း ဘာတွေလဲသိရန် မကြိုးစားတော့။

"မသိဘူး ..."

"မသိဘူး ဟုတ်လား၊ ဦးထွန်းဝ အိမ်ခြံဝင်းထဲရှိနေပြီးတော့ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

"မသိလို့ မသိဘူးပြောတာ၊ မသိတာကို သိတယ်လို့ ပြောရမှာလား"

ထိုစဉ်မှာပင် သပိတ်ရောင်အသားနှင့် လူက ချက်တို့ စူးရဲစွာ ကြည့်လိုက်ပြီး သူနှင့် အတူပါလာသူကို ပြောလိုက်သည်။

"ဆရာသူ၊ ဒီကောင် သိပ်ရင့်တယ်၊ ကျွန်တော့် စိတ်တိုင်းကျ ကျွေးလိုက်ရမလား"

"မင်းသဘောပဲလေ သပိတ်၊ နောက်ကို ရိုင်းရိုင်းစိုင်းစိုင်း မပြောဖြစ်အောင်တော့ အသိပေးသင့်တာပေါ့"

စကားရပ်လိုက်သည်နှင့် ချက်သည် တစ်ကိုယ်လုံးရှိ အကြောအခြင်များကို လျှော့ချထားလိုက်ပါလေသည်။

သပိတ်သည် ဆတ်ခနဲ ညာခြေဖြင့် ချက်၏ နားထင်ကို ပတ်ကန်ခဲ့သည်။

လှစ်ခနဲ တိုက်ခိုက်ခြင်းပဲ ဖြစ်ပါ၏။

ဘယ်ခြေကို ဆုတ်ကာ ညာဒူးကို ခေါ်ညွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချက် အနေအထားက ကိုးဆယ်ဒီဂရီ အနေအထားဖြစ်သွားပါ၏။

ညာခြေကို အညွတ်မှာပင် ချက်၏ ညာလက်သည် ဆုပ်ပြီးသားဖြစ်ကာ သပိတ်၏ ဝင်လာသော ခြေကန်ချက်ကို ဘယ်လက်ဖျံဖြင့် ကာသည်။

တစ်ဆည်တည်း သပိတ်၏ တန်းနေသော ညာခြေဆစ်ကို ညာလက်သီးဖြင့် ခပ်သာသာ ချက် ထိုးချလိုက်သည်။

'အီး'ခနဲအော်ကာ သပိတ် နောက်သို့ ခုန်ဆုတ်သွားသည်။ ချက်၏ ညာမျက်လုံးသည် နဘေးရှိ သူရဆိုသူထံ အကြည့်ဖြန့်ထားလိုက်သည်။

သူရသည် တကယ့်ကို သွက်လက်ပါ၏။

ချက်၏ ကွေးထားသော ဘယ်ဒူးနေရာကို မြားဦးသဏ္ဍာန် ခြေကန်ချက်ဖြင့် သူရသည် တိုက်ခိုက်လာခဲ့သည်။

ချက်သည် လှစ်ခနဲ ကွေးထားသော ဘယ်ခြေကို ရုတ်လိုက်သည်။ ချက်၏ အနေအထားက တိုက်ခိုက်လာသူ သူရနှင့် မျက်နှာချင်းဆိုင် အနေအထားဖြစ်သွားပါ၏။

ခုန်ဆုတ်သွားသော သပိတ်မှာ မြေပြင်ပေါ်မှာ ဒူးကွေးထိုင်ပြီး သူ၏ ညာခြေဆစ်ကို နှိပ်နေခဲ့သည်။ မျက်နှာက ရှုံ့မဲ့နေခဲ့၏။



ချက်မှာ သပိတ်အား ဂရုမစိုက်တော့။ သူ၏ လက်သီးချက် အချိန်အဆကို သူသိသည်။ ဘာပဲပြောပြော ဤလူတွေသည် ဦးထွန်းဝ၏ မိတ်ဆွေတွေ ဖြစ်နိုင်သည်။

သည်တော့ ချက်သည် သပိတ်နှင့် သူရကို ကျိုးပဲ့အောင် မတိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။

မိမိသည် ဦးထွန်းဝထံတွင် လာရောက်ခိုလှုံနေသူတစ်ဦးပဲ ဖြစ်သည်။

ချက် လူ့စည်း၊ လူ့ကျင့်ဝတ်ကို ဖောက်၍ မဖြစ်။ နားလည်မှုထားရမည်။ စည်းကျော်လို့မရ။

လှစ်ခနဲ ဘယ်ဝိုက်လက်သီးကို သူရသည် အယောင်ပြထိုးကာ ညာဖြောင့် လက်သီးကို ချက်၏ မေးရိုးဆီသို့ ထိုးချလာခဲ့သည်။

ဘယ်လက်ဖြင့် ပုတ်ထုတ်ပြီး ဘယ်ခြေကို ရှေ့တက်ကာ ချက် လူခြင်းပူးလိုက်ပါ၏။

ချက်သည် လူခြင်းပူးမိသည်နှင့် ဘယ်ပခုံးဖြင့် အားအနည်းငယ် ထည့်ကာ တွန်းလိုက်သည်။

သူရ ဟန်ချက်ပျက်၍ သူ၏ ခန္ဓာကိုယ်မှာ ယိမ်းထိုင်တွက်သွား၏။ ပျက်သွားသော ကိုယ်ဟန် အနေအထားကို သူရ ထိန်းနေရ၍ ချက်အား မတိုက်နိုင်ခဲ့တော့။

www.burmeseclassic.com

www.burmeseclassic.com



ချက်သည် ကိုယ်ကို ဆတ်ခနဲ လှည့်ကာ ညာခြေဦးဖြင့် သူရ၏ ညချိုင်းအောက် နံမောင်းသို့ ခပ်သာသာ ကန်လိုက်ပါလေသည်။ မြွေ မြွေချင်း ခြေမြင်သည်ဟူပဲ ဆိုရမည် ဖြစ်ပါ၏။

ဟန်ချက်ထိန်းရင်း သူရသည် ချက်၏ ကန်ချက်ကို သူ၏ ကိုယ်အား လှည့်ကာ ဘယ်တံတောင်ဖြင့်တွက် ထွက်သွားပါလေသည်။ သူရ၏ ကိုယ်လုံးပညာက အဆင့်တော့ မနိမ့်ပေ။

ချက် ညာခြေကို ရုတ်၍ ကိုယ်ကို လှည့်ပြီး ညာလက်သီးဖြင့် ထိုးချလိုက်သည်။ အ ..းတော့ မဆည့်ထား။

သို့သော် ... ။

ခြံတံခါးပွင့်သွားပြီး ဦးထွန်းဝ ဝင်လာသည်ကို မြင်လိုက်ရ၍ ချက် ညာလက်သီးသည် လေထဲမှာပဲ ရပ်တန့်သွားပါ၏။

ဦးထွန်းဝ၏ မျက်နှာမှာ ဒေါသကြောင့် နီးမြန်းနေခဲ့သည်။

ပြီးတော့ သူရကို ကြည့်ကာ ဦးထွန်းဝ လေသံမာမာဖြင့် မေးပါလေတော့သည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ သူရ ... "

"ကျုပ် ဘာလုပ်လို့လဲ ဦးထွန်းဝ၊ ပြောစမ်းပါဦး"

သူရက သူ၏ ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို အနေအထားပြင်ရင်းမှ မေးသည်။



ကျေနပ်ပုံတော့ မရှိ။

သူရ၏ အကြည်က ခပ်စူးစူးပဲ ဖြစ်ပါ၏။

"သူရ ကျုပ်ချေ့သည်ပဲ ... ပြီးတော့ မင်းတို့က နှစ်ယောက်၊ သူက တစ်ယောက်တည်း၊ မင်းတို့လုပ်ပုံ မဟုတ်သေးဘူး။ မင်းတို့ ငါ့အိမ်ကို ရောက်လာတယ်၊ ငါ့အိမ်မှာရှိတဲ့ သူမှန်ရင် ငါ့ရဲ့ ဧည့်သည်ဆိုတာ ထည့်တွက်ထားရမယ် သူရ"

"ဒီမှာ ဦးထွန်းဝ၊ ခင်ဗျား ဧည့်သည်က ကျုပ်တို့ကို ပြေပြေလည်လည်မှ မဆက်ဆံတာဘဲ၊ ဦးထွန်းဝ ဘယ်သွားသလဲ မေးတယ်၊ မသိဘူးလို့ဘဲ ဖြေတယ်။ အဲဒီအတွက် ဖြစ်ကြတာပဲ"

ချက်သည် မဟုတ်လျှင် ... လုံးဝ သည်းခံတတ်သူ မဟုတ်။

သူရပြောပုံက ချက်ပင် ရှိုင်းစိုင်းလွန်းသူ ဖြစ်နေခဲ့ပါ၏။

"ခင်ဗျား ပြောပုံ ဟုတ်သလား၊ ဒီမှာ ကိုသူရ ခြံထဲဝင်လာပြီး ဟေ့ကောင်၊ မင်း ဦးထွန်းဝနဲ့ ဘာတော်သလဲလို့ မေးတယ်၊ ကျွန်တော် မရိုင်းဘူး ကိုသူရ၊ ရိုင်းတာက ခင်ဗျားပဲ၊ တကယ်ဖြစ်သင့်တာက ခင်ဗျားနဲ့ ဘာတော်သလဲ၊ ဦးထွန်းဝ ဘယ်သွားသလဲ၊ ဒီလောက်မေးရင်ပဲ ကျွန်တော် ကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ ခင်ဗျားတို့ဘက်ကစပြီး တိုက်ခိုက်တယ်၊ ဒါပေမဲ့ ကျွန်တော် စည်းထားပါတယ်၊ ဦးထွန်းဝလို့ မေးလာကတည်းက မိတ်ဆွေတွေလည်း ဖြစ်နိုင်တယ်၊ ရန်သူလဲ ဖြစ်နိုင်တယ်လို့ တွက်ပြီး ကျိုးအောင်ပဲ့အောင် မတိုက်ဘူးလို့ စဉ်းစားပြီး တိုက်ခိုက်တာပဲ။ ဦးထွန်းဝ ရောက်လာလို့ ရန်သူဖြစ်နေရင်တော့ ပြောင်းလဲဖို့ အသင့်ပဲပေါ့ဗျာ”

“အေးလေ ... ကျုပ်တို့မှားတယ်ပဲထားပါ၊ ကျုပ်တို့ အိမ်ပေါ်သွားရအောင် ဦးထွန်းဝ”

သပိတ်က ထရပ်လာခဲ့သည်။

ခြေတစ်ဖက်ကို ထောက်ကာ သူရနှင့် ဦးထွန်းဝတို့ အနီးသို့ လျှောက်လာခဲ့သည်။

ချက်ကို ထားခဲ့ပြီး သူတို့နှစ်ဦး ဦးထွန်းဝနှင့် အိမ်ပေါ်ရောက်သွားသည်။

ချက် မြို့အတွင်းမှာပဲ နေခဲ့သည်။

အလိုက်သိရမည်။ ချက်သည် ညှော်သည်။

ညှော်သည်ဆိုသည်မှာ ညှော်သည်လိုပဲ နေရပါလေမည်။ ဒေါ်ဇာယု အိမ်ပေါ်မှ ဆင်းလာသည်။

ချက် အနီးမှ ဖြတ်သွားကာ မြို့စည်းရိုးတံခါးကို ဖွင့်၍ ထွက်သွားပါ၏။



မိနစ်အနည်းငယ် ကြာပြီးနောက် ဦးထွန်းဝနှင့်အတူ သူရ၊ သပိတ်တို့ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ခြေထောက်ကို ထောက်ကာ ...၊ ထောက်ကာထွက်သွားသော သပိတ်၏ အကြည့်က ချက်ကို ကျေနပ်ဟန်တော့ မရှိ။

သူရက ခပ်ရှုးရှုး ကြည့်ပြီး မြို့အပြင်သို့ ထွက်သွားပါ၏။

ဦးထွန်းဝသည် ကောင်းသည် ဆိုးသည်မပြောဘဲ အိမ်ပေါ်သို့ တက်သွားပါလေသည်။

ထိုနေ့ညစာ စားပြီးနောက် ချက်ရော ဦးထွန်းဝပါ စကားအထူးအထွေ မပြောဖြစ်ကြတော့ဘဲ အိပ်ရာဝင်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ချက်နှင့် ဦးထွန်းဝအတွက် အဆာပြေ စားသောက်ရန် ဆီထမင်းနှင့် ငါးဖင်းပြားခြောက် ဆီပူထိုးကို ဒေါ်ဓာယု ကျွေးမွေးခဲ့ပါ၏။

ဦးထွန်းဝသည် ချက်အား ရေးမြို့တွင် နေထိုင်ရန် စီစဉ်ပြီးကြောင်း ပြောဆိုခဲ့သည်။

"မင်းအတွက် ငါ ရေးမြို့မှာ နေထိုင်ဖို့ စီစဉ်ပြီးပြီ၊ သူရနဲ့ ဆရာကြီး ဦးအီဆိုင်ကို အကြောင်းကြားလိုက်တယ်။ သူရဆိုတာ ဆရာကြီးဦးအီဆိုင်ရဲ့လက်ရုံးတစ်ဦးပဲ၊ သူရက အသက်လည်း ငါ့ထက် အများကြီးငယ်တယ်၊ ဖျတ်လည်းဖျတ်လတ်တယ်။ ဆရာကြီး ဦးအီဆိုင်အတွက် အားကိုးရတယ်ပေါ့၊ ဆရာကြီး ဦးအီဆိုင်ရဲ့ ညာလက်ရုံး ဘယ်လက်ရုံး သမီးနှစ်



ယောက်ရှိတယ်၊ မိန်းမကြမ်းလေးတွေပဲ၊ ငါက လက်ရုံးတစ်ဆူ မဟုတ်ပေမယ့် အားကိုးအားထားပြုနိုင်လောက်တဲ့ အရည်အချင်း ငါ့မှာရှိတယ်ကွာ၊ ပင်လယ်ပြင်မှာ သူရနဲ့ အတူတူ ကြမ်းနိုင်ရမ်းနိုင်တဲ့အတွက် သူရလိုပဲ ဦးအီဆိုင်ရဲ့ တပည့်လက်သားတွေအပေါ် ငါ့ရဲ့ ဩဇာသက်ရောက်တယ်"

"သူရနဲ့တန်းတူ ငါ့အပေါ် ဆရာကြီး ဦးအီဆိုင်က အခွင့်အရေးပေးပါတယ်၊ ဘာလုပ်ငန်းတွေ လုပ်သလဲဆိုတော့ ဒုစရိုက်လုပ်ငန်းပဲ၊ ငါးလုပ်ငန်းက အယောင်ပြပေါ့။ ချမ်းမြေ့ရိပ်မြုံဆိုတဲ့ ရေးမြို့အစွန်က တိုက်ကြီးဟာ ဦးအီဆိုင်ရဲ့လက်ထက်ပွားတိုက် မဟုတ်ဘူး။ ဦးအီဆိုင် ပေါင်းသင်းနေတဲ့ မိန်းမ ဒေါ်ဆူဇန်ရဲ့တိုက်ပဲ၊ သူ့အရင်ယောကျ်ားက ငါးလုပ်ငန်းနဲ့ ကြီးပွားခဲ့တဲ့ ဦးဝေျှုဆိုတဲ့ သူဌေးတစ်ယောက်ပဲ၊ ဦးအီဆိုင်နဲ့ ဒေါ်ဆူဇန်က ငယ်ပေါင်းမဟုတ်ဘူး၊ ကြီးပေါင်းတွေပဲ၊ ဒေါ်ဆူဇန့်မှာ သမီးတစ်ယောက် သားတစ်ယောက်ရှိတယ်။ သားက ... စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ ရောဂါသည် တစ်ယောက်"

"ဒါဆိုရင် ဒေါ်ဆူဇန် ပိုင်ဆိုင်တဲ့ ရေးမြို့က တိုက်မှာနေတဲ့ ဦးအီဆိုင်ဟာ အရင်က သူဌေးတစ်ယောက်တော့ ဟုတ်မယ်မထင်ဘူးနော် ...၊ ဘကြီးထွန်းဝ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းထင်တာ မမှားဘူး ချက်၊ ဆရာကြီး ဦးအိဆိုင်ဟာ အရင်က ဦးဝေဠုရဲ့ ညာလက်ရုံး တစ်ယောက်ပဲ၊ ရေလုပ်ငန်းကို ကျွမ်းကျင်တယ်။ အစစအရာရာ ဦးဝေဠုအားကိုးရတယ်၊ ဒီလိုနဲ့ ဦးဝေဠု မကျန်းမမာဖြစ်လာချိန်မှာ ဆရာကြီး ဦးအိဆိုင်က သူ့ကိုယ်ကျိုးအတွက် ငွေအလွဲသုံးစားလုပ်လာခဲ့တယ်၊ ဒီတော့ ဦးဝေဠုက ဆရာကြီး ဦးအိဆိုင်ကို အလုပ်က ထုတ်ပစ်လိုက်တယ်၊ ဘာဖြစ်လို့ ဒီလိုပြောနိုင်သလဲဆိုရင် ငါက သူဌေး ဦးဝေဠုပိုင်တဲ့ သင်္ဘောက သင်္ဘောသားတွေကို အုပ်ချုပ်ရတဲ့ ပဲ့နင်းကြီးတစ်ယောက်ပေါ့ကွာ၊ ဒါပေမဲ့ သူဌေး ညာလက်ရုံး ဆရာကြီး ဦးအိဆိုင်ရဲ့ လူယုံတစ်ယောက်ပေါ့"

ချက်သည် မိမိသွားရောက်နေထိုင်ရမည့် နေရာရှိ နေထိုင်သူများ၏ အကြောင်းအရာကို သိထားသင့်၍ စိတ်ဝင်စားစွာ နားထောင်ပါ၏။

ဦးထွန်းဝသည် ချက်ကို အကဲခတ်ပြီးမှ ဆက်ပြောသည်။

"ငါ ဘာကြောင့် ဆရာကြီး ဦးအိဆိုင်ရဲ့ လူယုံဖြစ်နေရသလဲဆိုတာ မင်းမေးစရာ ဖြစ်လာပြီ၊ ငါဟာ အစက တခြားငါးဖမ်းလှေတစ်စင်းက ပိုက်ဦးစီးတစ်ယောက်ပေါ့ကွာ၊ တစ်



နေ့ ရေးဆိပ်ကမ်းမှာ ကျင်လည်ပြီး မိုက်ကြေးခွဲစားနေတဲ့ လူမိုက်အုပ်စု ငါးယောက်တစ်ဖွဲ့က အရက်မူးနေတဲ့ ငါ့ကို အနိုင်ကျင့် ငွေလုကြပါလေရော၊ ငါက ငြိမ်မခံဘူး ပြန်ပြီး တိုက်ခိုက်တယ်၊ ဒါပေမဲ့ ငါက အမူးလွန်နေတော့ ငါ့ဘက်က အခြေအနေမကောင်းဘူးပေါ့ကွာ၊ ပြေးရင် ရပါလျက်နဲ့ ငါ မပြေးခဲ့ဘူး"

"နိုင်သရွေ့ ပြန်ခုခံတယ်၊ အမူးကလည်း အတော်ကို လွန်နေတယ်၊ အများနဲ့ တစ်ယောက်ဆိုသလို ဖြစ်နေတော့ ငါ မရှူမလှခံရတာပေါ့၊ မောင်ချက်ရာ၊ ငါတို့ကလည်း အဲဒီလိုဖြစ်နေကြတာကို ဆရာကြီး ဦးအိဆိုင်က စဖြစ်ကတည်းက ဆိပ်ကမ်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကနေ တွေ့နေခဲ့တယ်လေ၊ နောက်ဆုံး အများနဲ့ တစ်ယောက်ဖြစ်နေတဲ့ ငါ့ဘက်က ကြားဝင်လာတယ်၊ ငါ သက်သာရာရခဲ့တယ်ပေါ့၊ အဲဒီအချိန်ကစပြီး ငါ့ရဲ့ မဟုတ်မခံ စိတ်နဲ့သတ္တိကို အသိအမှတ်ပြုတယ်၊ သူ့လက်အောက်မှာ ငါ့ကို ခိုလှုံခွင့်ပေးခဲ့ပါတယ်"

"ထားပါတော့လေ၊ မင်း သိထားဖို့က ဆရာကြီး ဦးအိဆိုင်ကို တည့်အောင်ပေါင်းသင်းဖို့ပဲ၊ ဒေါ်ဆူဇန်ကတော့ အိမ်ကလေ လုတယ် မရှိဘူး၊ သူ့ဝါသနာက မြို့စေါ်မှာရှိတဲ့ ပိုက်ဆံကြိတ် ဝိုင်းတွေသွားမယ်ပေါ့။ ဒါကလည်း ပိုက်ဆံရှိတဲ့ သူဌေးက

www.burmeseclassic.com

www.burmeseclassic.com



တော် တချို့ရဲ့ အလေ့အထလား၊ ဝါသနာလား မပြောတတ်ဘူးပေါ့ကွာ၊ သူကတော့ ဦးဝေဠု ရှိစဉ်ကတည်းက ဘာသိဘာသာနေတတ်ပါတယ်၊ နောက်တစ်ခု သိထားရမှာက ဆရာကြီး ဦးအီဆိုင် သမီးနှစ်ယောက်ကို တည့်အောင် ပေါင်းပါ၊ ပေါင်းတတ်ဖို့တော့ လိုလိမ့်မယ်”

“စိတ်ချပါ ... ချက် တည့်အောင်ပေါင်းနိုင်ဖို့ ကြိုးစားရမှာပေါ့”

“ဒေါ်ဆူဇန်ရဲ့ သမီးကတော့ ရန်ကုန်မှာပဲ ဘွဲ့ရပြီး အစိုးရဌာနဆိုင်ရာ ရုံးတစ်ရုံးမှာ အမှုထမ်းနေတယ် ... ဒါကတော့ သူ့အဖေ ဦးဝေဠု ရှိစဉ်တဲတည်းကပဲ ... ရန်ကုန်မှာပဲ ဦးဝေဠုရဲ့ညီမတစ်ယောက်ရှိသေးတယ် ... ကြားရတာကတော့ ဒေါ်ဆူဇန်က သူ့သမီးကို အလုပ်ကထွက်ပြီး ရေးကတိုက်မှာပြန်လာနေဖို့ စီစဉ်တယ်ကြားရတာပဲ ... အခုအထိတော့ ရောက်မလာသေးဘူး၊ စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ သူ့မောင်ကို ထိန်းဖို့ထင်ပါရဲ့၊ သူတို့ကိုတော့ မင်းအနေနဲ့ ဂရုစိုက်စရာမလိုပါဘူး ... ချမ်းမြေ့ရပ်မြို့ အရှင်သခင်ဟာ ဆရာကြီး ဦးအီဆိုင်ပဲ၊ ဒါကိုပဲ ချက် သိထားဖို့ပဲ”

ဦးထွန်းဝသည် ရှည်လျားစွာ ရှင်းပြပါလေသည်။



ချက်သည် မိမိ၏ အဝတ်အစားများကို သိမ်းဆည်းလိုက်သည်။ ဦးထွန်းဝ အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။

နေ့လယ်ခင်းတွင် ဦးထွန်းဝ ပြန်ရောက်လာပြီး ... ချက်နှင့်အတူ ဒေါ်ဇာယု ပြင်ဆင်ကျွေးမွေးသော နံနက်စာ ထမင်းကို စားသောက်ကြပါ၏။

ဦးထွန်းဝသည် ဒေါ်ဇာယုအား အိမ်စောင့်ထားပစ်ခဲ့ပြီးနောက် ရေးသို့ သွားရန် ချက်နှင့်အတူ အိမ်မှ ထွက်ခဲ့သည်။

ရေးသို့ ပြေးဆွဲသော ဟိုင်းလတ်(စ)ကားတစ်စီးနှင့် ဦးထွန်းဝနှင့် ချက်တို့ လိုက်ပါခဲ့ကြသည်။ အစင်ရွာသို့ ခြေချစဉ်က အတိုင်း ချက် စောင့်ခဲ့သည်။

အစင်ရွာကြီးက ကျန်ရစ်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ရေးနှင့် အစင်ရှာသည် (၇)မိုင်ခွဲခန့် ရှိပေမည်။

တစ်ရီခန့်မရှိတတ်ရှိတတ်ကြာမည်ဟု ချက်ခန့်မှန်းမိသည်။ ရေးကားဂိတ်မှဆင်းကာ ဆိုင်ကယ်ကယ်ရီတစ်စီးစီ ဦးထွန်းဝကငှားသည်။ နီညိုရောင် သားရေပျော့ကျောပိုးအိတ်ကို ချက် နေရာပြောင်းလွယ်လိုက်၏။

ဦးထွန်းဝသည် ဆိုင်ကယ်ကယ်ရီ ဆွဲသူများအား ဦးအီဆိုင်အမည်ကိုပြောသည်။ ဆိုင်ကယ်ကယ်ရီ ဆွဲသူများက မျှာမျှာသလဲ ခေါင်းညိတ်သည်ကို ချက် တွေ့ရသည်။

ဦးအီဆိုင်၏ အရှိန်အဝါသည် မသေးလှဟု ချက်တွက်မိပါ၏။ ဆိုင်ကယ်တစ်စီးဖြင့် ဦးအီဆိုင်၏ တိုက်သို့ ထွက်ခဲ့ကြသည်။



ရေးတွင် ဆိုင်ကယ်စီးသူပေါလှပါလေသည်။ ရေးလမ်းမကြီးများ၊ လမ်းသွယ်များတွင် ကိုယ်ပိုင် ဆိုင်ကယ်များရော ကယ်ရီဆိုင်ကယ်များပါ ရှုပ်ထွေးနေခဲ့ပါ၏။

ရေးမြို့မှာ နယ်မြို့တစ်မြို့ဖြစ်၍ ကွက်ကျဉ်းလှသည်ဟု မဆိုသာပါ။ နေချင်စဖွယ် ကောင်းသော မြို့ပဲဖြစ်ပါလေသည်။

ဆိုင်ကယ်နှစ်စီးက စက်ရှိန်ကို မြှင့်၍ မောင်းနှင်ခဲ့ကြသည်။

ဦးအီဆိုင်၏ ချမ်းမြေ့ရိပ်မြိုတိုက်မှာ ရေးမြို့တွင်းတွင် မဟုတ်ဘဲ မြို့ပြင်မှာပဲ ဖြစ်ပါလေ၏။

ဆိုင်ကယ်ကယ်ရီနှစ်စီး ရပ်တန့်သွားသည်။

ဦးထွန်းဝက ဆိုင်ကယ်ကယ်ရီခငွေ ရှင်းပေးလိုက်သည်။ ခြံဝတွင် အုတ်တိုင်နှစ်တိုင်ရှိပြီး ကြီးမားခိုင်ခံ့သော စည်းရိုးတံခါး၏ အုတ်ရိုးတိုင်များ ဖြစ်ပါ၏။

စည်းရိုးတံခါးမှာ သံပန်းတံခါးများဖြစ်၏ အုတ်တိုင်နံရံ မျက်နှာစာ နှစ်ဘက်ပေါ်တွင် အရှည်လိုက် မှန်စီကာ ချမ်းမြေ့ရိပ်မြိုဟု ထွင်းကပ်ထားပါလေ၏။

ခြံ၏ ထောင့်ညာဘက်တွင် အစောင့်အိမ် ရှည်မျှောမျှောကလေးရှိပါ၏။ ဆိုင်ကယ် ကယ်ရီနှစ်စီးက ခြံရှေ့မှ ပြန်ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သီးပင် စားပင်များဖြင့် အုပ်ဆိုင်းညို့မှိုင်းကာ ခြံ၏ အလယ်တွင် ကြီးမားသော ဥရောပပုံစံ နှစ်ထပ်တိုက်ကြီးကို ချက်တွေ့နေရသည်။

ရှေးက မျက်နှာဖြူအရာရှိကြီးတစ်ဦးဦး ဆောက်လုပ်နေထိုင်သွားသော တိုက်အိမ်ကြီးဖြစ်နိုင်ပါ၏။ နီစွေးသော အုတ်များဖြင့် အကွက်ဖော်ထားပြီး မည်သည့်ဆေးမှ သုတ်ထားခြင်း မရှိပေ။

အစောင့် အိမ်ကလေးထဲမှဆိုင်ကယ်သံကြားရ၍ ထင်သည်။ အစောင့်တစ်ဦး ထွက်လာခဲ့ပါ၏။

အစောင့်က တုတ်ခိုင်သော လူတစ်ဦးဖြစ်ကာ အသက်(၄၀)ခန့် ရှိပေမည်။

ခါးမှ သော့တွဲဖြုတ်ကာ အစောင့်သည် တံခါးဖွင့်ပေးခဲ့ပါ၏။

ခြံအတွင်းသို့ ဦးထွန်းဝနှင့်အတူ ချက် ဝင်လိုက်ပါလေသည်။



## အခန်း(၆)

တိုက်၏ အောက်ထပ်မှာ လျှာထိုးပျဉ်များ ခင်းထားသည်။ နီညိုရောင် မပေဟ်ဂနီအသွေးဖြင့် တဖိတ်ဖိတ်တောက်ပနေခဲ့သည်။ အောက်ထပ်မှာ ချယ်ဝန်းပါလေသည်။

ကနုတ်ပန်းထုထားသော ကျွန်းဆက်တီခုံများကို တွေ့ရသည်။ ရေမြှုပ်အခင်းကို နီညိုရောင်ကတ္တီပါ အစွပ်များစွပ်ကာ ဆက်တီခုံများတွင် ခင်းထားခဲ့သည်။

"မောင်ရင် ဒီမှာ ခဏနေခဲ့၊ ကျုပ် အပေါ်ထပ်ကိုတက်ပြီး ဆရာကြီး ဦးအီဆိုင်နဲ့ တွေ့လိုက်ဦးမယ်၊ မကြာပါဘူး"

ဦးထွန်းဝသည် ချက်အား ထားခဲ့ကာ တိုက်အောက်ထပ် ညာထောင့်ရှိ ကျွန်းလှေကားပေါ်မှ တိုက်အပေါ်ထပ်သို့ တက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်က ကျွန်းဆက်တီခုံကြီးတစ်ခုံမှာ ဝင်ရောက်ထိုင်လိုက်သည်။ ဆက်တီခုံများ အလယ်တွင် အမြင့်နှစ်ပေခွဲခန့်ရှိ ကျွန်းစားပွဲရှည်တစ်လုံး ရှိပါ၏။

ကျွန်းစားပွဲရှည်ပေါ်တွင် ခြောက်လက်မအရှည် ထုနှစ်လက်မခန့်ရှိ သစ်သားခုံပေါ်တွင် ဆင်စွယ်ရိုးနှစ်ရိုးကို (၄)လက်မခန့်ခွာကာ မောင်းသေးသေးတစ်ခုကြိုးဖြင့် ဆိုင်းထားသည်။

မောင်းလက်ခတ်တံ တစ်ခုကိုပါ တွေ့ရသည်။

အောက်ထပ်တွင် အိပ်ခန်းတစ်ခန်း၊ မီးဖိုဆောင်နှင့် ရေချိုးခန်းတစ်ခန်းကို တွေ့ရသည်။ သန့်စင်ခန်းက သီးခြားတွေ့ရ၏။

အခန်းဖွဲ့စည်းပုံ ရှင်းသည်။

အပေါ်ထပ်သို့ တက်သည့် လှေကားအောက်တွင် စတိုခန်းတစ်ခန်းကို တွေ့ရသည်။ အခန်း၏ သော့မှာ ဖွင့်ခြင်းပိတ်ခြင်း ရှိဟန်မတူ။

တိုက်အောက်ထပ် တစ်ထပ်လုံး ပြောက်လက် သန့်ရှင်းနေသော်လည်း စတိုခန်း၏ အပြင်ဘက် နံရံရှိ မီးခိုးရောင်ဆေးသားမှာ ပျက်နေခဲ့ကာ အရုပ်ဆိုးအကျည်းတန်လွန်းနေပါ၏။

အောက်ထပ်ရှိ မျက်နှာကြက်မှာ နီညိုရောင် ပျဉ်ချပ်များကို ခန်းလုံးပြည့် ရိုက်ထားသည်။



မျက်နှာကြက်သည် အလယ်တွင် မီးဆိုင်းတစ်ဆိုင်း၊ အခန်းထောင့်မကျတကျ လေးဘက်လုံး မီးဆိုင်းတစ်ဆိုင်းစီသာ ရှိသည်ကို တွေ့ရပြီး နံရံမှမှု မူလအုတ်ကွက်အတိုင်း နီစွေးစွေးပဲ ဖြစ်ပါလေသည်။

ထူးခြားသည်မှာ တစ်အိမ်လုံး တိတ်ဆိတ်နေခဲ့ပြီး မည်သူ့ကိုမျှ မတွေ့ရခြင်းပဲ ဖြစ်ပါလေ၏။

ဦးထွန်းဝသည် အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် ခပ်ဖွံ့ဖွံ့ရှိ၍ အသားဖြူဖြူ မျက်နှာပေါက်တင်းတင်း၊ ဆံပင်ကို သေသပ်စွာ ဖြီးထားသော အသက် ငါးဆယ်ကျော်ခန့်ရှိ လူတစ်ဦးနှင့် လှေကားမှ ဆင်းလာခဲ့ပါ၏။

ဦးအိဆိုင်ဟူသော ပုဂ္ဂိုလ်ကြီးပဲ ဖြစ်ရန်သေချာပါသည်။ ဆက်တီခုံသို့ ဦးထွန်းဝနှင့်အတူ လျှောက်လာခဲ့ကြသည်။

ချက်သည် ဂါဝရတရားအရ ထိုင်ရာမှ မတ်တတ်ရပ်ဆိုက်ပါလေ၏။ သူ၏ နှုတ်ခမ်းထောင့်လေး မသိမသာ ကွေးကာ မှုံ့ရိုပ်သမ်းသွားခဲ့သည်။ သူ့အကြည့်က စူးရှလွန်းသည်။

"ထိုင်ပါ မောင်ရင်၊ ကိုထွန်းဝလည်း ထိုင်ပါ"

ချက်နှင့် မျက်နှာချင်းဆိုင်တွင် ဦးအိဆိုင်က ထိုင်သည်။ ဦးထွန်းဝက ချက်နှင့် ဦးအိဆိုင်ကြားရှိ စားပွဲရှည်ထိပ်တွင် ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအီဆိုင်အား တွေ့ရသလို ချက်ကိုလည်း တွေ့ရသည့် အနေအထားဖြစ်ပါ၏။

"ဒါ ဆရာကြီး ဦးအီဆိုင်ပဲ ချက်"

"သူက ကျွန်တော့်ဆီမှာလာပြီး ခိုနေတဲ့ မိတ်ဆွေလေးတစ်ဦးဆိုပါတော့ ဆရာကြီး၊ ကျွန်တော့်တူ အံသွင်ရဲ့ အပေါင်းအသင်းတစ်ဦးပါ"

"ဦးထွန်းဝ မှာလိုက်တဲ့အတိုင်း သူ့ရ ပြောပြလို့ သိထားပြီးပါပြီ။ မောင်ရင်လေးချက်က အသတ်အပုတ်ကျွမ်းကျင်ပါတယ်လို့ သူ့ရဲ့ရော သဝိတ်ပါ ကျုပ်ကို ပြောပြကြတယ်။ သူ့ရက သဝိတ်ရော သူပါ မောင်ရင်လေးချက်နဲ့ တိုက်ခိုက်ကြတာကိုလည်း ပြောပြခဲ့ပါတယ်"

"ချက်လို့ပဲ ခေါ်နိုင်ပါတယ် ဆရာကြီး။ အသတ်အပုတ်ကျွမ်းကျင်လို့တော့ ပြောရင် ရနိုင်ပါတယ်၊ ကျွန်တော် ငယ်ငယ်ကတည်းက တက္ကသိုလ် ရောက်တဲ့အထိ မော်ဘီဘက်က သိုင်းဆရာကြီးတစ်ဦးဆီမှာ သိုင်းသင်ခဲ့ဖူးပါတယ်၊ ကိုသူ့ရနဲ့ သဝိတ်ကလည်း မညံ့ပါဘူး ဆရာကြီး"

ချက်သည် ဦးထွန်းဝကို ကြည့်လိုက်ပြီး ဦးအီဆိုင်ဘက်သို့ လှည့်ကာ ပါးပါးနပ်နပ် ဖြေကြားပါလေသည်။



ချက် အပြောကြောင့် ဦးအီဆိုင် မျက်နှာပေါ်တွင် ပြုံးရိပ်သမ်းပါ၏။

"ချက်က သိုင်းသမားကောင်းပီသပါတယ်၊ ပညာရှင် တစ်ယောက်ဆိုတာ ကိုယ့်အကြောင်းဘယ်တော့မှ မဖော်ထုတ်တတ်ကြဘူး၊ ကိုယ့်ပညာအတိမ်အနက်ကို သိမှာကြောက်ကြတာပဲ၊ ကြောင်လက်သည်းဖုက်တတ်သလိုမျိုးပေါ့။ ကျုပ်က ငါးလုပ်ငန်းကို အယောင်ပြပြီး မဟုတ်တာတွေချည်းပဲ လုပ်စားတာ၊ သူတော်ကောင်းမဟုတ်ဖာ သေချာတယ်။ ကျုပ်အလုပ်က တရားဥပဒေနဲ့ မကာင်းရာမကာင်းကြောင်းချည်းပဲ ... ကျုပ်ဆီမှာလုပ်တဲ့ သူတွေဟာ ဘယ်သူမှ လူကောင်းလူတော် မရှိဘူး။ လူမိုက်လူဆိုးတွေပဲ ချက်၊ ဒီတော့ ကျုပ်ဆီမှာ ထိုက်ထိုက်တန်တန် ငွေကြေးကို ဆောက်ရွက်ရတဲ့ လုပ်ငန်းပေါ်မူတည်ပြီး အလျဉ်းသင့်သလို ရကြတယ်၊ တစ်ခုတော့ ရှိတယ်၊ ခေါင်းဆောင်က ခေါင်းဆောင်နဲ့ ထိုက်တန်တာရမယ်၊ နောက်လိုက်က နောက်လိုက်နဲ့ ထိုက်တန်တာပဲရမယ်။ မောင်ရင်လည်း လုပ်ဖို့စဉ်းစားပါ၊ လုပ်သင့် မလုပ်သင့်ပေါ့လေ"

"တစ်ခုတော့ရှိတယ် ကျုပ်ရဲ့ အရိပ်ကိုခိုပြီး ကျုပ်ကို သစ္စာဖောက်မယ်ဆိုရင်တော့ မညှာဘူး၊ အဲဒီလူကို ကျုပ်က ငရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘုံကို ပို့ပစ်လိုက်တာပဲ၊ ကျုပ်ရဲ့ လုပ်ငန်းထဲမှာ လုပ်ကိုင်တဲ့ လူကို ကျုပ် အဖွဲ့ထဲကလည်း ဘယ်တော့မှ ထွက်ခွင့်မပေးဘူး၊ ကျုပ်ကို သစ္စာရှိရင်ရှိသလို ကျုပ်က စောင့်ရှောက်ဖို့ ဝန်မလေးဘူး။ မောင်ရင့် အကြောင်းကို ကျုပ်သိချင်တယ်။ တိုတိုနဲ့ လိုရင်းပဲပြောပြီးရင် တစ်ထိုင်တည်း အလုပ်ကိုလုပ်မယ် မလုပ်ဘူးပြောပါ၊ ကျုပ်လုပ်ငန်း အသေးစိတ်ကို အခု လောလောဆယ် မောင်ရင် သိဖို့မလိုဘူး"

ဦးအီဆိုင်က အပြတ်ပြောသည်။

ချက်အဖို့ စဉ်းစားစရာ မလိုတော့။

ဘာပဲပြောပြော ချက်သည် တရားခံပြေးမို့ မိမိကို အကာအကွယ်ပေးနိုင်သည့် ဦးအီဆိုင်၏ အရိပ်ကို ခိုလှုံရန်မှအပ အခြားမရှိပြီ။

ချက်သည် ဦးအီဆိုင်ကို တိုတိုနှင့် လိုရင်းပဲ ပြောပါ၏။

"ကျွန်တော့် ရည်းစားနဲ့တွဲတဲ့ လူရော ကျွန်တော့်ရည်းစားကိုပါ ရန်ကုန်မှာ သတ်ပြီး ရေးကို ပြေးလာတာပဲ၊ ကျွန်တော့်အဒေါ်နဲ့ ရန်ကုန်မှာ နှစ်ယောက်တည်းနေတာပါ ဆရာကြီး၊ ကျွန်တော် ဘယ်ကိုပြေးတယ်ဆိုတာတောင် ဒေါ်လေးခမျာ မသိရှာပါဘူး။ ရန်ကုန်တက္ကသိုလ် ဘွဲ့တစ်ခု ကျွန်တော်ရ



တယ်၊ တရားခံပြေး မဖြစ်ခင်ကတော့ ဆောက်လုပ်ရေးကုမ္ပဏီမှာ အငယ်တန်း မန်နေဂျာ လုပ်ခဲ့ပါတယ်"

"ကောင်းပြီလေ၊ အလုပ်ကိုလုပ်ဖို့ ကိစ္စကိုကော"

"ကျွန်တော် ဆရာကြီးဆီကို အလုပ်လုပ်ဖို့ လာခဲ့တာပါ၊ ပြင်စရာမလိုတော့ပါဘူး"

ပြတ်သားစွာပဲ ချက် ပြောလိုက်ပါ၏။

"ဒါဆိုရင် မောင်ရင့်ကို ခြံစောင့် ဖိုးအာ သေးက အခန်းမှာ ထားပေးမယ်၊ အဲဒီအခန်းမှာ မောင်ရင်နေပေါ့၊ ကျုပ် ခြံထဲမှာနေတာက ကျုပ်မိသားစုဝင်တွေရယ်၊ ခြံစောင့်ဖိုးအာရယ်၊ ကျုပ် လက်ရုံး သူရရယ်ပဲ နေကြတယ်၊ မောင်ရင်က ဒေသခံ မဟုတ်တဲ့အတွက် အခွင့်အရေးပေးတာပဲ ဆိုပါတော့၊ ပြီးတော့ မောင်ရင်က ကိုထွန်းဝနဲ့ ဆက်သက်နေတဲ့အတွက် အဆင်ပြေအောင် စီစဉ်ပေးတာပါ။ အခုတော့ မောင်ရင် လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်၊ နောက်နှစ်ရက်လောက်မှာတော့ ကျုပ်တို့ အလုပ်တစ်ခုရှိတယ်၊ ဘယ်ကိုသွားရမယ်ဆိုတာ အဲဒီနေ့ကျမှ ပြောမယ်၊ ကိုထွန်းဝရော ချက်ပါ တစ်ခုခုစားကြဦး"

ဦးအီဆိုင်သည် စားပွဲပေါ်မှ မောင်းလက်ခတ်တံကို ကောက်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ခတ်တံဖြင့် မောင်းကို သုံးချက်တိတိ ဦးအိဆိုင် ထုလိုက်ပါလေသည်။

"နောင် ... ၊ နောင် ... ၊ နောင် ... ၊"

သာယာသော မောင်းသံ ပျံ့လွင့်သွားသည်။

သည်ဘက်ခေတ်မှာ အိမ်ရှိ အိမ်ဖော်များကိုငင်း၊ အိမ်သားများကို ငင်း အကြောင်းကြီးငယ်ရှိ၍ စကားပြောလိုလျှင် မောင်းထုခေါ်သည့် အလေ့ရှားပါးသွားပြီ ဖြစ်ပါ၏။

ဘာပဲဖြစ်ဖြစ် ချက်သည် ဤအလေ့အထကို နှစ်သက်မိသည်။ လူ့ယဉ်ကျေးမှုအရတော့ မှန်သည်ဆိုရလေမည်။

ခေ့်သည်များ ရှေ့ထားကာ အော်ကြီးဟစ်ကျယ် ခေါ်စရာမလို။ ပြီးတော့ သာယာသော မောင်းသံဖြင့် ခေါ်သည်မို့ ယဉ်ကျေးသည်ဟု ဆိုနိုင်ပါလေ၏။

မီးဖိုဆောင်မှ အသက်သုံးဆယ်စွန်းစ မိန်းမရွယ်တစ်ယောက် ထွက်လာခဲ့သည်။ သူမ၏ လက်ထဲတွင် ကော်ဖီသုံးခွက်နှင့် မုန့်တစ်ပန်းကန်ယူလာသည်။

မောင်းသံသည် သင်္ကေတတစ်ခုပဲ ဖြစ်လိမ့်မည်။

မုန့်ပန်းကန်နှင့် ကော်ဖီခွက်ကို အိမ်ဖော်မိန်းမရွယ်က ချပေးခဲ့၏။ မလေးဘက်မှ ဝင်လာသော ဘီစကစ်မုန့်များပဲ ဖြစ်သည်။



"ကိုထွန်းဝရော ချက်ပါ စားကြပါဦး"

ဦးအိဆိုင်က ဧည့်ဝတ်ပြုသည်။

ကော်ဖီနှင့် မုန့်ကို စားသောက်လိုက်ကြပါ၏။

ကော်ဖီကို တစ်ငုံမျှသောက်ရင်း ဦးအိဆိုင်က ... ။

"သူနာမည်က ချက်တဲ့၊ ဖိုးအာ ဘေးက အခန်းလွတ်ကို ရှင်းပြီး အိပ်ရာစီစဉ်ပေးပါ၊ အဲဒီအခန်းမှာ သူနေလိမ့်မယ်၊ နံနက်စာ၊ ညစာကို ချမ်းမြေ့ရိပ်မြုံမှာရှိတဲ့ သူတွေစားတဲ့ အတိုင်း ပို့ပေးပါ၊ ချက်ကိုလည်း ချမ်းမြေ့ရိပ်မြုံ မိသားစု အဖြစ် ကျုပ် သတ်မှတ်လိုက်ပြီ ဆိုပါတော့"

"ဟုတ်ကဲ့ ဆရာကြီး"

"အေး ... အဲဒါဆိုရင် မြသွယ် ပြန်တော့ ... ၊ ပြီးမှ စားထား သောက်ထားတာတွေ လာပြန်သိမ်းပါ ... "

မြသွယ် ခေါင်းညိတ်ပြပြီး အောက်ထပ်ရှိမီးဖိုဆောင်သို့ ပြန်လည်ထွက်ခွာသွားပါ၏။

"ကျုပ်ကို ပြန်ခွင့်ပြုပါဦး ဆရာကြီး ... "

"ကောင်းပြီ ကိုထွန်းဝ၊ နောက်နှစ်ရက်ကြာရင်၊ ညနေပိုင်း ဒီကို အရောက်လာခဲ့ပါ"

"စိတ်ချပါ ဆရာကြီး၊ ကျုပ် လာခဲ့ပါမယ်"

ဦးထွန်းဝ ဆက်တီခုံမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်၊ ဖိုးအာကို ကိုထွန်းဝ ပြောလိုက်ပါဦး၊ ချက်ကို အခန်းပြပေးဖို့အတွက် အခုလာခဲ့ဖို့ ကျုပ် မှာလိုက်တယ်ပြော"

ဦးထွန်းဝသည် ဦးအီဆိုင်အား ခေါင်းညိတ်ပြပြီး ထွက်ခွာသွားတော့သည်။

ချက်နှင့် ဦးအီဆိုင်တို့ ကော်ဖီနှင့် မုန့်ကို လက်စသပ်စားလိုက်ကြသည်။

ခဏအကြာတွင် ခြံစောင့် ကိုဖိုးအာ ရောက်ရှိလာခဲ့သည်။

မီးဖိုဆောင်မှ မြသွယ် ပြန်လည်ကာ ရောက်ရှိလာသည်။ သူမသည် အသင့်ပါလာသော လင်ပန်းထဲသို့ ကော်ဖီနှင့် မုန့်ပန်းကန်များကို ထည့်၍ သိမ်းဆည်းကာ မီးဖိုဆောင်သို့ ပြန်၍ ထွက်သွားပါလေသည်။

ကိုဖိုးအာက အနီးတွင် ရပ်၍ နေခဲ့သည်။

"ဖိုးအာ၊ ဒါ ချက်လို့ခေါ်တယ်၊ ကျုပ် အဖွဲ့ထဲမှာ အလုပ်လုပ်မယ့် လူသစ်တစ်ယောက်ပေါ့၊ အဲဒါ မင်းဘေးက အခန်းကို ခေါ်သွားလိုက်ပါ၊ အစ,စအရာရာ သူ လိုတာရှိရင် ကူညီလိုက်ပါ၊၊ ဘေးအခန်းသော့ သူ့ကို အပ်လိုက်ပါ၊ ခဏနေရင် မြသွယ် ရောက်လာလိမ့်မယ်၊ ပိုင်းပြီး အခန်းရှင်းပေးလိုက်ပါ ဖိုးအာ"



"ဟုတ်ကဲ့ ဆရာကြီး"

ဦးအီဆိုင်သည် ထိုင်ရာမှ ထ,ကာ အပေါ်ထပ်သို့ တက်သွားခဲ့တော့သည်။

ထိုင်ရာမှ ထ,ကာ ချက်သည် ကိုဖိုးအာ နောက်သို့ လိုက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအာနှင့်အတူ ချက် ခြံထဲသို့ လျှောက်ခဲ့သည်။

နီစွေးစွေးတိုက်ကြီးမှ ခြံအနောက်ဘက်သို့လျှောက်ခဲ့ကြသည်။

ဒူးရင်းပင်၊ ကြက်မောက်ပင်၊ ပိန္နဲပင်ကြီးများ၊ ဒီရေရောက် ဒေသရှိ ပေါက်ရောက်ရာ အပင်ကြီးများ ယှက်မိုးအုပ်ဆိုင်းနေခဲ့သည်။

ချမ်းမြေ့ရိပ်မြုံ ခြံကြီးမှာ ကျယ်ဝန်းလှပါ၏။

ခြံ၏ အနောက်ဘက်သို့ အတော်လေးပင် လျှောက်ရသည်။ ခြံအနောက်ဘက်တွင် နှစ်ခန်းတွဲ တိုက်ခံ အိမ်ကလေးများ ဟိုဘက်ထောင့်သည်ဘက်ထောင့်တွင် အနည်းငယ်ခွာကာဆောက်လုပ်ထားသည်။



ညာဘက်ထောင့် တိုက်ခံအိမ် နှစ်ခန်းတွဲရှိရာသို့ ကိုဖိုးအာ လျှောက်ခဲ့သည်။

ညာဘက်အခန်းမှာ သော့ခတ်ထားခြင်း မရှိ၊ ဘယ်ဘက်အခန်းမှာ သော့ခတ်ထားသည်ကို တွေ့ရသည်။

ဘယ်ဘက်အခန်းသို့ မသွားဘဲ ညာဘက်အခန်းသို့ ကိုဖိုးအာက တံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

"လာဗျာ၊ ကိုချက် သည်မှာခဏနေဦး၊ ကျုပ် ဟိုဘက်အခန်းကို သော့ဖွင့်ပြီး ရှင်းလင်းလိုက်ဦးမယ်"

တိုက်ခံအိမ် အခန်းထဲသို့ ချက် ဝင်လိုက်သည်။

အခန်းမှာ အတော်ပင် ကျယ်ဝန်းကာ အိပ်ခန်းတစ်ခန်းပါရှိသည်။ ရေချိုးခန်း၊ သန့်စင်ခန်းပါ ရှိ၏။ သာမန် မိသားစုသုံးလေးဦး နေထိုင်နိုင်ပါလေသည်။

သစ်သား ဆက်တီခုံ လေးလုံးချထားပြီး အလယ်တွင် စားပွဲပုတစ်လုံးထားရှိပါ၏။ ဆက်တီခုံတစ်ခုံတွင် ချက် ဝင်ထိုင်လိုက်သည်။

ကိုဖိုးအာ အိပ်ခန်းထဲသို့ ဝင်သွားသည်။

တစ်ခဏမျှ အကြာတွင် ပြန်ထွက်လာသည်။ သော့တန်းနှစ်ချောင်းပါသော သော့ကွင်းကို လက်မှ ကိုင်ကာ ပြန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ ကူရှင်းပေးမယ်လေ ကိုဖိုးအာ ... "

"နေပါစေ ကိုချက်၊ ကျုပ်နဲ့ မြသွယ် ရှင်းလင်းလိုက်ပါ့မယ်၊ ကိုချက်က ခရီးပန်းလာတာပဲ၊ အေးအေးလူလူနေပါဗျာ"

ကိုဖိုးအာက ပြောပြီးနောက် တိုက်ခန်းအတွင်းမှ ထွက်ခွာသွားခဲ့လေသည်။

ကျောပိုးအိတ်ကို စားပွဲပုလေးပေါ်သို့ ချက် တင်လိုက်ကာ ခြေဆန့်လက်ဆန့် အနားယူလိုက်မိသည်။

မိနစ်အနည်းငယ်အကြာတွင် တစ်ဘက်အခန်းမှ ကိုဖိုးအာ ပြန်လည်ရောက်ရှိလာသည်။ သူ၏ လက်တွင်းမှ သော့ကို ချက် အားပေးလာခဲ့ပါ၏။

"လာ ... ကိုချက်၊ ဒီသော့က ကိုချက် အခန်းသော့ပါ၊ အားလုံး ပြင်ဆင်ထားပြီးပြီ၊ အနားယူမယ်ဆိုရင် ယူလို့ရပါပြီ"

ချက်သည် ကိုဖိုးအာနှင့် တစ်ဘက်အခန်းသို့ ကူးခဲ့သည်။

အခန်းဖွဲ့စည်းပုံသည် ... တစ်ဘက်ခန်း ဖွဲ့စည်းပုံ အတိုင်းဖြစ်ပါ၏။ အိမ်ဖော် မြသွယ်ကို မတွေ့ရတော့။

ချက်အား ... ပို့ပေးပြီးနောက် ကိုဖိုးအာ တိုက်ခန်းအတွင်းမှ ထွက်သွားခဲ့သည်။ တိုက်ခန်းတံခါးမှာ တံခါးရွက် တစ်ရွက်တည်းသာ ရှိသည့် ကျွန်းတံခါးရွက်ဖြစ်သည်။ သော့ပိတ်လိုက်သည်။



ခုတင်ပေါ်တွင် ရေမြှုပ်မွေ့ရာကို ဖြူနွေးသော အိပ်ရာခင်းဖြင့် ခင်းထားပါလေသည်။ ခေါင်းအုံးနှစ်လုံး၊ ဖက်အုံးတစ်လုံးနှင့် ချည်စောင်တစ်ထည် မွေ့ရာပေါ်တွင် ရှိပါ၏။

မွေ့ရာမှစ၍ အားလုံး ပင်လယ် ရေမြှုပ်သားချည်းပဲ ဖြစ်ပါလေ၏။

ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ ... ဟတ်ရှူးနှင့် ခြေစွပ်ကို ချွတ်လိုက်သည်။

ပြီးတော့ အိပ်ရာပေါ်တွင် ချက် လှဲလျောင်းလိုက်ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ညအမှောင်က ဖုံးလွှမ်းစပြုပါ၏။

ညနေစောင်းတွင် မြသွယ်က ချက် စားရန် ထမင်းအုပ်နှင့် ပန်းကန်၊ ဇွန်းခရင်း၊ လက်သုတ်ပဝါတို့ကို လင်ပန်းတစ်ချပ်နှင့် သယ်ကာ တိုက်ခံအိမ်ကလေးသို့ လာပို့ပေးသည်။

ကင်းမွန်သုပ်၊ ဂဏန်းအသားချည်းပေါင်းကာ ဟင်းချိုတစ်ခွက်ပါသည်။ ချက် ကြိုက်တတ်သည့် ပင်လယ်စာပဲ ဖြစ်သည်။ မြသွယ်က ပို့ပေးပြီးသည်နှင့် ချမ်းမြေ့ရိပ်မြုံတိုက်ကြီးသို့ ပြန်သွားသည်။

စားသောက်ပြီးစီးတော့ ချက် ဆေးကြောကာ လင်ပန်းအတွင်း ထည့်၍ အခန်းရှေ့ရှိ စားပွဲပေါ်တွင် တင်ထားလိုက်သည်။



မှောင်လာပြီမို့ အခန်းနံရံရှိ မီးခလုတ်ကို ဖွင့်လိုက်သည်။

အခန်းတွင်း လျှပ်စစ်မီးရောင်ကြောင့် လင်းထိန်သွားခဲ့ပါ၏။

ချက်သည် အခန်းရှေ့ရှိ သစ်သား ဆက်တီခုံမှာပဲ ခြေဆန့် လက်ဆန့်နေခဲ့မိပါလေသည်။

ခြံအတွင်းသို့ ဆင်းမည်ဟု ဆုံးဖြတ်ပြီး ထိုင်ရာမှ ထသည်။ အခန်းတံခါးကို ဖွင့်ကာ အပြင်သို့ ချက် ထွက်လိုက်ပါ၏။

တိုက်ခန်းကလေးမှ အထွက်တွင်ပင် ကိုဖိုးအာနှင့် ဆုံခဲ့သည်။

"ကိုချက် ဘယ်သွားမလို့လဲ"

"ဘာရယ် မဟုတ်ပါဘူး ကိုဖိုးအာ၊ ညအစောပိုင်း ကျွန်တော် မအိပ်တတ်တာများတယ်၊ ခြံထဲဆင်းလျှောက်မလားလို့ပါ။ ကိုဖိုးအာရော ဘယ်လဲ"

"ကိုချက် အခန်းကို လာလည်တာပါ"

"ဒါဆိုရင် ခြံထဲ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့ ကိုဖိုးအာ၊ အညောင်းလည်းပြေ အပျင်းလည်းပြေတာပေါ့ဗျာ"

ချက် အပြောတွင် ကိုဖိုးအာ ခေါင်းညိတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံတစ်သံကို ကြားရ၏။ ချက်နှင့်ကိုဖိုးအာသည် စကားမပြောဖြစ်တော့ဘဲ ဒေါ်ကွန်းထော် အိမ်ကလေးရှိရာသို့ ဆက်လျှောက်ကြသည်။

ခဏအကြာတွင် ခြောက်ဆယ်နီးပါးခန့် အရပ်ရှည်ရှည် လူကြီးတစ်ဦးကို လရောင်ဖြင့် တွေ့ရပါ၏။

ထိုသူ၏ လက်ထဲတွင် လက်နှိပ်ဓာတ်မီး တစ်လက်နှင့် တုတ်တိုဓာတ်ချောင်း ကိုင်ထားသည်ကို တွေ့ရပါလေ၏။

ညစောင့် ဦးထွန်းမြိုင်ပဲ ဖြစ်နိုင်သည်။

"ဖိုးအာ၊ ဘယ်လဲ"

ဦးထွန်းမြိုင်၏ အကြည့်က ... ချက်ထံ ရောက်လာသည်။

"ဒေါ်ကွန်းထော်တို့ အိမ်ကို သွားမလည်မလို့၊ ဒါက ချက်တဲ့ ဆရာကြီးအဖွဲ့ကို ရောက်လာတဲ့ လူသစ်လေ၊ ကျုပ်အခန်းဘေးမှာနေတာ၊ ဦးထွန်းဝ လာပို့ထားတာ"

"အော် ... အော် ... ၊ ဆရာကြီးတော့ ပြောထားပါတယ်၊ လူတော့ အခုမှပဲ မြင်ဖူးတာ"

"ချက် ... ဒါ ဦးထွန်းမြိုင်တဲ့၊ ကျုပ်နဲ့ နေ့တစ်လှည့် ညတစ်လှည့် ချမ်းမြေ့ရိပ်မြုံကို စောင့်ကြပ်ရတဲ့ တာနောယကပေါ့ဗျာ ... ၊ ဟဲဟဲ"



"မလုပ်ပါနဲ့ ဖိုးအာရယ်၊ နဂိုကတည်းက ကျုပ်ရုပ်က မလှရတဲ့အထဲ မှဲ့ပြဲဆိုတာလို ဘီလူးနဲ့ မနှိုင်းပါနဲ့ကွာ၊ မောင်ရင်လေးချက် ကြောက်သွားပါဦးမယ်"

ဒေါ်ကွန်းထောက်နှင့် မြသွယ်တို့နေသော တိုက်ခန်းအနီးသို့ ရောက်ရှိလာခဲ့ကြသည်။ အခန်းအတွင်းမှ လျှပ်စစ်မီး ရောင်က အပြင်သို့ လျှံကျနေခဲ့သည်။ ဦးထွန်းမြိုင်က ခြံရှေ့သို့ ထွက်ခွာသွားပါ၏။

အခန်းတံခါး ပွင့်နေသည်။

ကိုဖိုးအာနှင့်အတူ ချက်သည် အခန်းအတွင်းသို့ဝင်ရောက်လိုက်၏။ သစ်သားဆက်တီခုံနှစ်ခုံတွင် ချက် တွေ့ဖူးထားပြီးဖြစ်သော မြသွယ်နှင့် ဘေးတစ်စောင်းဆက်တီခုံဟွဲတွင် ငါးဆယ်ခန့် မိန်းမကြီးတစ်ဦး ထိုင်နေသည်ကို တွေ့ရသည်။ ဒေါ်ကွန်းထော်ဖြစ်ပေမည်။

"လာကြပါကွယ် ... ဟိုမောင်ရင်ကလေးရော ဖိုးအာပါ ထိုင်ကြကွယ်"

လွတ်နေသော ဆက်တီခုံတွင် ချက်နှင့်ကိုဖိုးအာတို့ဝင်ထိုင်လိုက်ကြသည်။

"ဒါ ... ဦးအိဆိုင်အဖွဲ့ကို ရောက်လာတဲ့ လူသစ်ကလေးယောက်ပဲ ဒေါ်ကြီးကွန်း၊ သူ့နာမည်က ချက်တဲ့၊ ဦးထွန်းဝနဲ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး ရောက်လာပေမဲ့ စိတ်ချယုံကြည်ရမှာပါ"

"အေးကွယ် … ဆရာဝေဠု မရှိကတည်းက ဒေါ်ကြီးတို့လည်း ညောင်းသီးလည်းစား လေးသံလည်းနားထောင်ရတဲ့ ငှက်တွေလို ဖြစ်နေကြပါပြီ၊ မောင်ချက်အနေနဲ့ ချမ်းမြေ့ရိပ်မြို့ ခြံထဲမှာနေရင် ဘာပဲမြင်မြင်၊ ဘာပဲတွေ့တွေ့ အရမ်းကာရောဝင်ပြီး မစွက်ဖက်နဲ့ပေါ့ကွယ်၊ ဘာပဲတွေ့တွေ့ စဉ်းစားတွေးခေါ်ပြီး ဆုံးဖြတ်ပါ၊ ကိုယ်မသိရင် သိနိုင်လောက်တဲ့ မောင်ဖိုးအာပဲဖြစ်ဖြစ် ဒေါ်ကြီးကွန်းတို့ကိုပဲဖြစ်ဖြစ် တိုင်ပင်ပေါ့ကွယ်၊ ဒီခြံမှာ သူ့ရဲ့ဦးအီဆိုင်တို့ရဲ့ ဩဇာပဲသက်ရောက်တယ်၊ မဆူဇန်ရဲ့ ဩဇာသက်ရောက်မှု မရှိဘူးကွယ့်၊ ဒါကို မောင်ချက် သိထားဖို့ပဲ"

"ကျေးဇူးတင်ပါတယ် ဒေါ်ကြီးကွန်း၊ မမျှော်လင့်ဘဲ ဒုစရိုက်အမှုကို လုပ်မိလို့သာ တိမ်းရှောင်ရင်း ဒီအဖွဲ့ထဲကို ရောက်လာခဲ့တာပါ။ ချက်က ချမ်းမြေ့ရိပ်မြို့ရဲ့ သူစိမ်းသက်သက်ပါပဲ"

ညလေကက အသောနှင့်ပြေးဝင်လာခဲ့သည်။ မြသွယ်က စကားဝိုင်းတွင်မပါ နားထောင်သူသက်သက်ပဲ ဖြစ်ပါလေ၏။

"ကိုချက် သွားစို့၊ ခြံနောက်ဘက်ကို လျှောက်ကြည့်ရအောင်၊ ဒေါ်ကြီးကွန်းရော မြသွယ်ပါ ခွင့်ပြုကြဦး"



"ကျွန်တော့်ကိုလည်း ခွင့်ပြုကြပါဦး"

ချက်က ဒေါ်ကွန်းထော်နှင့် မြသွယ်ကို ငေးကြည့်တာ ပြီး၍ ပြောလိုက်သည်။

"အေးကွယ်၊ မောင်ချက်အနေနဲ့ မောင်ဖိုးအာမပါရင်လည်း လာလည်နိုင်ပါတယ်၊ ဒေါ်ကြီးတို့ သားအမိက ဒီလို ညဦးပိုင်းလေးပဲ အခန်းပြန်ပြီး နားကြရတာ"

ချက်နှင့် ဖိုးအာ အခန်းထဲမှ ထွက်ခဲ့ကြသည်။

ခြံနောက်ပိုင်းမှာ သစ်ပင်ကြီးများ ယှက်သိုင်းစွာ ပေါက်ရောက်နေ၍ လ,အလင်းက အမှောင်ကို မထိုးဖောက်နိုင်။

ခြံအနောက်ဘက်မှာ ချက် ထင်သည်ထက် ပိုမိုရှည်လျားလှသည်။

ခြံအနောက်ဘက် အုတ်ရိုးအနီးသို့ ရောက်လာခဲ့သည်။

ရေစီးသံကို ချက် ကြားနေခဲ့ရပါ၏။ ချက်သည် အနီးရှိ ကိုဖိုးအာအား ကြည့်လိုက်မိသည်။

ကိုဖိုးအာသည် ချက် ဆန္ဒကို သိပုံရပါ၏။

"ရေစီးသံကြားပြီး ဘယ်ကရေစီးသံလဲလို့ ကိုချက် စဉ်းစားမိတယ်ထင်တယ်"

"ဟုတ်တယ် ကိုဖိုးအာ၊ ရေက အတော်စီးနေတဲ့ အသံပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရေစီးသံကြားတော့ ကျွန်တော့်စိတ်ထဲမှာ အတော်အံ့ဩမိတာတော့ အမှန်ပဲ ကိုဖိုးအာရေ ရေးမြို့ မြို့စွန်ဆိုတာကော ရေမြို့ပါ ကျွန်တော့်အတွက် အစီမံးသက်သက်ပဲ မဟုတ်လား"

လရောင်က သစ်ရွက်ခက်ကြားမှ ကျနေခဲ့သည်။ စည်းရိုးတံခါးကို လှမ်းမြင်နေခဲ့ရပါ၏။

ခါးကြားမှ သော့တွဲကို ကိုဖိုးအာ ဖြုတ်ယူလိုက်သည်။

တစ်ဘက်နိုင်ငံလုပ် သော့ခလောက်ဖြင့် ခတ်ထားသည်။ သော့တံကို ထိုးသွင်း၍ ကိုဖိုးအာ ဖွင့်လိုက်၏။

သော့ခလောက်ကို ဖြုတ်က သံကွင်းမှာပဲ ကိုဖိုးအာ ပြန်ချိတ်ထားလိုက်ပြီး ဝင်းတံခါးကို လွှတ်သည်နှင့် လရောက်က ပိုမိုလာသည်။

"လာ ... ကိုချက်၊ တကယ်လို့ ဦးအိဆိုင်သိရင် ကျုပ် အကြိမ်းအမောင်းခံရမှာ သေချာတယ်၊ ခင်ဗျားက ဦးအိဆိုင်အဖွဲ့ထဲ ရောက်လာပေမယ့် လူသစ်မျက်နှာစိမ်းဗျ၊ ဒါပေမဲ့ နောက်တော့လည်း ခင်ဗျားသိချင် သိခွင့်ရမှာပါပဲ။ တကယ်တော့ ချမ်းမြေ့ရိပ်မြုံဟာ ရေးမြို့အစွန်ဘက်မှာ တည်ရှိနေပေမယ့် ချောင်းစွယ်တစ်ခုကို ကျောပေးပြီး ဆောက်ထားတာ၊ ဒီ



တိုက်ကြီးက မျက်နှာဖြူအရာရှိကြီးတစ်ဦး ပိုင်ခဲ့တာ၊ စစ်ပြီးတော့ ကုလားသူဌေးတစ်ယောက်ပိုင်ခဲ့တယ်၊ ဆရာဝေဠုက အဲဒီ ကုလားသူဌေးဆီက ပြန်ဝယ်ထားခဲ့တာ"

တိုက်နောက်ဘက် ချောင်းစွယ်တစ်လျှောက် သစ်ပင်ကြီးများ ပေါက်လျှောက်နေခဲ့သည်။ တိုက်အနောက်ဘက်တွင် ခြံစည်းရိုးရှိ မီးလုံးများကို ထွန်းညှိထားခြင်း မရှိပေ။

ချောင်းစွယ်သည် ရေး မြစ်အတွင်းသို့ စီးဝင်နေပုံရသည်။

ချောင်းစွယ်ဆိုသော်လည်း ပွဲချိတ်နှစ်စီး ကောင်းကောင်းဝင်နိုင်ထွက်နိုင်သည့် အနေအထားပဲ ဖြစ်ပါလေ၏။

လရိပ်က ချောင်းရေပြင်ကို ဖျန်းပက်ထား၍ ငွေရောင်တလက်လက် တောက်ပနေပါ၏။

"ပြန်အိပ်ကြစို့ ကိုချက်"

ခြံစည်းရိုးအတွင်းသို့ ပြန်ဝင်လိုက်ကြသည်။

နေသားတကျပင် ကိုဖိုးအာက စည်းရိုးတံခါးကို ပြန်ပိတ်သည်။

ညဉ့်နက်စပြုပြီမို့ ပုဇဉ်းရင်ကွဲအော်သံများက ဆူညံနေခဲ့သည်။ လကား မြင့်တက်စပြုလာခဲ့ပြီမို့ ခြံအတွင်းကို ပြတ်သားစွာ မြင်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ရိပ်မြုံတိုက်၏ အနောက်ဘက်နှင့် ထိစပ်လုမတတ် ဆောက်လုပ်ထားသည့် ကျယ်ဝန်းသည့် ဂိုဒေါင်တစ်လုံးကို တွေ့ရသည်။ ဂိုဒေါင် အမိုးပြားများက တစ်ဘက်နိုင်ငံလုပ် အုတ်ကြွပ်ပုံသဏ္ဌာန် သွပ်ပြားချပ်ကလေးများပဲ ဖြစ်ပါလေ၏။

ချက်သည် သူ မြင်တွေ့ရသော ဂိုဒေါင်အကြောင်းကို တော့ ကိုဖိုးအာအား မမေးမြန်းတော့။

သိချင်စိတ်ရှိသော်လည်း လူသစ် လူစိမ်းတစ်ဦးအနေဖြင့် ဆင်ခြင်ရလေဦးမည်သာ။

စကားမပြောဖြစ်ကြတော့ဘဲ တိုက်ခန်းအတွင်းသို့ ချက်နှင့် ကိုဖိုးအာတို့ အသီးသီးဝင်ရောက်ခဲ့ကြပါ၏။



တိတ်ဆိတ်နေသော ညအမှောင်ကို စူးရှသော အသံတစ်သံက ထိုးဖောက်ထွက်လာခဲ့သည်။

ပုဇွန်ရင်ကွဲသံက် တစ်ချက် ... ၊ တစ်ချက်မျှသာ ပေါ်ထွက်နေခဲ့၍ တိတ်ဆိတ်စပြုသည့် ညကို ထိုအသံက ချောက်ချားစေခဲ့ပါလေသည်။

"ဝိညာဉ်တွေအားလုံး ငါ့ဆီကို ပြန်လာခဲ့ကြဟေ့၊ လာကြလေ ... ၊ လာကြ ... ၊ ပျော်ပျော်ပါးပါးဆော့ကြရအောင်၊ နင်တို့ ဝိညာဉ်တွေကလည်း ညအမှောင်ကျမှ လွတ်လွတ်လပ်လပ်သွားကြ၊ ဆော့ကြရတာ၊ ငါလည်း နင်တို့လိုပဲ ညကျမှ လွတ်လွတ်လပ်လပ် နေရတာဟေ့၊ လာကြ ... လာ

www.burmeseclassic.com

www.burmeseclassic.com



ကြ … ဟေ့ … ဒီခြံကြီးထဲမှာ ရှိသမျှ သရဲတစ္ဆေတွေ လာကြ … လာကြ … ၊ ဟီး … ဟီး၊ ဟီးဟီး … ”

ဖျပ်ခနဲ ချက် အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့သည်။

မှန်ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်း၍ ချက် ကြည့်သည်။ လရောင်ရှိနေသော်လည်း ဘာကိုမျှ မမြင်ရ။

ခုတင်ပေါ်မှ ချက် ဆင်းလိုက်သည်။ အိပ်ခန်းထဲမှ ချက် ထွက်ခဲ့တော့သည်။

“ဟီး … ဟီး … ဟီး … ဟီး … ဟိုတစ္ဆေကြီးက ဘာထိုင်လုပ်နေတာလဲ၊ လာလေ … ၊ ငါနဲ့နင်နဲ့ နပမ်းလုံးကြရအောင် ဟေး … ဟေး၊ ဟုတ်ပြီ … ၊ ငါနဲ့ တစ္ဆေကြီး နပမ်းလုံးပွဲကို ကျန်တဲ့ တစ္ဆေတွေ သရဲတွေ ငြိမ်ငြိမ်လေး ထိုင်ကြည့်ကြ ဟေ့”

စူးရှသော အသံက လွင့်မျှောလာခဲ့ပါ၏။

ပုဇွန်ရင်ကွဲများ အသံက တိတ်ဆိတ်သွားခဲ့၍ … ချောက်ချားဖွယ် ဖြစ်နေခဲ့ပါလေသည်။

တိုက်ခန်း တံခါး၏ သော့အတွင်းသို့ ချက်သည် အိတ်ထဲမှ သော့တံကို ထုတ်ကာ ဖွင့်လိုက်ပါ၏။

သော့ ပွင့်သွားသည်။

တံခါးကို ဖွင့်ကာ ချက် အပြင်သို့ ထွက်လိုက်၏။



အမှောင်နှင့် အလင်းသည် မမျှ … အလင်းထက် အမှောင်က ပိုနေ၍ ချက် ဘာကိုမှ သဲကွဲစွာ မမြင်ရပါလေ။

ခြံအတွင်းသို့ ချက် ဆင်းလိုက်သည်။ အော်သံဟစ်သံက မကြားရတော့၍ အသံလာရာကို ချက် မခန့်မှန်းနိုင်ပေ။

ထိုစဉ်မှာပင် ပြေးလွှားလှုပ်ရှားသံများ ကြားရသည်။

ချက် ကြည့်လိုက်ပါ၏။

ဖြူဖြူအရိပ်ကြီး တစ်ရိပ်က အမှောင်ထုထဲသို့ ပြေးဝင်သွားသည်။ နောက်မှ မည်းမည်းအရိပ်တစ်ရိပ်က ပြေးလိုက်သွားပါလေသည်။

ချက် ကြည့်နေဆဲမှာပင် ဖြူဖြူအရိပ်ကြီး ပျောက်ကွယ်သွားခဲ့သည်။ နောက်မှ လိုက်နေသော မည်းမည်းအရိပ်သည်လည်း မတွေ့ရပါလေတော့။

ချက် မျက်စိနှင့် မြင်တွေ့လိုက်ရသော ဖြူဖြူနှင့် မည်းမည်းအရိပ်သည် တကယ်ပဲ ဝိညာဉ်ပုံရိပ်များ ဖြစ်နေပါသလား။

ချမ်းမြေ့ရိပ်မြုံသည် ပင့်ကူအိမ်လို ရှုပ်ထွေးနေသော အိမ်ကြီးတစ်အိမ်ဖြစ်နေတာတော့ သေချာနေလေပြီ။

ချက်သည် ဤ အရှုပ်အထွေးများကြားမှာ လွတ်အောင် နေတတ်ရပါလေမည်။

www.burmeseclassic.com

www.burmeseclassic.com



ချက် အခန်းသို့ အိပ်စက်ရန် ပြန်ခဲ့ပါ၏။

ပုဇွန်းရင်ကွဲအသံများကို တိတ်ဆိတ်သွား၍ ညသည် ပြန်လည်တိတ်ဆိတ်သွားပါလေ၏။



## အခန်း(၈)

နံနက်အဆာပြေအတွက် မြသွယ်သည် ချက် အခန်းသို့ ကော်ဖီနှင့် မုန့်ဟင်းခါးလာပို့ပေးသည်။ ချက် စားသောက်ပြီး ပြီးသည်အထိ စောင့်တာ မြသွယ်က သိမ်းဆည်းပါ၏။

မြသွယ် ပြန်သွားသည်။

မည်မည်ရရ အလုပ်ဟူ၍ မရှိသဖြင့် မိမိနေသော အခန်းအား ချက် လိုက်လံကြည့်ရှုခဲ့သည်။ ချက်နှင့် ကိုဖိုးအာ နေဆိုင်သော နှစ်ခန်းတွဲ တိုက်အိမ်ကလေးမှာ ဥရောပဆန်သော တိုက်ခန်းများပင် ဖြစ်ပါ၏။

မီးဖိုဆောင်တွင် အမိုးခေါင်းတိုင် ပါရှိသည်။ ပန်းကန်နှင့် သားငါး လက်ဆေးကြောရန် ရေပိုက်ခေါင်းနှင့် လက်ဆေးကန် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမိုးရှိ မီးခိုးခေါင်းတိုင်မှာ လူတစ်ယောက်သာသာ ကလေး ဝင်နိုင်ထွက်နိုင်လောက်ပါ၏။

ဖျင်းရိုငြီးငွေ့စွာဖြင့် အချိန်များ ကုန်ဆုံးသွားသည်။

ချက်အတွက် မြသွယ်သည် နံနက်စာ လာပို့ပေး သည်။ ချက် ထမင်းစားနေစဉ် မြသွယ်က သူမ အခန်းသို့ ပြန်သွားခဲ့ သည်။

ထမင်း လက်စသပ်စားသောက်ပြီးစီးချိန်တွင် မြ သွယ် ပြန်ရောက်လာသည်။

ထိုစဉ်မှာပင် ခြံထဲသို့ ကားတစ်စီး ဝင်ရောက်သံ ကြားလိုက်ရသည်။ ကားသံကြား၍ မြသွယ် မျက်နှာတွင် ပျော်ရွှင် ကြည်နူးသွားပုံရပါလေသည်။

"မမလေး ပြန်လာပြီ၊ ပျော်လိုက်တာ"

မြသွယ်က ... ဘာသာပြောလိုက်သော်လည်း ချက် သည် သိချင်စိတ်ကြောင့် မေးလိုက်မိပါ၏။

"ဘယ်က မမလေးလဲ မြသွယ်၊ မြသွယ် ကြည့်ရတာ ဝမ်း သာနေသလိုပဲ"

"မမလေးဆိုတာ အန်တီဆူဇန်ရဲ့ သမီးလေ အစ်ကိုချက်"

"အော် ... ဆရာကြီး ဦးအီဆိုင်ရဲ့ သမီးလား"

"ဘယ်ကလာ၊ ဆရာကြီး ဘဘဝေဠုရဲ့ သမီးပါ၊ မမလေး



ရန်ကုန်က ပြန်လာတာလေ၊ မြသွယ်အတွက် ဘာတွေပါ လာသလဲ မသိဘူး၊ မြသွယ် သွားတော့မယ်"

စားသောက်ပြီးစီးသွားသည့် ပန်းကန်၊ ထမင်းအုပ်၊ ဟင်းအုပ်တို့ကို လင်ပန်းထဲသို့ မြသွယ် သိမ်းဆည်းကာ အခန်းထဲမှ ထွက်သွားခဲ့ပါ၏။ ချက်သည် ဆက်မေးရန် မဖြစ်နိုင်ပါလေတော့။

ထမင်းဆိပ်တက်လာသည်။

ချက် တံခါးကို ပိတ်၍ အခန်းထဲသို့ ဝင်ကာ တစ် ရေးအိပ်လိုက်ပါလေသည်။

မကြာလိုက်။

ချက် အိပ်ပျော်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက် အိပ်ရာမှ ထသည်။

ရေမိုးချိုးကာ စပို့ရှပ် ပန်းနုရောင်နှင့် အသားရောင် ဂျင်းပင်(န)တစ်ထည် လဲလိုက်သည်။

အခန်းတွင်းတွင် မှန်မထား၍ ရေချိုးခန်းထဲသို့ ဝင်ကာ မှန်ရှေ့တွင် ဘီးနှင့်ခေါင်းမှ ဆံပင်တို့ကို သေသပ်စွာ ဖြီးလိုက်သည်။

ပြန်ထွက်ကာအိပ်ခန်းအတွင်းဗီရိုကိုဖွင့်ကာ တိဘက် နိုင်ငံမှ ထုတ်သော ပေါင်ဒါကို ချက် လိမ်းသည်။

ပေါင်ဒါကို ကိုင်ကာ ဒေါ်လေးဝင်းမွန်ကို သူ သတိရ မိသည်။

တူဖြစ်သူ မိမိအတွက် ကမန်းကတန်း ပြင်ဆင်ပေး



ခဲ့သော ကျောပိုးအိတ်တွင် အဝတ်အစားလေးစုံခန့်နှင့်အတူ တိဘက် ပေါင်ဒါဘူးလေးကို ထည့်ပေးဖြစ်အောင် ထည့်ပေးခဲ့သေးသည်။

ဒေါ်လေးဝင်းမွန်က အစွဲကြီးသည်။

ပေါင်ဒါဆို တိဘက်မှ၊ ရေမွှေးဆို ပြင်သစ်မှ ထုတ် လုပ်သော ပစ္စည်းများကိုပဲ သုံးသည်။

တူသားဖြစ်သော မိမိကိုလည်း လွမ်းကာ ဒေါ်လေး ချုတ်ရည်အကြိမ်ကြိမ် ကျနေမှာ သေချာပါ၏။ ဒေါ်လေးတစ်ဦး တည်း နေရေးထိုင်ရေး အဆင်မှ ပြေပါလေစ။

အံသွင်ကို ဒေါ်လေးဝင်းမွန်ထံသို့ ဆက်သွယ်နိုင်း လျှင် ဒေါ်လေးသည် အစင်ရှာရှိ ဦးထွန်းဝကို ဆက်သွားလာမည် မှာ သေချာသည်။

သို့သော် ... ။

ဒေါ်လေးသည် ချက်အား သားအရင်းတစ်ဦးလိုပင် ချစ်မြတ်နိုးလှသည်။ ချက်သည်လည်း ဒေါ်လေးကို မိခင်အရင်းပမာ ချစ်ပါလေ၏။

ဇွင်းကြောင့်ပင် ... ချက်သည် ဒေါ်လေးဝင်းမွန်ကို အဆက်အသွယ်ဖြတ်ပစ်ခဲ့ရသည်။ မိမိ၏ အနာဂတ် လုံခြုံမှသာလျှင် တိတ်တဆိတ် သွားရောက်ဆက်သွယ်ပါလေမည်။ မိန်းမသားသည် စိတ်မလုံတတ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးဝင်းမွန်သည် မိန်းမသားသာပဲ ဖြစ်လေသည် မဟုတ်လား။

အခန်းအပြင်သို့ ချက် ခြေဆန့်လက်ဆန့် ထွက်သည်။ ခြံဝသို့ အရောက်တွင် အသက်လေးဆယ်ကျော်ခန့် မိန်းမကြီးတစ်ဦးနှင့် မိန်းမပျိုတစ်ဦးကို တွေ့ရသည်။

လေးဆယ်ကျော် အရွယ်ငါးနှစ်စွန်းစ ဖြစ်နေသော်လည်း မိန်းမကြီးသည် အခြယ်အသရှိသည်။ မိတ်ကပ်ကို ပြေပြေလိမ်းကာ မျက်ရစ်၊ မျက်ခွံများကို ပန်းနုရောင် အရောင်တင်ထားသည်။

မိတ်ကပ် ပြေပြေကြောင့် သိပ်တော့မသိသာလှ။

လေးဆယ်ကျော်ငါးနှစ်စွန်းစ ဖြစ်သော်လည်း အမျိုးသမီးကြီး၏ အလှက တင်းရင်းဆဲရှိသေးသည်။

မျက်နှာဝိုင်းသည်။ နှာတံက လှသော်လည်း ဖိဖိရှိရှိတော့ မရှိလှ။ ကိုယ်ခန္ဓာသည် ဝဖြိုးသော တင်နှင့် လိုက်ဖက်သော ရင် ရှိသေးသည်။ ကြည့်၍ ကောင်းပါသေး၏။

ဒေါ်ဆူဇန် ဖြစ်နိုင်ကောင်းသည်။

သူမ၏ အနီးတွင် ရှိသော မိန်းမပျို၏ အလှကမူ ရှားမှရှားပါလေ၏။ မျက်ဝန်းမျက်ဖန်လှသည်။

အသားက ဖြူသည်မဟုတ်၊ ပန်းနုရောင် သွေးဘက်



သို့ လှနေသည်။ သူမ၏ ဆံပင်ကို ဖားလျားချထားပါလေသည်။

ဆံပင် ကုတ်ပေါ်ဝဲဝဲလေးတွေ၊ အဖျားကောက် ပန်းပွင့်ဖော်ထားခြင်းများ ရှိနေသည့် ကာလမှာ သူမ၏ ဆံပင်က ခါးလယ်ကျော်ကာ တင်းသားမို့မို့ထိအောင် ဖြောင့်စင်းကျနေပါ၏။

မျက်နှာက ဘဲဥပုံအကျတွင် နှာတံက ဖြောင့်စင်းစင်းကျသည်။ နှာသီးဖျားက လုံးဝန်းကာ ချွန်မြလွန်းသည် မဟုတ်ဘဲ နှာသီးဖျားက အချိုးကျလှပါသည်။

မျက်ခုံးမွေးက ထင်းထင်းကြီးနက်နေသည် မဟုတ်ဘဲ မထူမပါး အဖျားကော့ကော့ တည်နေပုံသည် မပြုမပြင်ဘဲ တင်းနေ ရှိနေခဲ့သည်။

မို့စင်းသောရင်နှင့် လိုက်ဖက်သည့် ခါးသေးသေးအောက်တွင် တင်ခံရင်းစွင့်ကားသော တင်သားလုံးလုံးမို့မို့များက ရှိနေသည်မို့ မိန်းမသားတစ်ဦး၏ အလှအပအားလုံး သူမ ပိုင်ဆိုင်ထားပါလေ၏။ အဆီပိုမရှိ။ အကွေ့အကောက်တွေညီပါ၏။

သည်တော့ ချက်သည် ငေးမောကြည့်မိပါ၏။

ဆန်းတော့မဆန်း။ အလှအပဆိုတာ ယောကျ်ားသားတိုင်း စိတ်ဝင်စားတတ်သည်။

ချက်သည်ကော ယောကျ်ားသားပဲဖြစ်ပါသေးသည်။

ကမ္ဘာကြီးသည် ချက် ငယ်စဉ်က ၂၃ ဒီဂရီ တိမ်း

www.burmeseclassic.com

www.burmeseclassic.com



စောင်းကာ သူ၏ ဝင်ရိုးပေါ်တွင်လည်သည်ဟု ချက် သင်ကြားခဲ့ရသည်။

ယင်း အဆိုပြောင်းလဲကာ ကမ္ဘာကြီးသည် ၂၃½ ဒီဂရီထက် ပိုမို တိမ်းစောင်းသွားပြီဟု သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်ကို သိပ္ပံဂျာနယ်တစ်စောင်မှာ ချက် ဖတ်ခဲ့ရသည်။

ထိုစဉ်က ယင်း ဒီဂရီကို ချက် ယုံသည်လဲမဟုတ်။ မယုံသည်လည်း မဟုတ်၊ အမှုမဲ့အမှတ်မဲ့ဘဲ နေခဲ့မိသည်။

အခုတော့ ချက် ယုံလိုက်မိပြီ။

သူ အသည်း တစ်နေရာတွင် ကဗ္ဗည်းတင်ဖူးလေသော မေသူဇာ၏ အလှသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုတွင် ပေါက်ရောက်လေ့ရှိသော ဆူးခြံမျိုးပဲ ဖြစ်မည်။

ဆူးခြံပင်တို့မည်သည် မိုးခေါင်ရေရှားရပ်ဝန်းမှာဘဲ မင်းမူနိုင်ပါ၏။

အမျိုးသမီးငယ်သည် ချက်ထက် သုံးနှစ်ခန့်ငယ်မည် ခန့်မှန်းမိသည်။ ချက် အသက်(၂၀)မှ ဆယ်တန်းအောင်သည်။

ငယ်စဉ်က ချူချာသည်။ ပြီးတော့ ဆယ်တန်းကို သုံးနှစ်ဆက် ကျသည်။ ချက် ... ဉာဏ်ရည်မကောင်းလို့ မဟုတ်။ အခြား ဗာတိရက်ကိစ္စတွေများလို့ပဲ ဖြစ်သည်။

ရေကူးသည်၊ သိုင်းကစားသည်၊ သေနတ်ပစ်ကွင်းတွင် သေနတ်ပစ်ကျင့်သည်။ ဦးလေးသက်ဖေကလည်း အားပေးသည်။ ဒေါ်လေးဝင်းမွန်တားပြီးနောက်မှ သူ ဆယ်တန်းအောင်တော့သည်။



အခု ချက် အသက်နှစ်ဆယ့်ခြောက်ထဲမှာ။

အမျိုးသမီးငယ်သည် ချက်အား မသိမသာ ကြည့်သည်။

အမျိုးသမီးကြီးက ချက်အား ဖော်ရွေစွာ ကြည့်ပြီး...

"ကိုအီဆိုင်ပြောတဲ့ ချက် ထင်တယ်၊ မှန်းကြည့်တာနော်၊ မဟုတ်တော့လည်း ဆောရီးပေါ့ကွယ် ... "

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် ချက်ပါ။ ချမ်းမြေ့ရိပ်မြုံကို ရောက်တာမကြာသေးပါဘူး။ အန်တီကို ချက် မသိသလိုဘေးကညီမ ... အဲ ... ချက်ထက် အသက်ငယ်မယ်ထင်လို့ ခေါ်လိုက်တာပါ"

"ကိစ္စမရှိပါဘူး အစ်ကိုချက်၊ အိအိတုန်က အသက်နှစ်ဆယ့်သုံးနှစ်ရှိပါပြီ၊ အဲ ... အစ်ကိုချက် အသက်အတိအကျတော့ တုန် မခန့်မှန်းတတ်ဘူး၊ တုန် ထက်တော့ အသက်ကြီးမယ်လို့ ထင်တာပဲလေ"

အိအိတုန်ဆိုသည့် အမည်မျိုးက ရှားသည်။

မြန်မာအမည်ထဲမှာ မှည့်လေ့နည်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိအိတုန် ဆိုတဲ့ နာမည်က အဆန်းပဲနော်"

"ချက် ဆိုတဲ့ နာမည်ကလည်း ဆန်းတာပါပဲနော်"

နှစ်ဦးသား ပြုံးမိကြပါ၏။

ဒေါ်ဆူဇန် ပြုံးပါလေတော့သည်။

လှသော အမျိုးသမီးတွေသည် ပြုံးလေလျှင် ပို၍ လှသည်ဟုပဲ ထင်ရပါလေသည်။

ဒေါ်ဆူဇန်လည်း လှသည်၊ အိအိတုန်လည်းလှသည်။

ထိုအထဲမှ အိအိတုန်သည် ပိုလှသည်ဟုပဲ ချက် ထင်မိပါလေသည်။

ဒေါ်ဆူဇန်၏ အလှက ဆည်းဆာညနေ၏ အလှမျိုးပဲ ဖြစ်ရှိမည်။ ဆည်းဆာညနေလွန်လျှင် အမှောင်က ကြိုနေနှင့်ပြီ။

အိအိတုန်၏ အလှသည် ဆည်းဆာသုံးပါးအနက် … ဆည်းဆာများ၏ ဦးဆုံးသော အရုဏ်ဆည်းဆာပဲ ဖြစ်ပါလိမ့်မည်။

သူ့မှာ အရွယ်ကျန်သေးသည်။

အရုဏ်ဆည်းဆာများ၊ နံနက်ခင်းဆည်းဆာများ၊ ညနေဆည်းဆာများ။

"အိအိတုန်"

တကယ်လည်းလှသည်။ ယောက်ျားသားတွေ နှလုံးသားဖောက်အောင် လှနိုင်စွမ်းပါလေသည်။



"အန်တီ့နာမည်က ဆူဇန်၊ သမီးက အသက်နှစ်ဆယ့်သုံးနှစ်ဆိုတော့ ချက်ထက် သုံးနှစ်ငယ်တာပေါ့၊ ဦးအီဆိုင်က အန်တီ့ခင်ပွန်းလေ။ အိတုန်က ရန်ကုန်မှာ အဒေါ်လုပ်သူနဲ့ သွားနေတာလေ၊ အခုမှ အန်တီခေါ်လိုက်တယ်ဆိုပါတော့"

"ဟုတ်ကဲ့ အန်တီ၊ ချက်ကို လိုတာရှိရင် ခိုင်းနိုင်ပါတယ်နော်၊ ဆရာကြီးရဲ့ အဖွဲ့ထဲကို ရောက်တာ မကြာသေးပေမယ့် … အခြားသူတွေလိုပဲ ခေါ်နိုင် ခိုင်းနိုင်ပါတယ်"

"ချက် အခုလိုပြောတော့ အန်တီ ဝမ်းသာပါတယ်၊ ချက်က ကိုထွန်းဝနဲ့ ပတ်သက်ပြီး ချမ်းမြေ့ရိပ်မြုံကို ရောက်လာတာလို့ ကိုအီဆိုင် ပြောသွားတယ်လေ၊ အင်း … ကိုအီဆိုင်အပြင်သွားတုန်းမို့ ပြောထားရဦးမယ်၊ အဲ … နေဦး၊ ချက်က ဦးထွန်းဝနဲ့ ဘယ်လိုပတ်သက်သလဲ",

ဒေါ်ဆူဇန် စကားတွန့်သွားသည်။

ချက် အခြေအနေကို သဘောပေါက်ထားသူမို့ အသံကို လျှော့ပြီး ပြောပါလေသည်။

"ချက်က ဦးထွန်းဝရဲ့ တူနဲ့ ခင်မင်ပြီး အစင်ရှာက ဦးထွန်းဝဆီရောက်လာခဲ့တာပါ၊ ဒီရောက်မှ ဦးထွန်းဝကို ဆတွေ့ဆုံဖူးတာပါ"

ဒေါ်ဆူဇန်သည် အနည်းငယ်တော့ ငေးတွေတွေဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါသေးသည်။ ခြံဝသို့လည်း လှမ်းမျှော်ကာ ကြည့်သေးသည်။

ခြံစောင့် ဦးထွန်းမြိုင်သည် ... အစောင့်အိမ်ကလေး အတွင်း ထိုင်နေသည်ကို တွေ့ရပါ၏။

"အန်တီက ချမ်းမြေ့ရိပ်မြုံမှာ အမြဲလိုရှိမနေတာက များတယ်၊ ပြောရရင်တော့ အန်တီ့မှာ ဝါသနာအစွဲရှိတယ်လေ... မကောင်းမှုတစ်ခုပါပဲ၊ အိတုန်ရဲ့ ဒက်ဒီ ကိုဝေဠုရှိစဉ်ကတည်းက အန်တီ အပျင်းပြေဆိုပြီး ရေးက ပိုက်ဆံရှိ သူဌေးတချို့နဲ့ ပိုကာ ကစားဖြစ်တယ်၊ နောက်တော့လည်း ဝါသနာပါတယ် အဆင့်ရောက်သွားတယ်ဆိုပါတော့၊ ကိုဝေဠုနဲ့ အိတုန်တို့ မောင်နှမ နှစ်ယောက်ရတယ်၊ ကိုဝေဠု ဆုံးပြီးတော့ အားကိုးအားထားပြုနိုင်အောင် ကိုအီဆိုင်နဲ့ အိမ်ထောင်ပြုလိုက်တယ်၊ နဂိုကတည်းက မိန်းမသားတန်မဲ့ ... လောင်းကစားဝါသနာထုံတဲ့ အန်တီဟာ ထပ်ပြီးများတာပေါ့ပဲ၊ ကိုအီဆိုင်က အန်တီရဲ့ ပစ္စည်းအားလုံး ထိန်းချုပ်လိုက်တော့တာပဲ"

ဒေါ်ဆူဇန်သည် စကားကို ခေတ္တမျှ ရပ်သည်။

သမီးဖြစ်သူထံသို့ သူမ ကြည့်လိုက်ပါလေ၏။

အိအိတုန်၏ အကြည့်က ချက်အား မလိုလားဟန်တော့ မရှိ။



ဒါပေမဲ့ အခုတွေ့ အခုသိသူကို ယုံကြည်ရန် အချိန်လိုသေးကြောင်း သူမ မျက်ဝန်းတွေထဲမှာ အရိပ်အယောင် ရေးရေးမျှတော့ ရှိနေပါလေသည်။

ချက်သည် ... ချက်ဆိုသည့်အတိုင်း ချက်ဆိုသည်နှင့် နားခွက်က မီးထတောက်ပါ၏။

ချက်က အကင်းပါးသည်။

သည်ဘက်ခေတ်အသုံးအတိုင်း ဆိုရလျှင် အထူအပါး ညီသည်။

အိအိတုန် ကောင်မလေး၏ အကြည့်ကို ရိပ်မိပါ၏။

"ဒါဆိုရင်တော့ အန်တီများပြီးရင်း များတာပေါ့ကွယ် ... ကိုအီဆိုင် အပြောက အန်တီ လောင်းကစားကျွံသွားမှာ စိုးလို့တဲ့လေ၊ အပေါ်ယံကြောတော့ နားထောင်ကောင်းပါတယ်၊ ချမ်းမြေ့ရိပ်မြုံမှာ အန်တီ ပိုပြီးမကပ်တော့ဘူး၊ အမြဲ အပြင်ထွက်တယ်၊ ညမိုးချုပ်မှပဲ အိမ်ကပ်တာ၊ ဒါလဲ စိတ်ညစ်ရတာပါပဲ၊ အိတုန်ကို ခေါ်ထားလိုက်တယ်ဆိုတာက အန်တီ့မှာ အဖော်လိုတယ်လေ၊ နောက်တော့ ချက် သိလာပါလိမ့်မယ်၊ အန်တီ့ထက်၊ ဟောဒီ အိတုန်ကို ပိုပြီး စိတ်ချ ဖြစ်မိတယ်လေ၊ အိတုန်ကို အတိုင်းအတာ တစ်ခုအထိတော့ အန်တီ စိတ်ချထားပါတယ် ... ချက်ကို ပြောချင်တာက

www.burmeseclassic.com

www.burmeseclassic.com



အိတုန် ကို ဘာပဲဖြစ်ဖြစ် အန်တီမရှိတဲ့အခါ ကူညီစောင့်ရှောက်ပေးပါလို့ပဲ ပြောချင်တာပါ”

ကိုဖိုးအာထံမှ သိရှိထားရသော အချက်အလက်နှင့် ဒေါ်ဆူဇန် ပြောလာသော စကားများက ထပ်တူညီခြင်း မရှိသော်လည်း ကောက်ကြောင်းဆက်ကို ပုံဖော်လျှင် ဦးအီဆိုင်ထံ မျှားဦးသည် လှည့်နေပါသည်။

“စိတ်ချပါ အန်တီ ... ၊ ချက် အတတ်နိုင်ဆုံးတော့ အိတုန်ကို စောင့်ရှောက်ကူညီပါ့မယ်၊ ပြောရရင် ချက် ကိုယ်တိုင်လည်း အနာဂတ်က မှုန်ဝါးနေတာပါ”

ချက်က ကတိကို အရမ်းကာရေးတော့ မပေး။

သူကိုယ်တိုင်က ဘယ်အခြေအနေ ဆိုက်မည်မှန်း မခန့်မှန်းနိုင်သေးပါလေ။

“အေးကွယ်။ ခုလို ကြားရတာပဲ အန်တီ စိတ်ပေါ့ပါးသွားတာတော့ အမှန်ပါပဲ”

ထိုစဉ်မှာပင် ကားစက်သံကို ကြားလိုက်ကြရသည်။

ကားတစ်စီးသည် ချမ်းမြေ့ရိပ်မြုံ ခြံရှေ့မှာ စက်သံလျော့ကျသွားသည်။

ခြံတံခါးကို ဦးထွန်းမြင့် ပျာပျာသလဲ ဖွင့်ပေးသည်။

ကားက ခြံအတွင်းသို့ မောင်းဝင်လာခဲ့သည်။



သစ်ပင်ကြီး တစ်ပင်အနီးသို့ ကွယ်ကာ ချက်သည် ဒေါ်ဆူဇန်ကိုရော အိအိတုန်ကိုပါ နှုတ်ဆက်စကား ပြောလိုက်သည်။

“ချက်ကို ပြန်ခွင့်ပြုပါဦးနော်”

ချက်သည် ပြောပြီးသည်နှင့် သစ်ပင်ကြီးများကို ကွယ်ကာ သူ၏ အိပ်ခန်းရှိရာသို့ လျှောက်ခဲ့ပါလေသည်။

ဒေါ်ဆူဇန်တို့ သားအမိနှစ်ဦးမှာ ချက် အပြုအမူကို သဘောပေါက်လိုက်ကြသည်။

တိုက်ကြီး၏ ဆင်ဝင်အောက်သို့ ဒေါ်ဆူဇန်နှင့် အိအိတုန်တို့ လျှောက်ခဲ့ကြပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်သည် ဒေါ်ဆူဇန်ကို ခေါင်းညိတ်ပြပြီး ထွက်လာခဲ့ပါ၏။

စင်ဝင်အောက်တွင် ဂျပန်နိုင်ငံလုပ် ရာမာမာ အမျိုးအစား ဆိုင်ကယ်ပေါ်တွင် အိအိတုန်ကို တွေ့ရသည်။

အိအိတုန်က ချက်အား ဆိုင်ကယ်စီးဦးထုပ်ကို လှမ်းပေးပါ၏။ ချက်သည် ဟဲလ်မက်ကို ဆောင်းလိုက်သည်။



## အခန်း(၁၀)

ဆိုက်ကယ်ပေါ်သို့ ချက်ချင်းလိုက်ပြီးနောက် အိအိတုန်က ခြံအတွင်းမှ မောင်းနှင်ထွက်ခွာလိုက်သည်။

ဦးထွန်းမြိုင်က ဆိုက်ကယ်သံကြားသည်နှင့် အဆင်သင့်ပင် ခြံတံခါးကို ဖွင့်ပေးထားသည်။

မိန်းမသားဖြစ်သော်လည်း အိအိတုန်က ဆိုက်ကယ်ကို စက်ရှိန်မြင့်၍ မောင်းနှင်လိုက်သည်။ လေက တဟူးဟူးတိုး၍ တစ်လမ်းလုံး စကားမပြောဖြစ်ကြ။

ရေးမြို့အတွင်းသို့ ရောက်လာသည်။ ရေးမြို့အတွင်း၌ ကားထက် ဆိုက်ကယ်ကို ရှောင်ရတိမ်းရသည်။ အိအိတုန်သည် အရှောင်အတိမ်းကျွမ်းကျင်စွာ မောင်းနှင်နိုင်ပါ၏။

လမ်းသွယ်တစ်ခုနှင့် လမ်းမကြီးထောင့်တွင်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



သမားတောင်အမည် တပ်ထားသည့် ဆေးဆိုင်ကြီးရှေ့တွင် ဆိုင်ကာယ်ကို ရပ်တန့်လိုက်သည်။

အိအိတုန် ဆိုင်ကာယ်ပေါ်မှ ဆင်းသည်။

"ဒီမှာ ခဏစောင့်နော်၊ ကိုချက်၊ ဆေးက ဒီဆိုင်မှာ စုံတယ်လေ၊ သိပ်မကြာပါဘူး"

"ရပါတယ် အိအိတုန် လိုတာသာဝယ်ပါ၊ ချက်စောင့် ရတာအပန်းကြီးတဲ့ အလုပ်မှမဟုတ်ဘဲ"

အခုမှ ချက်သတိထားကြည့်မိသည်။ အိအိတုန်သည် ဂျင်းဘောင်းဘီရှည် အပြာနုရောက်ကို ဝတ်ထားပြီး အပေါ်ပိုင်းမှာ ဖြူဆွတ်နေသည့် တီရှပ်တစ်ထည်ကို ဝတ်ဆင်ထားပါ၏။

မိန်းမသားများ၏ ကိုယ်ခန္ဓာအလှသည် ဂျင်းပင်(န်)လို ဘောင်းဘီအရှည်က အရှိကိုအရှိအတိုင်း ပေါ်လွင်စေသည်။

အိအိတုန်၏ နောက်ပိုင်းအလှသည် မြင်ရသူကို ရင်တလှပ်လှပ်ခုန်စေပါ၏။

ဆေးဆိုင်ကြီးဖြစ်၍ ဝယ်သူရောင်းသူမှာ မလည်ခဲ့။

မိနစ်အနည်းငယ်အကြာတွင် ပလတ်စတစ်လက်ဆွဲအိတ်အပြည့် အိအိတုန်နှင့် ဆေးများပါရှိလာခဲ့သည်။

အိအိတုန်က ပလတ်စတစ်လက်ဆွဲအိတ်ကို ချက်အား ကမ်းပေးသည်။



"အစ်ကိုချက် ကိုင်လာပေးပါနော်၊ အစ်ကိုချက်ကို တုန် ခေါ်လာပြီး ဒုက္ခပေးသလိုများ ဖြစ်နေပြီလားမသိဘူး၊ သယ်လေ ကိုချက်"

"ဘာမှကြာတာမဟုတ် တားပြီးတော့ ဆေးအိတ်ကိုင်ရတာဘာမှ လေးပင်တာမှမဟုတ်ဘဲ ... အားနာစရာမဟုတ်တာ"

ဆိုက်ကာယ်ပေါ်သို့ တက်လိုက်ကြသည်။

နှစ်ဦးသား ... ဟဲ(လ်)မက်ကို သေချာစွာ ဆောင်းလိုက်ပါ၏။

ဆိုင်ကာယ်ကို အိအိတုန်က မောင်းထွက်ခဲ့ပါလေသည်။

မိနစ်အနည်းငယ်အကြာတွင် လမ်းမကြီးပေါ်မှ ... လမ်းသွယ်တစ်ခုထဲသို့ ဝင်ရောက်လိုက်သည်။

ခြံဝင်းကျယ်ကြီးထဲတွင် ဝါးဖြင့်သေသပ်စွာ ဆောက်လုပ်ထားသော တဲပိုင်းကလေးများကို တွေ့ရသည်။

တဲပိုင်းကလေးတစ်ပိုင်းရှေ့တွင် ဆိုက်ကာယ်ကို ... အိအိတုန် ... ရပ်လိုက်ပါလေ၏။ ဆိုက်ကာယ်ပေါ်မှ ဆင်းလိုက်ကြသည်။

ဝါးဖြင့် ဆောက်လုပ်ထားပြီး အမိုးများ အင်ဖက်များ

www.burmeseclassic.com

www.burmeseclassic.com



တို့လှပသေသသပ်စွာ မိုးထားခဲ့သည်။ ချက်သည် ဆေးအိတ်ကိုကိုင်ကာ တဲအတွင်းဝင်ခဲ့ပါ၏။

တဲကလေးအတွင်းမှာ ကွန်ကရစ်အကြမ်းခင်းထားသည်။ တဲထောင့်တစ်ထောင့်တွင် စားပွဲမြင့် အဝိုင်းတစ်ခုရှိပြီး အင်တာကွန်ဖုံးတစ်လုံးရှိပါ၏။ ကျွန်းစားပွဲကို ပလတ်စတစ်ခုံ ငါးလုံးချထားသည်။

"ထိုင်လေ အစ်ကိုချက်"

ချက် စားပွဲထိပ်ရှိ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

စားပွဲပေါ်တွင် ပလတ်စတစ်ညှပ်နှင့် ထောင်ထားသော မီနူးကတ်ရှိသည်။

မီနူးကတ်ကို မကိုင်ဖြစ်သေးဘဲ အိအိတုန် လှမ်းယူလိုက်သည်။

"အစ်ကိုချက် ဘာစားမလဲ၊ ကြိုက်တာပြောလေ၊ ဒီရက်စတောရင့်က အစားအသောက်လည်းစုံတယ်၊ လက်ရာလည်းကောင်းတယ်၊ Sea Food (ပင်လယ်စာ)အကုန်ရတယ်၊ မြန်မာ၊ ထိုင်း၊ တရုတ်နဲ့ ဂျပန်ဆူရှီပါရတယ်"

"အိအိတုန် စားချင်တာကို ဦးစားပေးပြီးမှာပါ၊ ချက်ကတော့ ဘာအစားအစာပဲဖြစ်ဖြစ် နှစ်သက်တာများပါတယ်"



မီနူးကတ်ကို ကိုင်ကာ အင်တာကွန်းရှိရာသို့ အိအိတုန် လျှောက်လိုက်သည်။ မီနူးကတ်ထဲမှ ... နှစ်သက်ရာ အစားအသောက်များကို အိအိတုန် အင်တာကွန်းနှင့် မှာလိုက်သည်။

ရီဆီလာဗာပေါ်သို့ ဖုံးကို ပြန်ချပြီး စားပွဲရှိရာသို့ အိအိတုန် ပြန်လျှောက်ခဲ့သည်။ စားပွဲဘေးခုံတွင် အိအိတုန် ထိုင်လိုက်သည်။

မကြာလိုက်။ စားဖွယ်ရာများပါသည့် လင်ပန်းများကိုယ်စီကိုင်ကာ ဝါးတဲအဝိုင်းကလေးအတွင်းသို့ စားပွဲထိုးမလေးနှစ်ဦး ဝင်ရောက်လာခဲ့ကြပါ၏။

စားပွဲပေါ်သို့ စားသောက်ဖွယ်ရာများ တင်ပေးခဲ့ကြသည်။

စားပွဲထိုးမလေးနှစ်ဦးလုံး အထက်အောက် ဆင်ထားကြ၏။

အောက်ခံတီရှပ်ပေါ်တွင် မြန်မာလို နံ့သာဝိုင်း စားတော်ဆက်ဟု အစိမ်းရောင် စာတမ်းရိုက်ထားသည်။

မြန်မာစာလုံး အောက်အနည်းငယ်ခွာကာ အင်္ဂလိပ်စာတမ်းရေးထိုးရိုက်နှိပ်ထားပါ၏။ နှစ်ဦးလုံး အပျိုမလေးတွေချည်းဖြစ်မည်သေချာပါလေ၏။ ရှိသင့်သော အလှအပလေးတွေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နုပျိုသော ... မျက်နှာကလေးများ ပိုင်ဆိုင်၏။ အပြာရောင် ဖဲ့ဖုံး စကတ်ဝတ်ထားကြသည်။

စကတ်အောက်မှ တင်သားအလှလေးများ အချိုးကျပေါ်လွှင်နေပါ၏။

"ထွက်ခွာလို့ရပါပြီ ရှင့်"

"ရပါပြီ၊ ညီမလေး"

ချက်က ပြုံး၍ ပြောလိုက်သည်။ ဆေးအိတ်ကို စားပွဲပေါ်တင်လိုက်၏။

"လိုတာရှိရင် အင်တာကွန်းနဲ့ မှာကြားနိုင်ပါတယ်ရှင့်"

စားပွဲထိုး ဝန်ထမ်းမလေးများက လင်ပန်းကိုယ်စီကိုင်က ပြောပြီးနောက် ထွက်ခွာသွားပါလေသည်။

ကင်းမွန် ချိုချဉ်ကြော်၊ ပဲပြားနှင့် ပင်လယ်ငါးဆုပ်လုံး စီချွမ်စတိုင်(လ်)ဟင်းချို၊ ငါးရှဉ့်ခြောက်စပ်တစ်ပွဲ၊ ပင်လယ်ကဏကတစ် အစာသွပ်ဟင်းတို့ပဲ ဖြစ်ပါလေသည်။

"စားလေ အစ်ကို ချက်၊ တုန်တော့ အတော့ကို ဆာနေပြီ အစ်ကိုချက်ကို ကျွေးချင်တာလဲပါတယ်၊ ပြီးတော့မှ စကား ပြောကြတာပေါ့"

အီအီတုန်သည် ဟန်မဆောင်တတ်ပါလေ။



သူမလည်း အားရပါးရစားသည်။ ဟင်းတွေကို ချက် ပန်းကန်ထဲသို့လည်း ထည့်ပေးသည်။

ချက်ရော အီအီတုန်ပါ စားသောက်ပြီးစီးသွားခဲ့ကြသည်။

"မာမီရော အီအီတုန်ပါ ကိုယ်ပိုင်ဆိုင်သမျှကို ဦးအီဆိုင် လက်ထဲ ထိုးအပ်လိုက်ရတဲ့ ဘဝမျိုးပါ အစ်ကိုချက်၊ မာမီ ရှာခဲ့တဲ့ ငွေကြေးမှန်သမျှ ဦးအီဆိုင် ထိန်းချုပ်လိုက်ပြီးတဲ့ နောက်ပိုင်း အိမ်မတာပ်တော့ဘဲ လောင်းကစားနွံမှာ တအိအိ နစ်နေတော့တာပဲလေ၊ တုန်ကတော့ ဒက်ဒီညီမ အန်တီ ဝေဝေ့ဆီမှာ သွားနေလိုက်၊ သူလွှမ်းမိုးချင်သလို မဖြစ်ခဲ့ဘူးပေါ့၊ ဦးအီဆိုင် ဘာလုပ်နေတာလဲဆိုတာ၊ တုန် သဘောပေါက်နေတာကြာပါပြီ၊ ဒက်ဒီရှိစဉ်ကတည်းက ဦးအီဆိုင် မရိုးသားခဲ့ဘူး၊ မာမီကတော့ ဘာသိဘာသာ နေတတ်ခဲ့တာကြောင့် ဘာကိုမှ မသိသလောက်ပါပဲ"

"ဒက်ဒီရဲ့ စီးပွားရေးလုပ်ငန်းတွေကို မာမီ နှံ့နှံ့စပ်စပ်မသိခဲ့ဘူး၊ သိအောင်လည်း မာမီက မကြိုးစားဘူး၊ မာမီက သုံးမယ်ဖြုန်းမယ်၊ နှမြောတွန့်တိုတာမရှိဘူး၊ လောင်းကစား ဝါသနာထုံတဲ့ အကျင့်ကလေးတစ်ခုပဲ ဆိုးတယ်ပေါ့ ပြောရရင်တော့ မာမီက ဝါသနာပါတယ်ဆိုရုံပါ၊ မာမီ လောင်း

www.burmeseclassic.com

www.burmeseclassic.com



ကစားလုပ်ပစ်လိုက်လို့ ဒက်ဒီ့ရဲ့ ပိုင်ဆိုင်တဲ့ ငွေကြေး ဥစ္စာပစ္စည်းဆို ရှုံးသွားတာမျိုး မရှိခဲ့ဖူးပါဘူး၊ ဂုဏ်ရည်တူ မိတ်ဆွေအပေါင်းအသင်းတွေ အိမ်လည်မယ်ပတ်မယ် အပျင်းအပြေ ပိုကာ ကစားကြမယ် … အဲဒီလောက်ပါပဲ”

ချက်သည် အိအိတုန်၏ မျက်နှာကလေးကို ကြည့်ရင်း ဂရုဏာသက်မိပါလေသည်။

သူစိမ်းမျှသာဖြစ်သော ချက်ကို ဤမျှအထိ ဖွင့်ပြောနေခဲ့ခြင်းပဲဖြစ်ပါလေသည်။

တကယ်တော့ ချက်ကို အိအိတုန် မယုံသင့်တာ … အမှန်ဖြစ်ပါလေ၏။

ဒါကိုလည်း အိအိတုန်သည် မသိမဟုတ်သိမည်။

ဘာကြောင့် သည်လို မပြောသင့်သော အတွင်းရေးကို ဖွင့်ဟပြောပါလေသနည်း။

ဦးတည်ချက် တစ်ခုတော့ ရှိကောင်းရှိမည်။

အိအိတုန် စကားကို ဆက်ပြန်ပါလေသည်။

“အဲဒီလိုတော့ တုန်ဟာ မာမီ့ဘက်ကိုကာတယ်လို့ အမ်ကို ချက် ထင်ကောင်းထင်နိုင်ပါတယ်၊ ဒက်ဒီဟာ သာမန် ရှု လတ်တန်းစားဘဝကနေ ငါးလုပ်ငန်းကို ဖိဖိစီးစီး လုပ်နိုင် ခဲ့လို့ ချမ်းသာကြွယ်ဝလာခဲ့တဲ့ အချိန်မှာ မာမီ့မိဘတွေ နဲ့



ဆုံဆည်းခဲ့ကြတာလို့ မာမီ ခဏခဏပြောဖူးလို့ သိခဲ့ရတယ် မာမီ့ မိဘတွေက ဟိုးအင်္ဂလိပ်ခေတ်ကစပြီး လွတ်လပ်ရေး ရပြီးချိန်အထိ ထားဝယ်နယ်ဘက်က မိုင်းသူဌေး တွေဆိုတော့ အမြော်အမြင်ကြီးတဲ့၊ မာမီ့ မိဘတွေက မာမီ့ကို ဒက်ဒီနဲ့ ပေးစားခဲ့ကြတယ်၊ မာမီကိုယ်တိုင်ကလည်း ဒက် ဒီကို နှစ်သက်တယ်၊ ဒက်ဒီကလည်း မာမီ့ကို နှစ်သက်ပါတယ်”

ချက် ပြုံးပြီး အိအိတုန်ကို ကြည့်မိသည်။

အိအိတုန်သည် မလုံမလဲဖြစ်ပြီး ချက်အားကြည့်၍ …

“ဘာဖြစ်လို့ပြုံးတာလဲဟင်၊ တုန်ပြောတာ အစ်ကိုချက် မယုံလို့လားဟင်”

“မယုံလို့ မဟုတ်ပါဘူး၊ အိတုန်၊ သူချစ်ကိုယ်ချစ်မဟုတ်ဘဲ မိဘတွေ စီမံပြီးမှ ချစ်သွားကြတဲ့၊ ကာလတစ်ခုက အိမ်ထောင်ဘက်တွေကို လေးစားအားကျမိလို့ပါ၊ သည်ဘက်ခေတ် သူချစ်ကိုယ်ချစ်တွေမှာ ချစ်သူရည်းစားဘဝမှာ တင် ပြတ်စဲသွားကြတာများတယ် မဟုတ်လား၊ အိတုန်ရော ကိုရော အိတုန် မာမီရော မစီစဉ်သေးဘူးလား”

လွှတ်ခနဲ ပြောပြီးမှ အပျိုမ အိတုန်ကို ရှက်ဝံ့ အားနာ မိပါလေသည်။ ချက်အား အားတုံ့အားနာကြည့်မိပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိအိတုန်၏ ချောမောလှပသော မျက်နှာကလေးသည် နီနီရဲရဲကလေးတော့ ဖြစ်သွားသည်။

"အိုး ... ဘာဆိုင်လို့လဲ အဝေးကြီးပါ ... မာမီကလည်း မစီမံခဲ့ပါဘူး ... တုန်ကလည်း စီမံတာခံချင်တာမှ မဟုတ်တာ ... သူချစ်ကိုယ်ချစ်ဆိုတာလည်း ဟိုးအဝေးကြီးမှာ တုန်က ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်တတ်သေးတာ ... ဒါဆိုရင် မေးမယ်လေ ... အစ်ကိုချက် မိဘတွေရော မစီမံဘူးလား"

"မဖြစ်နိုင်ဘူးလေ အိတုန် ချက်မှ မိဘတွေမှ မရှိကြတော့တာပဲ ... ချက် ငါးနှစ်သားကတည်းက မိဘတွေ ဆုံးပါးသွားခဲ့ကြတာလေ ... သူချစ်ဆိုတာက ပုံပြင်ထဲမှာ ကျန်ရစ်ခဲ့ပြီပဲ ... "

"အိုး ... "

ချက် အပြောကြောင့် အိအိတုန် ကောင်မလေး စိတ်မကောင်းဖြစ်သွားဟန်တူသည်။ ရဲရဲနီနေသော ရှက်ရိပ်တွေ သူမ မျက်နှာပေါ်က ပြယ်လွင့်သွားပါလေသည်။ ခဏတော့ သူ ငြိမ်သက်သွား၏။

အိအိတုန် စကားပြန်စသည်။

"ဒက်ဒီဆုံးပြီးတော့ မာမီက အိမ်ထောင်တစ်ခုမှာ ယောက်ျားသား မားမားမတ်မတ်တစ်ဦးရှိသင့်တယ်ဆိုပြီး



ဒက်ဒီရှိစဉ်ကပဲ အလုပ်ထုပ်ပစ်လိုက်တဲ့ ဦးအီဆိုင်ကို မာမီ အိမ်ထောင်ပြုလိုက်တယ် ... တုန်ဘက်က ကန့်ကွက်ဖို့ ... အချိန်မရတော့ဘူး ... မာမီက သူ့သဘောနဲ့သူလုပ်ခဲ့တာ ... တုန်က ဒက်ဒီရှိစဉ်က အတူတူလုပ်ငန်းကို ဆောက်ရွက်ခဲ့ရတာဆိုတော့ ဦးအီဆိုင် ဘယ်လိုလူဆိုတာ တုန် သိခဲ့ရတယ် ... ဖြစ်ပြီးတော့မှတော့ သားသမီးတစ်ယောက်အနေနဲ့ မာမီ့ကို စိတ်မချမ်းမသာ မဖြစ်စေချင်တော့ဘူးလေ ... ဦးအီဆိုင်က ဒက်ဒီရဲ့ ကျန်ရစ်ခဲ့တဲ့ ငွေသား အတွင်းပစ္စည်းတွေကအစ မာမီ့ကို သိမ်းသွင်းပြီး ထိန်းချုပ်လိုက်တော့တာပဲ ... "

"ဒါတော့ အိတုန်က မာမီ့ဘက်က လိုတယ်ပဲပြောရမှာပေ့ါ ဦးအီဆိုင် ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေမှ မဟုတ်ဘဲ"

ချက်က သူ့ယူဆချက်ကို ပြောလိုက်မိသည်။

"အစ်ကိုချက် ပြောတာတွေက ယေဘုယျတွေးကြည့်ရင် မှန်တာပေ့ါနော် ... ဒါပေမဲ့ မာမီက အယုံသိပ်လွယ်ခဲ့တာရယ် ပြီးတော့ ဦးအီဆိုင်ရဲ့ အနိုင်ကိုင်ထားနိုင်တဲ့ အချက်တစ်ချက်ကြောင့်ပဲ အစ်ကိုချက် ... "

"အဲဒီအချက်က ဘယ်လိုအကြောင်းအရာမျိုးလဲ ... အစ်ကို အိတုန် ပြောပြနိုင်မလား ... ပြောပြနိုင်ရင်တော့ အစ်ကိုချက်

www.burmeseclassic.com

www.burmeseclassic.com



ပါဝိုင်းပြီး စဉ်းစားပေးလို့ရတာပေါ့ အိတုန်"

ချက်က မခံမရပ်နိုင်ဟန် မာနရှိနေသော အိအိတုန်အား ကြည့်၍ ပြောလိုက်ပါ၏။

ထိုရောအခါ အိတုန်သည် လိမ္မာပါးနပ်စွာပဲ ပြော ပါလေသည်။

"သူစိမ်းတစ်ယောက်ဖြစ်တဲ့ အစ်ကိုချက်ကို တုန်တို့ အတွင်း ရေးတွေကို တကယ်ဆို ထုတ်မပြောသင့်မှန်း တုန်သဘော ပေါက်ပါတယ် ... ဒါပေမဲ့ အစ်ကိုချက်ဟာ ဒုစရိုက်အမှုထမ်း ခုကို မလွဲမရှောင်သာ ကျူးလွန်ခဲ့မိလို့ မတိမ်းမရှောင်နိုင်သ ရေးကို ရောက်လာခဲ့တယ် ... ဒီလိုပါပဲလေ လူဆိုတာ ကိုယ့် အသိုက်အမြုံပျက်စီးမှာစိုးလို့ ရသလိုကြံပြီး တည်ဆော ကြတာပါပဲ ... ရေနစ်သူဟာ ကောက်ရိုးတစ်မျှင်ဖြစ်ပါစေ အားကိုးအားထားပြုမိကြပြီး ... လှမ်းဆွဲကြသေးတာပဲ ကိုချက် မာမီနဲ့ တုန်က ဗီဇကြောင့်မဟုတ်ဘဲ အခြေအ တစ်ခုကြောင့် ဆိုးခဲ့ရတာလို့ပဲ ထင်ထားကြတဲ့အတွက် အ လို ထုတ်ပြောခဲ့မိတာပါ ... နောက်တော့ အစ်ကိုချက် သိ လာမှာပါ ... အခုတော့ စောပါသေးတယ်"

အိအိတုန်က ပြောပြီး နေရာမှထကာ အင်တာ ကွန်းရှိရာသို့ သွားသည်။ အင်တာကွန်းဖြင့် စားသောက်ထားသည့်



များ ရှင်းလိုကြောင်း လှမ်းပြော၏။ စာရွက်ကို အိအိတုန်အား ပေး သည်။

ကျသင့်ငွေကို ပေးချေလိုက်ပါ၏။

ငှင်းနောက် နံ့သာဝိုင်း စားတော်ဆက်နှင့် အိအိ တုန်တို့ ပြန်ခဲ့ကြပါ၏။

နေက မြင့်တက်စပြုနေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ချမ်းမြေ့ရိပ်မြုံပြန်ရောက်ပြီးနောက် ချက်တစ်ရေး အိပ်သည်။ အိပ်ရာမှ နိုးတော့ နေညို့စပြုနေခဲ့ပါ၏။

ရေချိုးခန်းသို့ဝင်ကာ ရေမိုးချိုးလိုက်သည်။

အိပ်ခန်းပြန်ကာ တီရှပ်အပြာနုရောင်နှင့် ဂျင်းပင်(န်) အပြာနုရောင်ကိုပဲ ဝတ်သည်။

အပေါ်က အပြာနုရောင် ဂျင်းဂျက်ကက်ကို ထပ် ဝတ်သည်။

ဘယ်မှမသွားဘဲ အခန်းရှေ့ ဆက်တီခုံမှာပဲ ထိုင်နေ မိ၏။

စေ့ထားသော အခန်းတံခါးကို ကိုဖိုးအာ တွန်းဖွင့် ဝင်လာခဲ့သည်။



"လာထိုင် ကိုဖိုးအာ"

"မထိုင်တော့ဘူး ကိုချက် ... ညနေစာစားပြီးရင် ဦးအီဆိုင်က တိုက်ထဲကိုလာခဲ့ပါလို့ ကျုပ်ကို ပြောခိုင်းလိုက်တယ်"

"အော်၊ ဟုတ်ကဲ့၊ ကျွန်တော် သွားလိုက်ပါ့မယ် ကိုဖိုးအာ"

ကိုဖိုးအာ အခန်းတွင်းမှ ပြန်၍ ထွက်သွားပါ၏။

ညနေစောင်းစပြုချိန်တွင် မြသွယ် ရောက်ရှိလာခဲ့ သည်။

ချက် ညနေစာ စားသောက်လိုက်သည်။ မြသွယ် သိမ်းဆည်းကာ ချမ်းမြေ့ရိပ်မြုံတိုက်ကြီးသို့ မပြန်ခင် ဦးအီဆိုင်က ချက်အား မှောင်စပျိုးချိန်တွင် လာရောက်စေလိုကြောင်း ပြောပြီး ပြန်ထွက်သွားခဲ့ပါလေသည်။

နေဝင်သွားပြီးနောက် ချမ်းမြေ့ရိပ်မြုံခြံ အရှေ့ပိုင်း တွင် လျှပ်စစ်မီးရောင်များ လင်းလက်လာခဲ့သည်။

ချက်သည် အခန်းတွင်းမှ ထွက်ကာ ချမ်းမြေ့ရိပ်မြုံ သို့ လျှောက်ခဲ့ပါ၏။ ခြံအနောက်ပိုင်းတွင် အမှောင်က ကြီးစိုးနေခဲ့ ပြီး ခြံအရှေ့ပိုင်းတွင်သာ လင်းနေခဲ့သည်။ ချမ်းမြေ့ရိပ်မြုံ ဆင်ဝင် အောက်တွင် ဆပ်(ဖ)ကားတစ်စီး ရှိနေပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စံပယ်တင်မွဲ့ရှိပါလေသော အမျိုးသမီးသည် မမခက်ဖြစ်ပြီး အငယ်မသည် မမသက်ဟူ၍ ချက် သိလိုက်ရသည်။

"ချက်ပဲ ခေါ်မယ်နော်၊ ခက်က နှစ်ဆယ့်ခြောက်ထဲမှာလေ ရွယ်တူလောက်တော့ ရှိလိမ့်မယ်ထင်တာပဲ"

ချက်သည် သွားစွယ်ဖြူဖြူကလေးပေါ်အောင် ပြုံးမိတော့သည်။

"ဟုတ်ပါတယ်၊ မခက်က သိပ်အခန့်အမှန်းတော်တာပဲ ချက် အသက်ကလည်း နှစ်ဆယ့်ခြောက်ထဲမှာပါ။ ချက်လို့ပဲ ... မခက်ခေါ်နိုင်ပါတယ်"

"ဒါဆိုရင် မသက်ကတော့ အစ်ကိုချက်လို့ပဲ ခေါ်ရတော့မှာပေါ့နော်"

ထူအမ်းအမ်း နှုတ်ခမ်းလေးကို မဲ့ကာ မမသက်ဖြောပါလေတော့၏။ အားလုံး ပြုံးလိုက်မိကြပါလေ၏။

"ကဲ၊ အခု လူစုံပြီဆိုတော့ လုပ်ငန်းအကြောင်းကို ပြောပြမယ်၊ အားလုံး သေသေချာချာနားထောင်ပါ"

လက်မှ နာရီကို ဦးအီဆိုင် စကားရပ်ပြီး ကြည့်သည်။

"ဒီကို သူရရယ်၊ သပိတ်ရယ်၊ ပွဲနင်းစံကော်ရယ် ညရှစ်နာရီမထိုးခင်ရောက်လာလိမ့်မယ်၊ အခုဒီမှာလူအင်အားငါးယောက်



ရှိတယ် ... သူရတို့သုံးယောက်ပေါင်းရင် ရှစ်ယောက်တိတိပဲ၊ ဒီနေ့ည ဆယ့်နှစ်နာရီမထိုးခင် ငှက်ပျောကျွန်းနဲ့ သိပ်မဝေးတဲ့ ကျွန်းတစ်ကျွန်းမှာ ကွန်းမောင်တို့အဖွဲ့ ရန်ကုန်က ပုလဲအဝယ်တော်တွေနဲ့ အရောင်းအဝယ်လုပ်ကြမှာလို့ ပွဲနင်းစံကော် သတင်းရထားတယ်၊ အဲဒါကို ငါတို့ အုပ်စုဖြတ်လုကြမယ်၊ ကွန်းမောင်တို့အဖွဲ့ကို ဒီလိုဆုံးမမှဖြစ်မယ်လေ၊ ငါတို့ဘက်ကငါး တစ်ဘက်နိုင်ငံကိုရောင်းတဲ့ ဈေးကွက်မှာ တမင်ဈေးကွက်ကို ဝင်ဖျက်နေတာကြာပြီ"

"ဟုတ်တယ် ဒယ်ဒီ၊ သူတို့ အရောင်းအဝယ်ဖြစ်ပြီးမှ ဝင်တိုက်မလား၊ ဒါမှမဟုတ် အရောင်းအဝယ်မဖြစ်ခင် စီးရမှာလား"

ဦးအီဆိုင် အကြည့်က မမခက်ဆီသို့ 'အ'ရန်ကောဟူသည့် အကြည့်ဖြင့် ကြည့်ပါလေ၏။

"အရောင်းအဝယ်မဖြစ်ခင် ဝင်စီးရင် ဒက်ဒီတို့ တိုက်ရခိုက်ရခက်သွားမှာပေါ့ ... ငှက်တစ်ကောင်ကို မြားချက်တစ်ချက်တည်းနဲ့ ပစ်လို့ရချင်ရမယ်၊ ငှက်နှစ်ကောင်ကို မြားချက်တစ်ချက်တည်းနဲ့ ထိမှန်အောင်ပစ်ဖို့ဆိုတာက ဘယ်လိုမှမဖြစ်နိုင်ဘူးလေ၊ ငါးတစ်ကောင်ကို ငါမျှားချိတ်နဲ့ မျှားလို့ရတယ်၊ ငါးအများကြီးကိုတော့ ပိုက်ကွန်နဲ့ ပစ်မှာပဲရမှာ

www.burmeseclassic.com



ဒီတော့ သူတို့နှစ်ဖွဲ့စလုံး အရောင်းအဝယ်ဖြစ်တဲ့ အချိန်ကျမှ ဝင်စီးရမယ်၊ ဆိုလိုတာက သူတို့နှစ်ဖွဲ့ အဲဒီအချိန်မှာ ဘာကိုမှ ဂရုမစိုက်တော့ဘူး၊ ငွေနဲ့ ပစ္စည်းအပေါ်မှာပဲ အာရုံရောက်နေကြမှာ သေချာတယ်လေ"

ဦးအီဆိုင်က ချက်ကို လှမ်းကြည့်လိုက်ပြီး ... ။

"ဒီအဖွဲ့မှာ ချက်က လူသစ်၊ လူသစ်ဆိုတော့ ချက် အရည်အချင်းကို စစ်ဆေးမှာလေ၊ ဒီနေရာမှာ လက်ရုံးရည် ရောနှလုံးရည်ပါ စစ်ဆေးမှုဖြစ်မယ်လို့ ကျုပ်ထင်တယ်၊ ကျုပ်တို့ ဒုစရိုက်အဖွဲ့ဆိုတော့ သင်ခန်းစာမရှိဘူး၊ ရတဲ့အခြေအနေကို တွက်ပြီး အဆင်ပြေအောင် လုပ်တတ်ဖို့ပဲလိုတယ်၊ မင်း သေနတ် ပစ်တတ်သလား ချက်"

"ချက် သေနတ်ပစ်တတ်ပါတယ် ... အသက်ဆယ့်ခြောက်နှစ်လောက်ကတည်းက ချက် ဦးလေးနဲ့အတူ သေနတ်ပစ်ကွင်းလိုက်သွားတတ်တယ်၊ နောက်တော့ သေနတ်ပစ်လေ့ကျင့်ခွင့်ရခဲ့ပါတယ်၊ သေနတ်ပစ်အသင်းဝင်ဖြစ်လာတယ်၊ ပြိုင်ပွဲဝင်အဆင့်အထိတော့ မရောက်ခဲ့ပါဘူး ဆရာကြီး"

"ကောင်းပြီလေ၊ မမဆက်နဲ့ မမခက်က လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်တစ်လက်စီယူခဲ့ကြ၊ သူရတို့လာရင် လက်နက်ပါလာမှာပဲ၊ ဒါပေမဲ့ ယူလာခိုင်းတဲ့ သဘောကို မမသက်ရော မမခက်ပါ



နားလည်ကြမှာပါ၊ ပင်လယ်ပြင်မှာ ကင်းလှည့်ရေယာဉ်နဲ့ တွေ့တဲ့အခါ ရှင်းနိုင်လင်းနိုင်အောင် လိုရမယ်ရယူလာခိုင်းတာ"

ဆက်တီခုံမှ မမခက်နှင့် မမသက်တို့ ထလိုက်ကြသည်။ အောက်ထပ်ရှိ အိပ်ခန်းထဲသို့ ဝင်သွားကြ၏။

မမခက်ရော မမသက်ပါ ဂျင်းဂျက်ကက်၊ ဂျင်း ... ဘောင်းဘီရှည် အစိမ်းရောင်တွေချည်း ဝတ်ထားကြသည်။

တင်းရင်းဖွံ့ဖြိုးသော တင်သားများနှင့် လိုက်ဘက်ညီသော ပေါင်လုံးပေါင်တံ ပိုင်ဆိုင်ထားကြသည်။

ခန္ဓာကိုယ်၏ အဆက်အပေါက်များက ဖွံ့ဖြိုးလွန်းသည်။ ပူပြင်းသော ခန္ဓာအလှပိုင်ရှင်ပဲ ဖြစ်ပါလေ၏။

ယောကျ်ားသားများကို ရင်ဆိမ့်ခုန်စေသော အလှပိုင်ရှင်များပဲသည်။ မြန်မာအမျိုးသမီးများထဲတွင် မြင့်မားသော အရပ်တုပဲ ခေါ်ဆိုနိုင်ပါလေသည်။

မမသက်ရော မမခက်ပါ ပြန်ထွက်လာခဲ့ကြသည်။

ဦးအီဆိုင် ထိုင်ရာမှ ထလိုက်ပြီး ... ။

"သွားစို့၊ သူရတို့ မကြာဘူး ရောက်လာတော့မယ်"

အားလုံး တိုက်အတွင်းမှ ထွက်ခွာလိုက်ကြသည်။

ချက်တို့ ... ထွက်ခွာပြီးနောက် တိုက်တံခါးပိတ်သံ ကြားလိုက်ရသည်။ ခြံအနောက်ဘက်သို့ လျှောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံအနောက်ဘက် တံခါးကို ဦးထွန်းမြိုင်က အသာအယာဖွင့်ပေးသည်။ ဦးအီဆိုင် မှာထား၍ အသင့်ကြို့ရောက်နေပုံနှင့်ရှိသည်။

"ကျုပ်တို့ ထွက်ပြီးတာနဲ့ ခြံတံခါးကို ပိတ်လိုက်တော့၊ ကိုထွန်းမြိုင်၊ မနက်ဖြန်ညနေကို ရေး ဆိပ်ကမ်းမှာ အိအိတုန်ကို ကားနဲ့လာကြိုခိုင်းလိုက်ပါ"

"ဟုတ်ကဲ့ ဆရာကြီး၊ စိတ်ချပါ၊ ကျုပ် အိအိတုန်ကို ပြောလိုက်ပါ့မယ်"

အဝေးမှ မောင်းလာသော အင်ဂျင်စက်သံသဲ့သဲ့ကို ကြားရသည်။

စက်သံက တစစနှင့် ပို၍ နီးကပ်လာခဲ့သည်။ စည်ရိုးတံခါးအတွင်းမှ ထွက်လိုက်ကြသည်။

ဦးထွန်းမြိုင်က စည်းရိုးတံခါးကို ပိတ်လိုက်ပါလေ၏။

ချောင်းစွယ်အတွင်း ... လရောင်က ဖြန့်ပက်ထားသည်။

ချောင်းရေက ရေတက်ချိန်ဖြစ်၍လားမသိ မြင့်တက်နေသည်ဟု ချက် ထင်ပါ၏။

ချောင်းစွယ်နဘေးသို့ ချက်၊ မမခက်၊ မမသက် ... ဦးထွန်းဝနှင့် ဦးအီဆိုင်တို့ လျှောက်ခဲ့ကြသည်။



အင်ဂျင်စက်သံက လျော့ကျသွားသည်။

ချောင်းစွယ်အတွင်းသို့ သင်္ဘောတစ်စီး ဝင်ရောက်လာခဲ့ပါ၏။

ဦးအီဆိုင်က သူ၏ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ လက်အတွင်းသို့ ဘော(လ်)ပင် ဓာတ်မီးသေးကလေး မီးပွင့်ချည် ပိတ်ချည် လင်းသွားခဲ့သည်။

မီးနှစ်ခါပွင့်သွားပြီးနောက် ဦးအီဆိုင်က သူ၏ ဂျက်ကက်အိတ်အတွင်းသို့ ထည့်ကာ သိမ်းဆည်းလိုက်သည်။

ချောင်းအတွင်း ဝင်လာသော သင်္ဘောမှ မီးအလင်းရောင်တစ်ချက်တည်းလင်းသွားပြီး ထပ်မံလင်းမလာတော့ပေ။

"သေချာတယ် ... ကိုထွန်းဝ ... ဒါ သူရတို့ သင်္ဘောပဲ"

ဦးအီဆိုင်က ဦးထွန်းဝကို လှမ်းပြောသည်။

ခဏအကြာတွင် သင်္ဘောက ချက်တို့ ရပ်နေသည့်နေရာတွင် စက်ရှိန်သတ်၍ ကမ်းထိုးလာခဲ့သည်။

သစ်သွားခွ ငါးဖမ်းသင်္ဘောတစ်စင်းဖြစ်သည်။

လူဆယ်ယောက်ပါ ငါးဖမ်းသင်္ဘောတစ်စင်းဖြစ်ပါ၏။ သင်္ဘောပေါ်တွင် ကိုသူရ၊ သပိတ်နှင့် ပွဲနင်း တစ်ဦးပါလာခဲ့သည်။

ဦးအီဆိုင်တို့ လူစု ငါးဖမ်းသင်္ဘောပေါ်သို့ ... တက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

ပုံနှင်းအပါအဝင် သဘော်သား ဆယ်ယောက်စီ ငါး ဖမ်းသင်္ဘောငယ် အမျိုးအစားပဲဖြစ်ပါလေ၏။

သင်္ဘောအင်ဂျင်မှာ မြင်းကောင်ရေ (၄၅)ကောင်အားရှိပါ၏။

ပုံနှင်း စံဘော်က ချက်အား တစေ့တစောင်းကြည့်သေးသည်။ ဘာမှတော့မမေး။ ပုံနှင်းစံဘော်က သင်္ဘောကို မောင်းထွက်ခဲ့သည်။

သင်္ဘောဦးကို ပြန်လှည့်ကာ ချောင်းအတွင်းမှ ထွက်ခွာလိုက်ပါသည်။ သပိတ်သည် သင်္ဘောအင်ဂျင်ကို စက်ရှိန်မြှင့်ပေးလိုက်သည်။

သင်္ဘောက ချောင်းစွယ်အတွင်းမှ ထွက်ခွာသွားပါလေသည်။

ချမ်းမြေ့ရိပ်မြုံတိုက်ကြီးက ဝေဝါးစွာ ကျန်ရစ်ခဲ့ပါ၏။



## အခန်း(၁၂)

ပင်လယ်ရေလှိုင်းများက နိမ့်ချည်မြင့်ချည် ရှိနေခဲ့သည်။

ပင်လယ်ရေမြင်မှာ ဆမ်းစ လရောင်ကြောင့် ငွေသားရောက် တလက်လက်ထ,နေခဲ့ပါလေ၏။

သင်္ဘောဦးက ရေလှိုင်းများကို ခွဲကာ ရေပျော်ငါးတစ်ကောင်လို ပေါ်လွှားနေခဲ့သည်။

ဦးအိဆိုင်သည် ကိုသူရအား လှမ်းကြည့်လိုက်ပြီး ...

"သေနတ်တွေပါတယ်မဟုတ်လား သူရ၊ ချက်ကို သေနတ်တစ်လက်ပေးလိုက်ပါ၊ ဘာပဲဖြစ်ဖြစ် လိုရမယ်ရ သေနတ်ကိုယ်စီကိုင်ထားကြရမယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီလူ သေနတ်ရေးပစ်တတ်လို့လား

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဆိုတာ မပစ်တတ်ရင် တုတ်လောက်တော့ တန်ဖိုးမရှိဘူး ဆရာကြီး"

ကိုသူရသည် ချက်အား လှမ်းကြည့်ကာ ပြောလိုက်သည်။ ကိုသူရ၏ အကြည့်က ချက်အား သေနတ်တော့ မပစ်ခတ်တတ်ဟု ထင်ထားပုံရလေသည်။

လေက တဟူးဟူး တိုက်ခတ်နေခဲ့၍ ချက် ကောင်းစွာကြားရ၏။

သို့သော် ... ။

အခြေအတင်မဖြစ်လို၍ ချက် ဘာမှပြန်မပြောခဲ့။

"ပေးလိုက်စမ်းပါ သူရ၊ ဒါ ချက်ကို ဝင်ခွင့်အရည်အချင်း စစ်နေတာ၊ လူတစ်ယောက်ကို နေရာပေးဖို့အတွက် ငါ ဘယ်လိုဆုံးဖြတ်တတ်သလဲဆိုတာ၊ မင်းအသိသားပဲ စကားနဲ့တိုက်ခိုက်တတ်တာမျိုး ငါ့အဖွဲ့မှာ ရှိနေဖို့မလိုဘူး၊ သက်သေပြနိုင်ဖို့ပဲလိုတယ်၊ သူ့ အရည်အချင်းသိရမှ သူနဲ့ ထိုက်တန်တဲ့နေရာ ပေးလို့ရမယ်လေ"

ဦးအီဆိုင်က ကိုသူရအား ရှင်းပြလိုက်သည်။

ကိုသူရ ငြိမ်ကျသွားပါ၏။

သဘောက ကျွန်းစုအတော်များများကို ဖြတ်ကျော်လာခဲ့သည်။



ပွဲနင်း စံဘော်က အင်ဂျင်ဒရိုင်ဘာလုပ်နေသူ ... သပိတ်ကို ပွဲကိုင်ရင်း လှမ်းပြောလိုက်သည်။

"ရှေ့က ကျွန်းလွန်တာနဲ့ စက်ရှိန်ကို လျှော့ချလိုက်တော့ သပိတ် ကွန်းမောင်တို့ အရောင်းအဝယ်လုပ်မှာ ဟိုးရှေ့က ကျွန်းပဲ"

ကျွန်းစုလေးတစ်စုကို လွန်သွားသည်။

သပိတ်သည် အင်ဂျင်စက်ကို လျှော့ချလိုက်ပါ၏။

"ဆရာကြီး၊ ရှေ့နားမှာပဲ ကပ်မှဖြစ်မယ်"

ပွဲနစ်စံဘော်က လှမ်းပြောသည်။

"အေး၊ ငါသဘောပေါက်တယ်၊မင်းသဘောပေါ်မှာ ပဲနေခဲ့လေ"

ကိုသူရသည် ချက်အား သူ၏ ခါးကြားမှ ကိုးမမပစ္စတိုတစ်လက်အား လှမ်းပေးသည်။

ချက် လှမ်းယူကာ ... ခါးကြားမှ သေချာထိုးလိုက်သည်။

သပိတ်သည် သဘောအတွင်းရှိ နိုင်လွန်ငါးဖမ်းပိုက်များအောက်မှ အပေါ့စား အမေရိကန်လုပ် သေနတ်တစ်လက်ကို ဆွဲထုတ်ကိုင်ဆောင်လိုက်ပါ၏။

ခါးကြားမှ ပစ္စတိုကို ဆွဲထုတ်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်မှ မမသက်နှင့် မမခက်က ဆင်းကာ ကမ်းပေါ်တက်သွားကြသည်။ သဗိတ်က သင်္ဘောဦးကြိုးကို ဆွဲကာ ကမ်းပေါ်တက်သွားသည်။

သေနတ်သိုင်းကြိုးကို လွယ်ကာ တောင်ပိန္နဲပင်တစ်ပင်၏ ပင်စည်နှင့်ကပ်ကာ ကြိုးကို ချည်လိုက်ပါ၏။ ဦးထွန်းဝ လမ်းပေါ်တက်သွားသည်။

ပစ္စတို၏ ကျည်ကပ်ကို ချက် ဖြုတ်ပြီး စစ်ဆေးလိုက်သည်။

ကျည်တောင့် အပြည့်ရှိသည်မို့ ကျည်ကပ်ကို ပြန်၍ တပ်လိုက်သည်။

ချက်ကို ကြည့်ကာ ဦးအီဆိုင် ခေါင်းကို တဆတ်ဆတ်ညိတ်ပါလေသည်။

သေနတ်ကိုင်ဆောင်သူသည် မိမိ ကိုင်ဆောင်သော သေနတ်ကျည်ရှိမရှိ ကြည့်ရမှာပဲဖြစ်ပါ၏။

ချက် ခါးကြားထဲသို့ ပစ္စတိုကို ပြန်လည်ထိုးထည့်လိုက်သည်။

ဦးအီဆိုင်နှင့် ကိုသူရတို့ သင်္ဘောပေါ်မှ ကမ်းပေါ်သို့ တက်လိုက်ကြသည်။

"ငါတို့အားလုံး သစ်ပင်ရိပ်ခိုပြီး ကမ်းနားစပ်က လျှောက်ကြမယ်၊ ငါ့အမိန့်မရဘဲ ကိုယ့်သဘောနဲ့ကိုယ် ဘာမှမလုပ်ကြပါနဲ့၊ ကိုယ့်ခြေသံကို ကိုယ်လုံအောင်တာဝန်ယူပါ"



ဦးအီဆိုင်က အားလုံးကို ဝေ့ကြည့်ကာ ခပ်အုပ်အုပ်ပြောလိုက်သည်။

သစ်ပင်ရိပ်ခိုကာ ... တရွေ့ရွေ့ချဉ်းကပ်ခဲ့ကြတော့သည်။

ကျွန်း၏ ကမ်းစပ်ပိုင်းမှာ သစ်ပင်ကြီးငယ်များ ထူထပ်စွာ ပေါက်ရောက်နေခဲ့၍ ချက်တို့ လူစုအား အကာအကွယ်ပေးထားသည်သို့ ဖြစ်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတားအဆီးမရှိ အော်ဟစ်ပြောဆိုနေ၍ ဦးအီဆိုင်တို့အဖွဲ့ကြားလည်းကြား မြင်လည်းမြင်နေရပါ၏။

ကျွန်တော်တို့ ပစ္စည်းအလဲအလှယ်လုပ်နေသည့် — နေရာက ကမ်းစပ်နှင့် မဝေးလှ။

ကွန်းမောင်နှင့် အဖွဲ့တွင် လူငါးဦး။ ကျွန်တစ်ဖွဲ့တွင် လူငါးဦးတစ်ဖွဲ့ပဲဖြစ်သည်။

နှစ်ဖွဲ့လုံး သေနတ်တွေ ကိုယ်စီကိုင်ထားကြပါလေသည်။

ဦးအီဆိုင်သည် ချက်အား ကြည့်လိုက်ပါ၏။

"ဒီအဖွဲ့မှာ ချက်ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးလိုက်မယ်၊ ချက်ရဲ့ အမိန့်ကို ကျန်တဲ့သူအားလုံး နားထောင်ကြရမယ်၊ အဖွဲ့ခေါင်းရဲ့ သဘောအတိုင်းဖြစ်ရမယ် ချက်ကလည်း ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ပါ။ ဒါပဲ သွားကြတော့"

ချက် ဦးဆောင်၍ ဦးထွန်းဝ၊ သပိတ်၊ သူရ၊ မမသက်နှင့် မမခက်တို့ ကျွန်းအတွင်းပိုင်းသို့ ထွက်ခွာလိုက်ကြသည်။

ဦးအီဆိုင် ကျန်ရစ်ခဲ့ပါ၏။

ခြေသံကို လုံအောင်နင်း၍ ချက်တို့အဖွဲ့ ကွန်းမောင်တို့အနီးသို့ ချဉ်းကပ်ခဲ့ကြသည်။

ကွန်းမောင်တို့ရှေ့တွင် သားရေသေတ္တာကြီး နှစ်လုံးချထားသည်။

တစ်ဘက်အဖွဲ့ခေါင်းဆောင်ထံတွင် အတက်(ချ)ကေ့(စ်)တစ်လုံး ကိုင်ထားသည်။

"ခင်ဗျားတို့လိုချင်တာတွေအားလုံး ဒီသေတ္တာထဲမှာပါတယ် ခင်ဗျားကိုယ်တိုင် စစ်ဆေးပါ ဦးလှအောင်"

တစ်ဘက်အဖွဲ့ခေါင်းဆောင်က လက်ထဲမှ အတက်(ချ)ကေ့(စ)ကို သူ၏ အနီးရှိ သူတစ်ယောက်အား ပေးလိုက်သည်။

ကွန်းမောင်တို့ ရှေ့သို့ ရောက်လာသည်။

ကွန်းမောင်က သားရေသေတ္တာနှစ်လုံးကို တစ်လုံးဖွင့်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှအောင်က စစ်ဆေးကြည့်ရှုပြီး ခေါင်းကို ညိတ်ပြလိုက်၏။ အတက်(ချ)ကော့(စ)ကိုင်သူက ကွန်းမောင် အနီးသို့ တိုးကာ အတက်(ချ)ကော့(စ)ကို ဖွင့်ပြလိုက်သည်။

သပိတ်သည် လွယ်ထားသောသေနတ်ကို ဖြုတ်ကာ ကွန်းမောင်အား ထိုးချိန်လိုက်သည်။

ချက်သည် သပိတ်၏ လက်အား ဆတ်ခနဲ ဖမ်းချုပ်လိုက်သည်။ သပိတ် လှုပ်ရှား၍ မရတော့။

"သပိတ်ကို လွှတ်လိုက်စမ်းပါ ပေ့လူ"

ကိုသူရသည် ချက်အား စူးစိုက်ကြည့်၍ ပြောလာပါ၏။ စကားသံက မာကြောနေခဲ့သည်။ မကျေမနပ်ဖြစ် နေပုံရပါလေသည်။

"ကျုပ် အနိုင်ကျင့်တာမဟုတ်ဘူး၊ ကိုသူရ၊ မလိုအပ်ဘဲ သေနတ်ကို မသုံးစေချင်လို့၊ ကျုပ်တို့အနီးကပ်ရနိုင်သမျှ နီးအောင်တိုးကြရမယ်၊ ပြီးတော့ နှစ်ဘက်ခွဲပြီး အလစ် ဝင်တိုက်မယ်၊ ကျုပ်ရယ်၊ ဦးထွန်းဝနဲ့ မမခက်က တစ်ဖွဲ့နေမယ်၊ အခု သူတို့ ပစ္စည်းအရောင်းအဝယ်လုပ်နေတဲ့ နေရာက တောရှင်းတယ်၊ ဒါပေမဲ့ နှစ်ဖွဲ့လုံးရဲ့ နောက်ကျောမှာ အပင်ကြီးတွေရှိနေတယ် ... အဲဒါ ကျုပ် တို့အဖွဲ့အတွက် အခွင့်အရေးပဲ"



ကိုသူရသည် ချက်အား ကြည့်၍ ပြောပြန်သည်။

"ကျုပ်ကတော့ သေနတ်ပဲသုံးပြီး တိုက်ခိုက်ချင်တယ်၊ ချက် ကြောက်နေတာလား၊ သေနတ်ကိုသုံးရင် အချိန်တိုတို အတွင်း ပွဲပြီးသွားမှာပဲ၊ လက်ရုံးအားကိုးပြီး တိုက် ရတာက သိပ်မသေချာဘူး ချက်"

မမခက်၏ အကြည့်က ကိုသူရထံသို့ ရောက်ရှိလာသည်။

"သူက အဖွဲ့ခေါင်းဆောင်ပဲ ကိုသူရ၊ ကိုချက် စကားကိုပဲ နားထောင်ရမယ်လေ၊ သေနတ်သုံးရင် ကင်းလှည့် ရေယာဉ် တွေရောက်လာရင် ရှင်းရခက်ကုန်မယ်၊ ဒီကျွန်းက ဒီးဖြူသောင်နဲ့လည်း နီးနေတယ်လေ၊ ဒါကိုတော့ ကိုချက် သိမှာမဟုတ်ပါဘူး"

ပြတ်သားစွာပင် မမခက်က ဝင်ပြောသည်။

ကိုသူရသည် ခေါင်းကိုတော့ ညိတ်ပြပါ၏။

သို့သော် ... ။

ကိုသူရသည် မချစ်သော်လည်း အောင့်ကာနမ်းရသည့် အဖြစ်မျိုးပင် ဖြစ်ပါလေသည်။

ကိုသူရနှင့် အဖွဲ့သည် ဦးလှအောင်၏ နောက်ကျောဘက်သို့ ချဉ်းကပ်သည်။ ချက်နှင့်အဖွဲ့သည် ကွန်းမောင်တို့ နောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘက်သို့ ချဉ်းကပ်ပါ၏။

ပစ္စည်းဖောဖက်နေကြ၍ နှစ်ဖွဲ့လုံး ချက်တို့အား — သတိမပြုမိကြပေ။

ချက်သည် … သစ်ပင်ကြီးတစ်ပင်အနီးသို့ ချဉ်းကပ်လိုက်သည်။

သူရောက်ရှိနေသည့် နေရာက ကွန်းမောင်နှင့် အနီးဆုံးပဲဖြစ်သည်။

ချက် နည်းတူ ဦးထွန်းဝနှင့် မမခက်တို့ သစ်ပင်ကြီးများကို အကာအကွယ်ယူလိုက်ကြသည်။

ကိုသူရ ဦးဆောင်သော အဖွဲ့မှလည်း ဦးလှအောင်တို့နောက်ကျောသို့ ရောက်ရှိနေခဲ့ကြပါ၏။

ဦးထွန်းဝနှင့် မမခက်တို့ကို ကြည့်၍ ချက်သည် … လက်ဖြင့် အချက်ပြလိုက်သည်။ ဦးထွန်းဝနှင့် မမခက်တို့ ခေါင်းညိတ်ပြပါ၏။

ချက်သည် ကွန်းမောင်အား အလစ်ဝင်ရောက်တိုက်ခိုက်သည်။ ကွန်းမောင်၏ နံစောင်းကို ညာခြေဦးဖြင့် ထည့်လိုက်ပြီး အနီးရှိ ကွန်းမောင်၏ တပည့်နှစ်ယောက်အား ဘယ်ခြေညာခြေသုံးကာ အပိုင်တိုက်ခိုက်လိုက်သည်။



ကိုသူရ ဦးဆောင်သော အဖွဲ့မှလည်း ဦးလှအောင်နှင့် အဖွဲ့အား အပိုင်တိုက်ခိုက်နိုင်ခဲ့ပါ၏။

ထိုးသံ ကြိတ်သံတွေ ဆူညံသွားသည်။

မာန်သွင်းအော်ဟစ်သံတွေ ပျံ့လွင့်သွား၏။

“ဟိုင်း”

“ဟိတ်”

“အ … အုံး”

မမခက်သည် မြေပြင်ပေါ်မှ လက်နှစ်ဘက်ကို … ထောက်ကာ ရပ်ရန် ကြိုးစားနေသည့် ကွန်းမောင်၏ မျက်နှာကို သူမ၏ ခြေဦးဖြင့် ခပ်ပြင်းပြင်းကန်ထည့်လိုက်သည်။

ကွန်းမောင်အဖွဲ့သားများ အတုံးအရုံး လဲကျသွားကြတော့သည်။

မမသက်နှင့် ဦးလှအောင်တို့ လုံးထွေးရစ်ပတ်နေခဲ့သည်။ ဦးလှအောင်၏ သန်မာသောလက်နှစ်ဘက်က မမသက်၏ လည်တိုင်နုနုကလေးကို ညှစ်မိသွားပြီ။

မမသက် ရုန်းရန်ကြိုးစားသော်လည်း ဦးလှအောင်က အပိုင်ကိုင်ထားခဲ့သည်။

ချက်သည် ဦးလှအောင်၏ အနီးသို့ ပြေးကာ လက်သီးဖြင့် ဘယ်ဘက်နံစောင်းကို ထိုးချလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးလှအောင်သည် မမသက်၏ 'လည်တိုင်ကလေး ကို လွှတ်ပေးလိုက်ရတော့သည်။

ချက်က ဦးလှအောင် ပက်လက်လဲအကျတွင် သူ၏ ရင်ဝကို တံတောင်ဖြင့် အင်အားသုံးကာ ထောင်းချလိုက်ပါလေ သည်။

ကွန်းမောင်တို့ အဖွဲ့ရော ဦးလှအောင်တို့ အဖွဲ့ပါ အိပ်မက်ဘုံကို အလည်အပတ်စုရုံးရောက်ရှိသွားခဲ့ပါ၏။

ချက်သည် ခါးကြားမှ ပစ္စတိုကို စမ်းကြည့်လိုက် သည်။ သတ်ပုတ်ရင်းဖြင့် ကျကျန်ခဲ့မှာစိုး၍ မဲဖြစ်သည်။

ချက်သည် မမခက်နှင့် သပိတ်ကို ကြည့်လိုက်သည်။

"မမခက်နဲ့ သပိတ်က သတိလစ်နေတဲ့ သူတွေဆီက လက် နက်မှန်ရင် အကုန်ယူခဲ့ကြပါ၊ ကျန်တဲ့လူတွေကပါ သေတ္တာ နှစ်လုံးကို အလှည့်ကျသယ်ကြပါ၊ ကျုပ်ကတော့ ဟောဟို က အတက်(ချ်)ကေ့(စ်)ကို သယ်ခဲ့မယ်"

ချက်သည် သူ့အဖွဲ့သားများကို တာဝန်ခွဲဝေသတ် မှတ်လိုက်ပါ၏။

မမခက်နှင့် သပိတ်ဟာ လဲကျသတိလစ်နေသူထံမှ လက်နက်များကို သိမ်းဆည်းခဲ့သည်။ အမေရိကန်လုပ် လက်နက် များနှင့် ပစ္စတိုနှစ်လက်ပေါင်း သေနတ် ဆယ်လက် ရရှိခဲ့ပါ၏။



ကျန်သူများက သားရေသေတ္တာနှစ်လုံးကို အလှည့် ကျ ကမ်းနားသို့ သယ်ဆောင်ခဲ့ကြသည်။

ချက်သည် ငွေစက္ကူများပါသော အတက်(ချ်)ကေ့(စ်) ကို ဆွဲ၍ နောက်မှပါခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ်သို့ရောက်ရှိနေခဲ့သော သားရေသေတ္တာ နှစ်လုံးနှင့် ငွေစက္ကူများပါသော အတက်(ချ်)ကေ့(စ်)ကို ကြည့်ကာ ဦးအီဆိုင် မျက်နှာပေါ်မှာ ဟန်မဆောင်နိုင်လောက်အောင်ပင် ဝမ်းသာမှုက ပေါ်လွင်နေခဲ့ပါလေသည်။

ပွဲနှင့်စံကော်က သဘော်ကို ကမ်းမှခွာလိုက်တော့သည်။ သပိတ်က သဘော်အင်ဂျင်ကို စက်ရှိန်မြှင့်ပေးလိုက်ပါ၏။

မိုးသားတိမ်လိပ်များက ကောင်းကင်တွင် တရိပ်ရိပ်ပြေးလွှားနေခဲ့သည်။

"စခန်းရောက်ဖို့လိုသေးတယ် ... မိုးလွှတ်မှလွှတ်ပါ့မလား စံဘော်"

ဦးအီဆိုင်က ... လေတိုးသံကြားမှ လှမ်းမေးလိုက်သည်။



"လွှတ်ပါတယ် ဆရာကြီး၊ စိတ်မပူပါနဲ့"

စံဘော်က ပွဲကိုင်ရင်းမှ လှမ်းပြောသည်။

ကောင်းကင်မှာ ... ကြယ်ရိပ်လရိပ်ကို မိုးသားတိမ်တိုက်များကြောင့် ရံခါရံဖန်မှသာ တွေ့ရပါလေသည်။

သဘော်က စက်ရှိန်ကိုတင်၍ မောင်းနှင်နေသောကြောင့် ရေပေါ်ရှပ်ပျံ့ဝဲတက်သော ငါးလိပ်စွန်တစ်ကောင်နှယ် လျင်မြန်စွာ ပြေးလွှားနေခဲ့ပါ၏။

ကျွန်းစုစုကလေးများကို တရိပ်ရိပ် ကျော်ဖြတ်နေခဲ့သည်။

"ဒီကျွန်းတွေက လူသူမရှိတဲ့ ကျွန်းတွေလား မခက်၊ ကျွန်းစုကလေးတွေ မနည်းဘူးနော်"

ချက်က သူ့နံဘေးမှလိုက်ပါလာသည့် မမခက်ကို စောင်းငဲ့ကြည့်ရင်း မေးလိုက်မိသည်။

"အင်း ... ဟင် ..."

ချက် အမေးကို မမခက် မသိလိုက်။

မမခက်သည် ချက်၏ယောကျ်ားပီသကာ သန့်ပြန့်ချောမောသောမျက်နှာကို ငေးမောကြည့်နေခြင်းကြောင့်ပဲ ဖြစ်ပါလေသည်။ မမခက်က ချက်ချင်းပင် ဣန္ဒြေဆည်သည်။

ဆင်သေကို ဆိတ်သားရေနှင့် ဖုံးဖို့ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေကတိုးနေတော့ မခက်နားထဲမှာ ချက် ဘာပြောလိုက် သလဲဆိုတာ မသဲကွဲလိုက်ဘူး"

အိပ်ချင်ယောင်ဆောင်သူကို ချက်မနိုးတော့။

"ဒီလိုပါ ချက်တို့တွေ့နေရတဲ့ ကျွန်းစုကလေးတွေက လူသူ မရှိတဲ့ ကျွန်းတွေလားလို့ မေးတာပါ မခက်"

"ကျွန်းအတော်များများက လူမရှိကြတာများပါတယ်၊ တချို့ ကျွန်းတွေကျတော့လည်း ငါးဖမ်းလှေတွေ၊ သင်္ဘောတွေ ခေတ္တကပ်ကြတာမျိုးပဲရှိပါတယ် ချက်"

"ကျွန်းတွေကတော့ ဘယ်နေရာကြည့်ကြည့် ညို့နေတာပဲ နော် မခက်"၊

"ဟုတ်တယ် ချက်၊ တနင်္သာရီကမ်းရိုးတန်းက ကျွန်းတွေ အပေါ်ဆုံးပဲလေ၊ မြိတ်တစ်ခရိုင်ထဲမှာတောင် ကျွန်းပေါင်း (၈၀၀)ကျော်တယ်လေ"

မမခက်က ချက်ကို ရှင်းပြခဲ့သည်။

ကိုသူရသည် ချက်တို့စကားဝိုင်းသို့ မဝင်။

မမခက်နှင့်ချက် စကားဆုံဖြစ်နေကြသည်ကို ကိုသူရ တွေ့ပုံမရတာကတော့ သေချာပါလေသည်။

မမခက်ကမူ ကုန်းပတ်တစ်နေရာတွင် မှေးငိုက်နေ ရှာပါ၏။



သင်္ဘောအင်ဂျင်စက်သံ လျော့ကျသွားခဲ့သည်။

လေက ပိုမိုပြင်းထန်လာခဲ့ပါလေသည်။

ကျွန်းတစ်ကျွန်းသို့သင်္ဘောက ဦးတည်ကပ်နေခဲ့ပြီ။

ဦးထွန်းဝသည် သင်္ဘောဦးကြိုးကိုဆွဲကာ ကမ်းပေါ်သို့ ခုန်တက်သွားခဲ့သည်။

ကမ်းနားစပ်တွင် ပေါက်နေခဲ့သော လမုပင်ကြီး၏ ငုတ်စည်တွင် ဦးထွန်းဝက ကျနစွာချည်လိုက်တော့၏။

မိုးပေါက်က တဖျောက်ဖျောက်ကျလာခဲ့သည်။

ဦးအီဆိုင်က ဂျင်းဂျက်ကက်အိတ်အတွင်းမှသော(လ်) ဒင် လက်နှိပ်ဓာတ်မီးကိုထုတ်ကာ ဖွင့်ချည်ပိတ်ချည် နှစ်ခါထွန်းပြ လိုက်၏။

ကျွန်းအတွင်းပိုင်းမှ လက်နှိပ်ဓာတ်မီးရောင်တစ်ချက် ထွင့်လာပြီး ငြိမ်းသွားခဲ့သည်။

"မိုးရွာလာပြီဟေ့ ... သင်္ဘောပေါ်က ယူစရာရှိတာယူပြီး ဆင်းကြတော့"

ဦးအီဆိုင်သည် အတက်(ချ်)ကေ့(စ်)ကိုကောက်ယူ ရင်းမှ ပြောလိုက်သည်။ သင်္ဘောပေါ်မှ သားရေသေတ္တာနှစ်လုံးကို ချက်၊ ကိုသူရ၊ သပိတ်၊ စံကော်တို့ ဝိုင်းဝန်းသယ်ချလိုက်ကြပါ၏။

ခဏအကြာတွင် ခြေသံများကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုယ်စီလွယ်ထားသော လူဆယ်ယောက် မှန်မီးအိမ်တစ်လုံးနှင့် လာနေသည်ကို တွေ့ကြရသည်။

ရှေ့ဆုံးမှစတော့ကင်းမီးအိမ်ကို ဆွဲလာသူက ဦးအီဆိုင်အနီးသို့ ရောက်ရှိလာခဲ့သည်။

"ယူစိန်ရေ့ ဒီသေတ္တာနှစ်လုံးကို စခန်းကို မြန်မြန်သယ်ဟော့ မိုးကရွာလာပြီ"

"ဟုတ်ကဲ့ ဆရာကြီး"

ယူစိန်ဆိုသူက သူနှင့် ပါလာသူများကို လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။ ယူစိန်နှင့်အတူပါလာသူများက သားရေသေတ္တာနှစ်လုံးကို ဝိုင်းသယ်လိုက်ကြပါ၏။



## အခန်း(၁၃)

ဦးအီဆိုင်နှင့် သူ၏ မမခက်၊ မမသက်တို့ နေထိုင်သာနေရာမှာ စခန်းဟူ၍သာခေါ်ရသော်လည်း ကျွန်းတိုင်များဖြင့် အကျအနဆောက်ထားသော တစ်ထပ်အိမ်ကြီးတစ်လုံးဖြစ်သည်။

အင်ဖက်များဖြင့် အမိုးကို သေသပ်စွာမိုးထားပြီး အခင်းမှာ ဝါးကိုခွဲစိတ်ပြီး သေသပ်စွာခင်းထားသည်။

ဘေးအကာများမှာ ဝါးဘိုးများကို အလုံးလိုက်စီနေအောင် ကာထားခဲ့သည်။ အိမ်ကြီးထဲတွင် အိပ်ခန်းနှစ်ခန်းကိုဝါးတိုင်များဖြင့်ပင် သေသပ်စွာဖြင့် ကာရံထားပါ၏။

အပြင်ဘက်တွင် တစ်ဘက်နိုင်ငံလုပ် ပလတ်စတင်များများ ခင်းထားပြီး အခန်းထောင့်တွင် ကျွန်းသားစားပွဲအဝိုင်းကြီးထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ကျောမှီပါ ကုလားထိုင်များကို တပ်ထားပါ၏။ ကျွန်းစားပွဲဝိုင်းပတ်၍ ကုလားထိုင်များကိုခင်းလိုက်သည်။ သားရေသေတ္တာနှစ်လုံးကို အခန်းဒေါင့်တွင် ချထားခဲ့သည်။ မိုးက တဖျောက်ဖျောက်ရွာနေရာမှ အကျစိပ်လာခဲ့သည်။

ဦးထွန်းဝ၊ ချက်၊ ကိုသူရ၊ စံကော်၊ သပိတ်နှင့် ယူစိန်၊ ဦးအီဆိုင်တို့ စားပွဲကို ဝိုင်းထိုင်လိုက်ကြသည်။

မမခက်နှင့် မမသက်က ခြေရင်းအခန်းထဲသို့ ဝင်ရောက်သွားခဲ့ကြသည်။

"ယူစိန်နဲ့စံကော်ကို ချက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ပွဲနင်း စံဘော်ကတော့ ချက်သိပြီးဖြစ်မှာပေါ့၊ တစ်ခရီးတည်း လာကြတာပဲလေ၊ ယူစိန်ကတော့ ဟော့ဒီစခန်းရဲ့ ကိစ္စအဝဝကို ကျုပ်ရယ်၊ မမခက်၊ မမသက်မရှိခဲ့ရင် သူပဲ တာဝန်ယူထားရတဲ့ စခန်းတာဝန်ခံပေါ့"

ယူစိန်နှင့် စံဘော်က ချက်ကို ပြုံးပြလာပါ၏။

ချက် အလိုက်သင့် ပြုံးပြလိုက်သည်။

"ကွန်းမောင်နဲ့ ကုန်သည်လုအောင်တို့တော့ ဒီဝါစ်ပွဲမှာ အလူးအလဲခံလိုက်ရတာ မကျေနိုင်မချမ်းနိုင်ဖြစ်သွားကြမှာ အမှန်ပဲ၊ ဒါပေမဲ့ နောင်ဆို အီဆိုင်တို့အဖွဲ့ရဲ့ လုပ်ငန်းတွေကို နှောင့်ယှက်ရဲကြတော့မှာတော့ မဟုတ်တော့ဘူးဆိုတာ



သေချာပါတယ်"

ဦးအီဆိုင်က ကျေနပ်စွာ ပြောလာခဲ့သည်။

ကိုသူရသည် ချက်ကို တိုက်ရိုက်မပြောသော်လည်း အနှောင့်အသွားမလွတ်သော စကားကိုတော့ ဆိုပါသေး၏။

"ဆရာကြီး ပြောတာမှန်ပါတယ်၊ ကွန်းမောင်က ပါးပါးနပ်နပ် ရှိလို့ ဒုစရိုက်အလုပ်ကိုလုပ်စားနေတဲ့ တောခွေးတစ်ကောင် ပါ၊ အဖွဲ့အားကိုးနဲ့ မိုက်နေတာပဲ၊ ကွန်းမောင် ခြင်္သေ့ မဟုတ် တာတော့ သေချာပါတယ်"

ချက်သည် ကိုသူရ၏စကားကိုနားလည်လိုက်သည်။

ကိုသူရကိုကြည့်၍ ချက်က ခပ်ပြုံးပြုံးပဲပြောပါလေ

"ကိုသူရပြောတာ မှန်ပါတယ် ... ခြင်္သေ့တို့ ကျားတို့ဆိုတာ တောဘုရင်တွေပါပဲ ... ဒါပေမဲ့ အဲဒီတောဘုရင်တွေဟာ တောခွေးအုပ်ကိုတော့ ကြောက်တတ်ကြတာ အမှန်ပဲ ... ကိုသူရ"

ထိုစဉ်မှာပင် မမခက် အခန်းထဲမှ ထွက်လာပြီး ...

"ချက် ပြောတာ သိပ်မှန်တာပေါ့ ကိုသူရ၊ ကျားတို့ ခြင်္သေ့တို့ဆိုတာ သားကောင်ငယ်တွေကြောက်ကြရတဲ့ ... တော ဘုရင်တွေပါပဲ၊ ဒါပေမဲ့ တောခွေးတွေဆိုတာ အစုအသင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့နေကြတာ ... တောခွေးအုပ်စုနဲ့တွေ့ရင် သူတို့လည်း ကြောက်ကြတာပါပဲ၊ တောခွေးအုပ်ကို ဖြိုနိုင်ဖို့ ခက်တယ် လေ ..."

ကိုသူရ မျက်နှာညှိုးသွားသည်။

ဦးအီဆိုင်သည် နေရာမှထကာ သားရေသေတ္တာ နှစ်လုံးကို ဖွင့်ကြည့်လိုက်သည်။ အထဲမှ ယွန်းသေတ္တာငယ်တစ်လုံး ကို သူထုတ်ယူကာဖွင့်သည်။

အထဲမှာ ဖြူဖွေးကာ တလက်လက်တောက်ပနေ သော သဘာဝပုလဲလုံးများ ရှိနေပါ၏။

ဖွင့်ထားသော ... သားရေသေတ္တာထဲတွင် ဖြူဖွေး သော ငါးကြီးအန်ဖတ်များနှင့် ပုလဲရတနာများသည် မြန်မာနိုင်ငံ၏ သဘာဝအဖိုးတန် ပစ္စည်းပဲဖြစ်သည်။

မသမာသူများကြောင့် ဤအဖိုးတန်ပစ္စည်းများ သည် တစ်ဘက်နိုင်ငံမှ ကမ္ဘာနိုင်ငံအရပ်ရပ်သို့ ရောက်ရှိသွားပေ တော့မည်။

"သပိတ်နဲ့ စံကော် ... သားရေသေတ္တာနှစ်လုံးကို ပိုက်ပြီး ကျုပ်အခန်းထဲမှာ ထည့်ထားလိုက်ပါ"

ယွန်းသေတ္တာကို ပိုက်ကာ ဦးအီဆိုင်သည် သူ၏ အခန်းထဲသို့ ဝင်ရောက်သွားခဲ့ပါ၏။



သပိတ်နှင့် စံကော်က သားရေသေတ္တာနှစ်လုံးကို ဦးအီဆိုင်အခန်းထဲသို့ သယ်သွင်းခဲ့ကြသည်။

ဦးအီဆိုင် ပြန်ထွက်လာသည်။

သပိတ်နှင့်စံကော်တို့ အခန်းထဲမှ ထွက်လာခဲ့သည်။

ကိုသူရသည် ဦးအီဆိုင်ကို ကြည့်လိုက်ပြီး ...

"ဆရာကြီး၊ ကျွန်တော် ဒီမှာမအိပ်တော့ဘူး၊ ကိုယုစိန်နဲ့ပဲ လိုက်အိပ်တော့မယ်"

"ဒီမှာပဲ အိပ်လို့ဖြစ်တာပဲ သူရ"

"စခန်းရောက်တုန်း ကိုယုစိန်နဲ့ စကားပြောချင်တာလည်း ပါလို့ပါ၊ ပြီးတော့ ကိုချက်လည်းရှိနေတယ်လေ"

ဦးအီဆိုင်က ကိုသူရအား ခေါင်းညိတ်ပြလိုက်သည်။

"အားလုံးလည်း ပင်ပန်းနေကြပြီ၊ အဲဒီတော့ အနားယူကြ ဦး"

ဦးအီဆိုင်က အားလုံးကို ဝေ့ကြည့်ကာ ပြောလိုက် သည်။

ကိုသူရ၊ ကိုယုစိန်နှင့် သပိတ်တို့ အိမ်အတွင်းမှ ထွက် ခွာလိုက်ကြသည်။ စံကော်ပါလိုက်သွားခဲ့ပါ၏။

ဦးထွန်းဝနှင့် ချက်တို့ပဲထိုင်ရင်း ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအိဆိုင်နှင့် မမခက်တို့ သူတို့၏ အခန်းတွင်း
ဝင်ရောက်သွားသည်။

မမခက်နှင့် မမသက်တို့ ပင်လယ်ရေမြှုပ်သား ခေါင်း
အုံးတစ်ယောက်လုံးနှင့် စောင်တစ်ထည်စီကိုင်ကာ အခန်းတွင်း
ရောက်လာသည်။

"ရှော့ အစ်ကိုချက် ... ဒီမှာခြင်မကိုက်တော့ ခြင်ထောင်
မပေးတော့ဘူးနော်"

မမသက်က စောင်၊ ခေါင်းအုံးကို ချက်အား လှမ်း
ပေးသည်။

"ကျေးဇူးပဲ မသက်"

"အစ်ကိုလေးချက်ကို၊ ကျေးဇူးတင်ရမှာက မသက်ပါ —
အစ်ကိုလေးချက်သာ ဝင်မကယ်ရင်တော့ ဦးလှအောင်
လက်ချက်နဲ့ ငရဲဘုံရောက်သွားပြီး အခုအထိ လည်တိုင်ရော
နာနေတုန်းပဲ"

မမသက်က လည်တိုင်လေးကို သူမလက်ဖြင့် သပ်
ရပ်ပြောပါ၏။

မမသက်က ဦးထွန်းဝအား စောင်၊ ခေါင်းဦးတို့ လှမ်း
ပေးလိုက်သည်။

"သွားမယ်နော်၊ အစ်ကိုလေးချက်"



မမသက်က အပြုံးလှလှကလေးဖြင့် နှုတ်ဆက်ကာ
သူမ အခန်းသို့ ဝင်ရောက်သွားသည်။

မမခက်သည် ချက်အား လှည့်၍ပင် မကြည့်ပါလေ
တော့။

ဦးထွန်းဝသည် ချက်အား ကြည့်၍ ပြုံးပါလေသည်။
ဦးထွန်းဝ အပြုံးကို ချက် သဘောပေါက်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ဝေလီဝေလင်းအချိန်တွင် ချက် အိပ်ရာမှထ သည်။

ဦးထွန်းဝနှင့်အတူ အိမ်၏ နဘေးရှိ ငါးစည်များကို ရေတိုင်ကီလုပ်ကာ ထည့်ထားသည့် ရေနှင့် ကိုယ်လက်သန့်စင် လိုက်သည်။

အိမ်အတွင်းသို့ ပြန်ရောက်ပြီးနောက် ဦးအီဆိုင်ထ လာခဲ့သည်။ ဦးအီဆိုင် အိမ်အတွင်းမှ ထွက်သွားသည်။

ခဏအကြာတွင် မမသက်နှင့် မမခက်တို့ လင်ပန်း ကိုယ်စီကိုင်ကာ အိမ်အတွင်း ဝင်ရောက်လာခဲ့သည်။

ကျွန်းစားပွဲပေါ်သို့ … လင်ပန်းနှစ်ချပ်ကို တင်ထား လိုက်သည်။



ဦးအီဆိုင် အိမ်ထဲသို့ ပြန်ဝင်လာသည်။

ကျွန်းစားပွဲမှာ ထိုင်သည်။

"ကိုထွန်းဝနဲ့ချက် လာကြလေ၊ ပူပူနွေးနွေးစားမှကောင်း တာ"

ချက်၊ ဦးထွန်းဝ၊ မမခက်နှင့်မမသက်တို့၊ ပလတ်စ တစ်ခုံများမှာ ထိုင်လိုက်ပါ၏။

မမခက်က လင်ပန်းအတွင်းမှ ကြွေပန်းကန်လုံးများ ကို ချက်နှင့် ဦးထွန်းဝရှေ့သို့ ချပေးသည်။

ဦးအီဆိုင်အားမမသက်က ကြွေပန်းကန်လုံးတစ်လုံး ယူကာချပေးသည်။ သူမအတွက်လည်းယူပါ၏။ ကျန်ရှိနေသော ပန်းကန်လုံးကို မမခက် ယူသည်။

တစ်ဘက်နိုင်ငံလုပ် အသင့်စားခေါက်ဆွဲပြုတ်များပဲ ဖြစ်သည်။

ချက်သည် အားရပါးရ စားလိုက်ပါသည်။

အားလုံး စားသောက်ပြီးချိန်တွင် အိမ်အတွင်းသို့ … တိုသူရ၊ ကိုယူစိန်နှင့် လူတစ်ဦးပါလာခဲ့သည်။

ကိုယူစိန်က စားပွဲပေါ်မှ စားသောက်ပြီးစီးသွား သည်ကို သိမ်းဆည်းရန် လက်ဖြင့် ပြလိုက်ပါ၏။

ထိုသူက လင်ပန်းနှစ်ချပ်ကိုတပ်က ပန်းလုံးများကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းပြီး အိမ်အတွင်းမှ ထွက်ခွာသွားပါလေသည်။

ပလတ်စတစ်ခုံများကိုဆွဲကာ ကိုသူရနှင့်ကိုယူစိန်တို့ ထိုင်လိုက်ကြသည်။

ဦးအီဆိုင်သည် စားပွဲတွင် ထိုင်နေကြသူများကို မေ့ ကြည့်ကာ ပြောသည်။

"သူရက ရေးကို ငါနဲ့ပြန်လိုက်ခဲ့ ... မမသက်နဲ့မမခေ ဦးဆောင်ပြီး ကုလားကျွန်းအလွန်မှာ ငါးနဲ့ တစ်ဘက်တ ပစ္စည်းကို ညဘက်မှာ အလဲအလှယ်လုပ်ကြရမယ်"

ဦးအီဆိုင်က မမခက်နှင့် မမသက်ကို ဦးတည်ကာ ပြောလိုက်သည်။

မမသက်၏အကြည့်က ချက်ထဲ ရွေ့လျားလာခဲ့ပြီး

"အစ်ကိုလေး ချက်ကိုရော ဒက်ဒီ ပြန်ခေါ်သွားမှာလား"

"မခေါ်ဘူး၊ သမီးတို့နဲ့ပဲထားခဲ့မယ်၊ ချက် အတွေ့အကြုံရ အောင်ထားခဲ့ရမယ်လေ ... ယူစိန်နဲ့ အဖွဲ့ဝင်ငါးယောက် လောက်ကိုတော့ စခန်းမှာ စခန်းစောင့်ပဲထားခဲ့ပေါ့၊ အဖွဲ့ ခေါင်းဆောင်က မမခက်ပဲ ဦးဆောင်ပါ၊ ကိုထွန်းဝလည်း အတူလိုက်သွားပါ"

"ဟုတ်ကဲ့ ဒက်ဒီ၊ ငါးကြီးအနံ့ဖတ်တွေရော တစ်ခါတည်း —အရောင်းအဝယ်လုပ်ခဲ့ရမလား၊ ဘယ်အချိန်လောက် မခေ



တို့ ပစ္စည်းအလဲအလှယ်လုပ်ရမှာလဲ ဒက်ဒီ"

ဦးအီဆိုင် လက်ဝါးကာပြသည်။

မမခက် ထပ်မမေး အသာငြိမ်နေလိုက်ပါ၏။

ဘောင်းဘီအရှည်အိတ်အတွင်းမှ ကမ်းရိုးတန်းသုံး လက်ကိုင်ဖုန်းကို ဦးအီဆိုင် ထုတ်လိုက်သည်။

ပြီးတော့ ဖုန်းခေါ်သည်။

ဖုန်းဝင်လာသည်။ ဦးအီဆိုင် နားထောင်ပြီးနောက် ဖုန်းပိတ်ကာ ပြန်သိမ်းလိုက်ပါ၏။

"ည(၉)နာရီလောက်မှာ ဒက်ဒီတို့ပိုင် အဏ္ဏဝါရာဇာငါးဖမ်း သင်္ဘောရောက်လာလိမ့်မယ်၊ တစ်ဘက်အဖွဲ့က ဦးလောစံ တို့အဖွဲ့ပဲ အဏ္ဏဝါရာဇာကပါလာတဲ့၊ တန်ချိန်မဟုတ်ဘဲ ဝမ်းပြည့်ပါလာတဲ့ ငါးကိုလဲမှာပဲ၊ ဒက်ဒီတို့ ဘက်ကလည်း သာတယ်နာတယ်မရှိဘူး၊ ဦးလောစံတို့ဘက်ကလည်းပါလာ တဲ့ စိတ်ကြွဆေးပြားဆယ်သေတ္တာနဲ့လဲဖို့ပဲ၊ ဒက်ဒီနဲ့ သူရ အဏ္ဏဝါရာဇာစီးနေတဲ့ ကျွန်းကိုဝင်သွားမယ်"

"မမခက်တို့ အဏ္ဏဝါရာဇာနဲ့ ပါလာမယ့် ဆေးသေတ္တာတွေ ကို ဘာဆက်လုပ်ရမလဲ ဒက်ဒီ"

"ဘာမှ ဆက်လုပ်စရာမလိုဘူး၊ မမခက်တို့ ပစ္စည်းလဲပြီးရင် အဏ္ဏဝါရာဇာနဲ့ စခန်းကိုပြန်ပြီး ပစ္စည်းတွေကို ကျွန်းအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းသိုလှောင်ရုံမှာပဲ သိုလှောင်ထားလိုက်ပါ … နောက် တစ်နေ့ညနေမှာ မမခက်၊ မမသက်နဲ့ ခက်ကို စံဘော်လာ ကြိုလိမ့်မယ်၊ ရေးကို ပြန်လိုက်ခဲ့ကြပေါ့၊ ကိုထွန်းဝကို အစင် ရှာမှာ ချပေးလိမ့်မယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

ဦးအီဆိုင်သည် သမီးအကြီးဖြစ်သူမမခက်ကိုမှာစရာ ရှိတာကိုမှာပြီးနောက် စခန်းအတွင်းမှ ထွက်ခွာခဲ့ပါ၏။

ကိုသူရသည် ဦးအီဆိုင်နှင့်အတူလိုက်ပါသွားခဲ့သည်။

ကိုယုစိန်က သူနှင့်အဖွဲ့သားများနေထိုင်ရာတန်းလျား ရှိရာသို့ လျှောက်ခဲ့ပါလေသည်။



## အခန်း(၁၄)

ရေးဆိပ်ကမ်းမှာ ဆပ်(ဖ်)ကားတစ်စီး ရပ်နေပါ၏။ အနောက်သို့လှမ်းကြည့်သည်။

သူမ မျှော်လင့်ထားသူကို မတွေ့ရဘဲ ကိုသူရကိုပဲ တွေ့ရသည်မို့ သူမမျက်ဝန်းကလေး မှေးမှိန်သွားပါလေသည်။

ရပ်မစောင့်တော့ဘဲ အိအိတုန် ကားမောင်းသူနေရာ တွင် စိတ်ပျက်စွာ ထိုင်စောင့်နေလိုက်ပါ၏။

သေချာသွားပြီ။

အစ်ကိုချက် ပါမလာတော့။

ပြီးတော့ ဦးအီဆိုင်၏ သမီးနှစ်ယောက်ဖြစ်သော မမခက်နှင့် မမသက်လည်း ပါမလာခဲ့။

'ဟင်'ခနဲ သူမသည် သက်ပြင်းတစ်ခုကို ချလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ပါ၏။

ချက်သည် တကယ်ဆို ဦးအီဆိုင်၏ အဖွဲ့သားတစ်ယောက်ပဲဖြစ်သည်။ သတ်ပုတ်ထဲမှပဲသည် ဒီပဲဆိုပါလျှင် ဦးအီဆိုင်လို ဒုစရိုက်ရာဇာတစ်ဦး၏အဖွဲ့ဝင် ချက်သည်လည်း လူကောင်းမဟုတ်ပါလေ။

ဘာကြောင့်များ အဲစ်ကိုချက်ကို အိအိတုန် ခင်တွယ်မိသည်လဲ ... ။

မစဉ်းစားတတ်တော့ပါလေတော့။

ဦးအီဆိုင် အနီးသို့ ရောက်လာသည်။ ကိုသူရ၏ မျက်လုံးတွေက အိအိတုန်မျက်နှာမှအစ ခြေဖျားအဆုံး သိမ်းကျုံးကြည့်ပါလေသည်။

"တက်လေ အန်ယ်(လ်)...အန်ကယ်(လ်)တို့ နှစ်ယောက်တည်းပဲ မဟုတ်လား"

နှစ်ယောက်တည်း မြင်သော်လည်း ချက်ကဘယ်မှာကျန်ခဲ့သည်ကိုသိချင်၍ အိအိတုန် မေးခြင်းပဲဖြစ်သည်။

"ဟုတ်တယ် အိတုန် ... အန်ကယ်(လ်)နဲ့သူရ နှစ်ယောက်တည်းပဲ၊ မမခက်၊ မမသက်နဲ့ ချက်က ကျွန်းမှာကျန်ခဲ့တယ်၊ ကိစ္စဝိစ္စတွေပြီးမှ ပြန်လာကြလိမ့်မယ်၊ အိတုန် မောင်းတော့လေ"



ရေးဆိပ်ကမ်းမှ အိအိတုန်နဲ့ မောင်းထွက်ခဲ့ပါ၏။

စိတ်ထဲတွင် အိအိတုန် ဘာကိုမကျေနပ်ဖြစ်မိသည် မသိ။

လီဘာကို လိုသည်ထက်ပိုနင်းသည်။

သည်တော့ ကားအရှိန်နှုန်းက ကြောက်ခမန်းလိလိပဲဖြစ်ပါလေသည်။

လမ်းမှာ ဆိုက်ကယ်တွေက ညနေခင်းမို့ ရှုပ်ထွေးလှသည်။

အိအိတန်သည် စက်ရှိန်ကို မလျှော့။

အရှိန်ပြင်းသော်လည်း ကားမောင်းကျွမ်းကျင်သူမို့ မတော်တဆကာ ရှောင်တိမ်းခဲ့နိုင်သည်။

မကြာလိုက်။ ရေးမြို့အစွန်အဖျားရှိ ချမ်းမြေ့ရိပ်မြုံခြံရှေ့သို့ ရောက်လာခဲ့ပါ၏။

ကိုဖိုးအာက ခြံတံခါးကို လာရောက်ဖွင့်ပေးသည်။

အိအိတုန် ကားကို ဆင်ဝင်အောက်သို့ မောင်းဝင်ခဲ့ပါ၏။

စက်သတ်ပြီး ကားသော့ကို ဒီအတိုင်းပဲထားခဲ့ကာ ကားပေါ်မှ အိအိတုန်ဆင်းသည်။

ဟထားသော သံဘာဂျာတံခါးကို ဒီအတိုင်းပဲ ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကာ ကားမှ အိအိတုန် တိုက်အတွင်း ဝင်ရောက်ခဲ့သည်။

ကားပေါ်မှ ကိုသူရနှင့် ဦးအီဆိုင်တို့ဆင်းကာ တိုက်အတွင်းသို့ ဝင်လာခဲ့ကြသည်။

ကားသံကြား၍ မြသွယ် အပြေးကလေးထွက်လာခဲ့သည်။

"မမလေးတို့ ပြန်လာပြီလား၊ မမခက်တို့ကော"

"ငါမသိဘူးကွယ် မြသွယ်၊ မခက်တို့ မသက်တို့ကို ငါစိတ်မဝင်စားဘူး၊ နင်လည်း ငါတို့အကြောင်း သိရဲ့သားနဲ့"

"မမလေး စိတ်ဆိုးသွားသလားဟင် ... မြသွယ်က စကားအဖြစ်မေးလိုက်မိတာပါ၊ မမလေးကို သံပရာရည်ဖျော်ပြီး ပြီမို့ ပေးရမလား"

အိအိတုန် မျက်နှာကလေးပြုံတော့မည့်မိုးနှယ် ညှို့နေရာမှ ကြည်လင်သွားသည်။

"အေးဟယ်၊ ခပ်ချဉ်ချဉ်ကလေးဖျော်ပြီး ငါ့အခန်းကို လာပို့ပေးနော်"

"ဟုတ်၊ မမလေး"

အိအိတုန် အပေါ်ထပ်သို့ တက်သွားသည်။

ဦးအီဆိုင်နှင့် ကိုသူရတို့ ကျွန်းဆက်တီခုံတွင် ဝင်ထိုင်လိုက်ကြသည်။



"ဟေ့၊ ငါနဲ့ သူရအတွက် ကော်ဖီခပ်ပြင်းပြင်းလေးဖျော်ပြီး လာပို့ပေးပါ၊ ပြီးတော့ ပေါင်မုန့်ကို ရဲရဲလေးကြွပ်အောင် ကင်ပြီး ထောပတ်သုတ်ခဲ့နော်၊ သကြားတော့ ပါတယ်ဆို ရုံကလေး ဖြူးခဲ့ မြသွယ်"

"ဟုတ်ကဲ့ ဆရာကြီး"

မြသွယ် မီးဖိုဆောင်သို့ ပြန်ဝင်သွားခဲ့သည်။

အိအိတုန်သည် ကိုသူရ ရောက်ရှိလာခြင်းကြောင့် အပေါ်မှ အောက်သို့ ဆင်းမလာခဲ့တော့ပေ။ ကိုသူရသည် အိမ်ပေါ်သို့ တက်ခွင့်မရှိ၍မဟုတ်။ ချမ်းမြေ့ရိပ်မြုံအတွင်းရော အပြင်ပါ ဝင်နိုင်ထွက်နိုင်ပါ၏။ သူသည် ဤတိုက်ကြီး၏ အရှင်သခင် ဦးအီဆိုင်၏ လူရင်းလူယုံတစ်ယောက်ပဲဖြစ်သည်။

သို့သော် ... ။

အိအိတုန်နှင့်ကျတော့ ကိုသူရသည် အဆိပ်မရှိသော မြွေတစ်ကောင်ပမာ ဖြစ်ခဲ့ရသည်။

အိအိတုန်သည် ဦးဝေဠု ... သက်ရှိထင်ရှားရှိစဉ် ကတည်းက ကိုသူရကို အရေးမလုပ်။ ခေါင်းထဲတွင်လည်း ထည့်ထားသည်မဟုတ်။

သည်တုန်းက ... ဦးအီဆိုင်၏ နောက်လိုက်တစ်ဦး အဆင့်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝေဠု ဆုံးပါးသွားသည်။ ဦးအီဆိုင်သည် ချမ်းမြေ့ရိပ်မြုံ၏ အရှင်သခင်ဖြစ်လာသည်။

ကိုသူရသည် အရှင်မွေးတော့ နေ့ချင်းကြီးလာတော့သည်။

ကိုသူရသည် ချမ်းမြေ့ရိပ်မြုံကို အပေါ်အောက်တံခါးမရှိ အတားမရှိဝင်နိုင်တော့သည်။ အရေးပေးအရာရောက်လာ၏။

သည်တွင် ကိုသူရသည် အိအိတုန့်ကို အခွင့်အရေးလျှင်ရသလို ချဉ်းကပ်တော့သည်။ အိအိတုန့်က ကိုသူရကို လုံးဝအချဉ်းကပ်မခံ။ အိအိတုန့်သည် စိတ်မာသည်၊ ပြတ်သားသည်။

သည်တော့ ကိုသူရသည် အိအိတုန့်ကို လန့်သည်။ မကြွမ်းရဲခဲ့။

အိအိတုန့်သည် ဦးအီဆိုင်နှင့် မနေလို၍ ရန်ကုန်သို့ ပြန်သွားခဲ့ပါ၏။ ဦးအီဆိုင်နှင့် မနေလိုသလို မမခက်၊ မမသက်တို့နှင့်လည်း မျက်နှာချင်းဆိုင်မရခဲ့ပေ။

ကိုသူရသည် မရလျှင် ရတာချိုင်မည့် လူစားမျိုးပဲဖြစ်သည်။

အိအိတုန့် ချမ်းမြေ့ရိပ်မြုံမှာ မရှိတော့ မမခက်နှင့် မမသက်ထံ ချဉ်းကပ်သည်။ ကိုသူရသည် မရလျှင် ရတာကိုယူမည်။

ဘာပဲပြောပြော ကိုသူရသည် မမခက်၊ မမသက်တို့



သည် ချမ်းမြေ့ရိပ်မြုံ မိသားဝင်တွေပဲဖြစ်လာပြီ။

အိအိတုန့်လိုပင် အခွင့်အရေးတွေရှိသည်။

ဒါပေမဲ့ မမခက်နှင့် မမသက်သည် မိန်းမသားတွေပဲဖြစ်သည်။

လိုတာထက် ပို၍ အခွင့်အရေးမပေး။

ကိုသူရလို လူမျိုးကို မမှန်း။ ကိုသူရလို ခိုင်းဖတ်ထက် အလျှင်ပင် သာမန်လူတစ်ဦးကိုပဲ ရွေးချယ်လေမည်။ မည်သို့ပင်ဖြစ်စေ သူတို့ ညီအစ်မနှစ်ဦးအတွက် အမွေတွေရှိလာနိုင်သည်။

ဦးအီဆိုင် ရှာထားဖွေထားသည်ပင် သူတို့ ညီအစ်မနှစ်ဦးအတွက် လုံလောက်သည်မက ဘဝတစ်ခုကို ထူထောင်နိုင်ပါလေသည်။

ကိုသူရလိုသာမန်ရုပ်ရည်ရှိပြီး စာမတတ်ပေမတတ်၊ ခိုင်းတာလုပ်ရုံမျှသာရှိသော ယောကျ်ားမျိုးကို မမခက်တို့ ညီအစ်မသည် စိတ်မဝင်စားခဲ့ပါလေ။

သည်တွင် ချက် ရောက်ရှိလာခဲ့သည်။

ချက်သည် လုပ်ရဲကိုင်ရဲရှိသည်။ ပညာတတ်။

ရုပ်ရည်က မိန်းကလေးများ စိတ်ဝင်စားရုံမက အိုသာက်လွန်သော ရုပ်ရည်မျိုးဖြစ်ပါလေသည်။

ထိုရောအခါ ... ။

www.burmeseclassic.com

www.burmeseclassic.com



ကိုသူရသည် ရလျှင်ရသလို အခွင့်အရေးကို အသုံးချ၍ ကြည့်ရလေသည်။

သို့တစေ ... ။

မပိုင်လျှင်တော့ ခြင်မရိုက်ရန်ပင် ဆုံးဖြတ်ထားခဲ့သည်။

မြသွယ်က အိအိတုန်ကို သံပရာဖျော်ရည် အရောတ်ပို့ပေးသည်။

ဦးအိဆိုင်နှင့် ကိုသူရအတွက်လည်း ကော်ဖီဝိုင်းဖြင့်ပေးသည်။

စားသောက်ပြီးစီးတော့ ဦးအိဆိုင် အပေါ်ထပ်သို့ တက်သွားသည်။ ကိုသူရတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ထို့ကြောင့်ပင် ကိုသူရသည် ခြံစောင့်ကြီး ဦးထွန်းမြိုင် အခန်းသို့ သွားကာ အချိန်ဖြုန်းနေလိုက်ပါ၏။

ညနေစောင်းတော့ တိုက်ကြီးရှိရာသို့ ကိုသူရ ပြန်လာသည်။ ရေမိုးချိုးသည်။ ဦးအိဆိုင်နှင့်အတူ ညနေစာ စားသည်။

အိအိတုန်သည် မြသွယ်ကို မှာထားသည်ထင်၏။

ညနေစာကို မြသွယ် အပေါ်ထပ်သို့ ပို့ပေးရပါ၏။

ဒေါ်ဆူဇန်ကမူ ထုံးစံအတိုင်း လည်ပတ်နေခဲ့သည်မို့ ချမ်းမြေ့ရိပ်မှာ မရှိခဲ့ပါလေ။



ကိုသူရသည် ... နေ့ဝင်ကာနီး တိုက်အနောက်ဘက်တွင်ထားသည့် ဒရင်းဘက်ကို မ,ကာ တိုက်အရှေ့ခန်းတွင်ပင် အိပ်ရာပြင်ရသည်။ ဦးအိဆိုင်သည် ညနေစာ စားပြီးနောက် တိုက်ပေါ်ထပ်သို့ တက်သွားခဲ့သည်။

အမှောင်က တစ်စ,စတိုးဝင်လာခဲ့သည်။

www.burmeseclassic.com



ညဦးပိုင်းကပင် ကိုသူရသည် အိပ်ပျော်သွားခဲ့သည်။ ည (၉)နာရီခန့်တွင် ဒေါ်ဆူဇန် ပြန်ရောက်လာခဲ့သည်။ ဖိုးအာ ... ကိုယ်တိုင် ကားဖြင့် သွားကြိုခဲ့ခြင်းဖြစ်သည်။

ဒေါ်ဆူဇန်မှာ မိမိဘာသာ ဖွင့်ရုံမျှစေ့ထားသော ... တံခါးကို ဖွင့်ကာ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ မြသွယ်နှင့် ဒေါ်ကွန်းသောတို့သည် ညနေ(၆)နာရီထိုးလျှင် ချမ်းမြေ့ရပ်မြို့တိုက်ကြီးတွင် မရှိတော့။

သူတို့ တာဝန်ကျပြီမို့ ခြံအနောက်ဘက် အခန်းမှာ ပြန်နားတော့သည်။ ဒေါ်ဆူဇန်မှာ အချိန်မရှိတတ်။

တစ်ခါတလေ ညသန်းခေါင်ယံကျော်မှာပင် ပြန်လာတတ်သည်။



ထိုရောအခါ ... ။

ဒေါ်ဆူဇန်သည် မိမိ၏ အစီအစဉ်နှင့် ပြန်လာတတ်ခြင်းပဲဖြစ်သည်။ တစ်ခါတစ်ရံ သူမ၏ အပေါင်းအသင်းများက ကားဖြင့် လိုက်ပို့တတ်သည်။ မပို့ခဲ့လျှင် ဆိုင်ကယ်ကယ်ရီဖြင့် ပြန်တော့သည်။

ဦးအီဆိုင်မှာ ဒေါ်ဆူဇန်အား ထိုကိစ္စနှင့် ပတ်သက်၍ တစ်ရံတစ်ခါမျှပင် မတားဆီးခဲ့ဘူးလေ။

ဦးဝေဠုရှိစဉ်က သူ၏ ဇနီးကို ချစ်၍ အလိုလိုက်ထားခဲ့သည်။ သူကိုယ်တိုင်ကြိုသည် ပို့သည်။

ဒေါ်ဆူဇန် ပြန်အလာ တံခါးဆင်းဖွင့်သည်။ ပိတ်သည်။

ထိုစဉ်က နေ့စောင့်တစ်ဦးရှိသည်။ ညစောင့်ကမူ ဖိုးအာပဲ ပင်တိုက်စောင့်သူဖြစ်ခဲ့သည်။

ဦးဝေဠုသည် ထိုစဉ်က အိမ်၏ ကိစ္စအဝဝကို ဖိုးအာအား ... တာဝန်ယူစေခဲ့သည်။ ဖိုးအာသည် ဦးဝဠု၏ လူယုံတစ်ယောက်ဖြစ်ခဲ့သည်။

ဦးအီဆိုင် အရှင်သခင်ဖြစ်လာတော့ ဖိုးအာသည် ... ထိုနေ့ရာမှ ဖယ်ရှားခြင်းခံခဲ့ရသည်။ ဦးထွန်းမြိုင်သည် ခြံ၏ကိစ္စအဝဝကို ဆောင်ရွက်ရသူ ဖြစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအိဆိုင်သည် ဒုစရိုက်ရာဇဝတ်တစ်ဦးဖြစ်လာချိန်တွင် ချမ်းမြေ့ရိပ်မြုံ၏ တိုက်တံခါးသည် အမြဲတစေလိုဖွင့်ထားခဲ့သည်။

ရေး မြို့တွင် ဦးအိဆိုင်သည် အရှိန်အဝါရှိသူဖြစ်သည်။

သည်တော့။

ဦးအိဆိုင်၏ အိမ်ကို မည်သူမျှ ရန်မပြုရဲ၊ မနှောက်ယှက်ရဲဟု ယူဆထားခဲ့ပါ၏။

ဦးအိဆိုင်သည် ရေး တစ်ပိုင်ရှိသော ဒုစရိုက်သမားများကို အထိုက်အလျောက် ပေးကျွေးထားသူဖြစ်သည်။

ထို့ကြောင့်ပင် ... ချမ်းမြေ့ရိပ်မြုံ၏ တိုက်ခန်းတံခါးသည် ပိတ်ချင်မှပိတ်တတ်သော်လည်း စေ့ရုံမျှသာထားသည်က ... များပါလေသည်။

ဒေါ်ဆူဇန် ... ပြန်ရောက်ခဲ့ပြီးနောက် ကိုသူရသည် လည်း၍ အိပ်ပျော်သွားခဲ့သည်။

ညသန်းခေါင်ကျော်တွင် ကိုသူရသည် ခြေသံတစ်သံကြောင့် ဖျတ်ခနဲနိုးသွားခဲ့သည်။

ခရင်းဘက်ပေါ်မှ မထသေးဘဲ ငြိမ်၍ ကိုသူရ ကြည့်နေခဲ့သည်။

တိုက်အောက်ထပ်တွင် ... မီးရောင်က သဲ့သဲ့မျှပဲရှိသည်။



မီးဖိုဆောင်သို့သွားသည့် ကော်ရစ်ဒါလမ်းတွင်(၂၅) ဝိုင်အား မီးလုံးလေးတစ်လုံးသာ ထွန်းထားခဲ့သည်။

သဲ့သဲ့မျှသော အလင်းရောင်ဖြင့် တိုက်၏ အပေါ်ထပ်သို့ တက်ရာ လှေကားရင်းသို့ လျှောက်လာသည့် လူတစ်ဦးကို ကိုသူရ တွေ့နေရသည်။

ထိုသူသည် တစ်ကိုယ်လုံး အဝတ်နက်ကြီး လွှမ်းခြုံထားသလိုရှိပါ၏။ ခေါင်းစွပ်အနက်၊ ဘောင်းဘီအရှည်အနက်၊ အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသည်။ ခေါင်းစွပ်မှာ မျက်လုံးပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်နေရာပဲ အပေါက်ရှိပါလေသည်။

အဝတ်နက်ဝတ်ထားသူမှာ အိမ်ကြီးပေါ်သို့ တက်သွားခဲ့သည်။ ကိုသူရသည် အိပ်ရာပေါ်မှ ဆင်းကာ လှေကားရှိရာသို့ လျှောက်၏။

လှေကားအတိုင်း ခြေသံကို လုံအောင်နင်းကာ ... လိုက်သွားခဲ့တော့သည်။ အဝတ်နက် ဝတ်ဆင်သူမှာ ပေါ့ပါးလွန်းသည်။ ခြေသံက ထွက်ဆိုရုံမျှသာ။ သူ၏ခြေထောက်တွင် တရုတ်လူမျိုးများ စီးလေ့ရှိသည် ပိတ်ဖိနပ်ကို စီးထားပါ၏။

တိုက်အပေါ်ထပ်သို့ ရောက်သွားခဲ့သည်။

တိုက်ကြီးအပေါ်ထပ်၏ ဖွဲ့စည်းပုံမှာ ခေါင်းရင်း ခြေရင်း အိပ်ခန်း(၄)ခန်းရှိသည်။ အလယ်တွင် လူသွားလမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်း(၈)ခန်းဖြစ်၏။

လှေကားမှ ညာဘက်သို့ ချိုးကွေ့လျှင် အိပ်ခန်းများ ရှိရာသို့ ရောက်သည်။ တိုက်ကြီးအပေါ်ထပ် မီးဖိုဆောင်နှင့် ကပ်လျှက် ရေချိုးခန်း သန့်စင်ခန်းရှိသည်။

မီးဖိုဆောင်မှာ ထမင်းစားခန်းနှင့် တစ်ဆက်တည်းပဲဖြစ်သည်။ မီးဖိုဆောင် ခေါင်းတိုင်မှာ လူတစ်ယောက်ဝင်နိုင် ထွက်နိုင်အောင် ကျယ်ဝန်းသည်။

မည်ကဲ့သို့ သဘောဖြင့် ခေါင်းတိုင်ကို ကြီးမားစွာ ပြုလုပ်ထားသည်ကိုတော့ မသိနိုင်ပေ။

ရေချိုးခန်းနှင့် မျက်နှာချင်းဆိုင်တွင် စတိုခန်းနှစ်ခန်း ရှိသည်။

လှေကား၏ ဘယ်သို့ချိုးလျှင် ညှိခန်းဖြစ်သည်။ ညှိခန်းမှာ အကာအရံမရှိပေ။

ညှိခန်းမှလွန်လျှင် လသာဆောင်ရှိသည်။

မူလပိုင်ရှင်မှာ မျက်နှာဖြူ ဥရောပတိုက်သားဖြစ်၍ ဘုရားဆောင်တော့ မရှိခဲ့။

ထို့ကြောင့် ဘုရားဆောင်ကို သီးသန့်မထားတော့ဘဲ တိုက်၏ ခေါင်းရင်းထောင့်တွင် ဘုရားဆောင်ကို ကျွန်းဘုရားဆောင် ခပ်နိမ့်နိမ့်ထားသည်။



ညှိခန်း၏ ခေါင်းရင်းထောင့် နံရံတွင် ပန်းချီကား (၄)ချပ်ရှိသည်။ အလျား တစ်ထောင် အနံတစ်ထောင်ခန့်ရှိသည်။

ပန်းချီကားများမှာ မော်ဒန်အတတ်ထူး၍ ဆိုရမည်။ အင်္ဂလိပ်ဂဏန်း တစ်ဂဏန်း ပန်းချီကားထဲတွင် ပါရှိပြီး ဂဏန်းတစ်နဘေးတွင် အသည်းပုံတွင် မြှားတစ်စင်းစိုက်နေပုံပဲဖြစ်သည်။

ဘေးရှိ ဒုတိယ ပန်းချီကားမှာ အသည်းပုံနေဘေးတွင် အခိုးအငွေ့များ ဝိုင်းရံနေပုံပဲဖြစ်သည်။ တတိယ ပန်းချီကားနှင့် ဒုတိယ ပန်းချီကားမှာ တစ်ထပ်တည်းဖြစ်သည်။

စတုတ္ထလေးကားမြောက် ပန်းချီကားမှာ အင်္ဂလိပ်ဂဏန်း(၅)ဂဏန်းပါရှိကာ အသည်းပုံတွင် မြှားငါးချောင်းစိုက်ဝင်နေပုံပဲဖြစ်ပါ၏။

တိုက်အပေါ်ထပ်တွင်လည်း (၂၅)တိုင် မီးလုံးတစ်လုံးသာ ထွန်းထားခဲ့၍ အလင်းက သဲ့သဲ့မျှပဲရှိသည်။

အဝတ်နက်ဝတ်ထားသူမှာ ဟိုဘက်ဒီဘက် အိပ်ခန်းများကို ကျော်ဖြတ်သွားပြီး စတိုခန်းတစ်ခန်းထဲသို့ တံခါးကို ဖွင့်ဝင်ရောက်သွားသည်။

ပထမဦးဆုံးသော စတိုခန်းပဲဖြစ်သည်။

တံခါးကို ပြန်စေ့ထားခဲ့သော်လည်း အနည်းငယ်ဟနေခဲ့၏။ တံခါးချက်သံကို တိုးညင်းစွာ ကြားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုသူရသည် ပွင့်နေသော တံခါးကြားမှ အထဲသို့ ချောင်းကြည့်လိုက်သည်။ အထဲတွင် အဝတ်နက်ဝတ်သူမှာ လက်နှိပ်ဓာတ်မီးငယ်တစ်လက်ဖြင့် စတိုခန်းအတွင်းရှိ ပစ္စည်းအဟောင်းများအား စိတ်ရှည်လက်ရှည် ရှာနေခဲ့ပါ၏။

ကိုသူရသည် အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

ပတ္တာဆီသွေ့နေ၍ တကျွီကျွီတော့ ... မြည်သွားသည်။

ညအချိန်ဖြစ်၍ ထိုအသံသည်ပင် ချောက်ချားဖွယ် ပေါ်ထွက်လာခဲ့ပါ၏။

"ကျွီ ... အိ ... အိ ... အိ ..."

အဝတ်နက်ဝတ်ထားသူမှာ ... ဖျပ်ခနဲ လှည့်ကြည့်သည်။

လက်နှိပ်ဓာတ်မီးက အဝတ်နက်နှင့် လူက ထ... လိုက်သည်။ ကိုသူရသည် ရှေ့သို့ တိုးကာ အဝတ်နက်နှင့်လူကို ဖမ်းဆွဲလိုက်ပါ၏။

အဝတ်နက်နှင့် လူမှာ ကြိုတင်ကာကွယ်ထားသူ... လွတ်အောင် ရှောင်တိမ်းပြီး ပြတင်းတံခါးပေါက်သို့ ကစ်လိုက်သည်။

ပြတင်းတံခါးကို တွန်းကာ ပြတင်းဘောင်ကို ကျော်၍ သံပိုက်လုံးကြီးမှ လျှောဆင်းသွားပါလေ၏။



ကိုသူရ ပြတင်းတံခါးသို့ ကပ်ကာ ကြည့်သည်။

အဝတ်နက်ဝတ်သူမှာ ရေဆင်းသံပိုက်လုံးကို ကျော်၍ ဆင်းသွားပြီးနောက် အမှောင်ထဲသို့ တိုးဝင်ကွယ်ပျောက်သွားခဲ့ပါ၏။

ကိုသူရ စိတ်လျှော့လိုက်သည်။ ပြတင်းတံခါးကို ပြန်ပိတ်သည်။ စတိုခန်းအတွင်းမှ ထွက်၍ အခန်းတံခါးကို စေ့ခဲ့သည်။

အောက်ထပ်ပြန်ရောက်တော့ ကိုသူရ စဉ်းစားခန်းဝင်ပါလေပြီ။

အဝတ်နက်ဝတ်ထားသူမှာ မည်သူနည်း။

အဝတ်နက်ဝတ်ထား၍ ယောကျ်ားမိန်းမ မခွဲခြားနိုင်။

ချမ်းမြေ့ရိပ်မြုံတွင် နေထိုင်သော မိသားစုဝင် ဖြစ်နိုင်ပါသလား။

ဖြစ်နိုင်ချေနည်းသည်။ ချမ်းမြေ့ရိပ်မြုံမိသားစုဆိုလျှင် ဤကဲ့သို့ ခိုးကြောင်ခိုးဝှက် လုပ်စရာမရှိပေ။ ဖြစ်နိုင်၍လည်းရသည်။

ချမ်းမြေ့ရိပ်မြုံ၏ အစေအပါးထဲမှ ဖြစ်နိုင်သည်။

ထိုသို့ဆိုလျှင် မည်သူဖြစ်နိုင်သနည်း။

ဦးထွန်းမြိုင်၊ ကိုဖိုးအာ၊ ဒေါ်ကွန်းထော်၊ မြသွယ်တို့ပဲဖြစ်သည်။ သူတို့ မဟုတ်လျှင် အပြင်လူပဲဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ရိပ်မြုံ အိမ်ကြီးတွင် လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေမှာ သေချာနေပြီ။ အဝတ်နက်ဝတ်သူ ရှာဖွေသော ... ဖစ္စည်းများမှာ မည်ကဲ့သို့သော ဖြစ်လေသနည်း။

ကိုသူရသည် ဦးအိဆိုင်၏ လူယုံတစ်ဦးမို့ ချမ်းမြေ့ရိပ်မြုံတွင် ဖော်ပြနိုင်ခြင်း မရှိသော အချက်တစ်ချက်ကိုတော့ သူ သိထားပါ၏။

ဒါကလည်း သူတွင်မဟုတ်၊ ဤခြံထဲရှိ သူအားလုံးသိကြသည်။

ခေါင်းကို ကိုသူရ ခါလိုက်မိသည်။

ဤအိမ်ကြီးထဲတွင် ကိုသူရသည် စခန်းမှာ ရှိမနေခဲ့လျှင် ဤတိုက်ကြီးထဲတွင် နေခွင့်ရသည်။

ဤသို့သော အဝတ်နက်ဖြစ်သူကိုတော့ သူ မတွေ့ခဲ့ဖူးပေ။

အပြင်လူဆိုလျှင် ဦးဝေဠု လက်ထက်တာကအလုပ်သမားများထဲမှရော မဖြစ်နိုင်ဘူးလားဟု စဉ်းစားမိပါ၏။

မေးပါ၏။

သူ့ဆရာဖြစ်သူ ဦးအိဆိုင်သည် ဦးဝေဠုနှင့်ပက် သက်သော အစုပ်သမားများအားလုံးကို အလုပ်မှ ထုတ်ပစ်ခဲ့သည်။



ဒေါ်ဆွေဖန်၏ အတိုက်အခံ ပြောဆိုမှုကြောင့်သာ ... ကိုဖိုးအာ ၊ ဒေါ်ကွန်းထော်၊ မြသွယ်တို့ ကျန်ရစ်ခဲ့ခြင်းပဲ ဖြစ်ပါလေသည်။

ထို့နောက် ကိုသူရသည် အတွေးဖြတ်ကာ အိပ်ရာဝင်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ည(၉)နာရီထိုးကာနီးတွင် အဏ္ဏဝါရာဇာ သင်္ဘောကြီးကျွန်းကို ဆိုက်ကပ်လာသည်။

စခန်းကို ... ကိုယူစိန်နှင့် အဖွဲ့ဝင် ငါးယောက်ချန်ထားရစ်ခဲ့သည်။

ချက်၊ ဦးထွန်းဝ၊ မမခက်၊ မမသက်နှင့် လက်နတ်ကိုင် အဖွဲ့ဝင် ငါးယောက်တို့ အဏ္ဏဝါရာဇာနှင့်လိုက်ပါခဲ့သည်။

အဏ္ဏဝါရာဇာသည် ခေတ်မီငါးဖမ်းသင်္ဘောကြီးတစ်စီးပဲ ဖြစ်ပါလေသည်။ သင်္ဘောကပ္ပတိန်မှစကာ ပိုက်ဆွဲလုပ်သားများအထိ စုစုပေါင်း အယောက်သုံးဆယ့်ငါးဦးရှိသည်။

သင်္ဘောကြီးက စက်ရှိန်မြှင့်ကာ မောင်းနှင်နေခဲ့သည်။



ချက်သည် မမခက်နှင့်အတူ သင်္ဘောဦးပိုင်းရှိ ငါးကြည့်စင်ပေါ်တွင် ရောက်ရှိနေခဲ့ပါ၏။

"ဒီကနေ ဗင်လယ်ပြင်မှာ ငါးအုပ်ဘယ်နေရာမှာ ရှိတယ်ဆိုတာ ပြောနိုင်ကျတဲ့ ငါးကြည့်ဆရာတွေက အတော့်ကိုတော်တာပဲ မမခက်"

"ဆန်းပေမယ့် မဆန်းပါဘူး ကိုချက်၊ မမခက်တို့လည်း ကိုယ်ကိုင်တဲ့ သေနတ်ကိုတော့ ကျွမ်းကျင်တာပဲလေ ... သာမန်သေနတ်သမားမတွက်နိုင်တဲ့ ပစ်ခတ်မှုမျိုးကို ကျွမ်းကျင်တာပဲ"

"ယေဘုယျအားဖြင့်တော့ မှန်ပါတယ် မမခက်၊ ဒါပေမဲ့ ရေအောက်ရှိတဲ့ ငါးအုပ်အကောင်ရေဘယ်လောက်ရှိနိုင်တယ်ဆိုတာ ခန့်မှန်းနိုင်တာကိုတော့ ချီးကျူးရမှာပဲလေ ... ငါးကြည့်ဆရာရဲ့ ဆုံးဖြတ်ချက်က သိပ်မကွာလှဘူးမဟုတ်လား"

မမခက် ခေါင်းညိတ်သည်။

ဦးပိုင်းမှ ပဲ့ပိုင်းသို့ ရောက်ပြန်သည်။

ငါးပိသာချိန်ငါးသောင်းခန့် သိုမလှောင်နိုင်သောအခန်းကို မမခက်နှင့်အတူ ချက် ဝင်ကြည့်သည်။ ငါးစည်များထဲတွင် စနစ်တကျထည့်ကာ အအေးခန်းထဲတွင် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဤငါးများသည် တစ်ဘက်လူများမှ တဆ
နိုင်ငံရပ်ခြားသို့ တရားမဝင် ရောက်ရှိသွားတော့မည်။

ချက်သည် ရင်ထဲတွင် နှမြောနေမိသည်။

မြန်မာနိုင်ငံ၏ ထွက်ကုန်ရေထွက်ပစ္စည်းများသည်
နိုင်ငံအတွက် နိုင်ငံခြားငွေများစွာ ရရှိနိုင်သည်။

မသမာသူများကြောင့် နိုင်ငံအတွက် ဆုံးရှုံးနစ်န
လေတော့မည်။ နှမြောဖွယ်ကောင်းလှသည်။

ကုန်းပတ်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။

သင်္ဘောစက်ရှိန် လျော့သွားသည်။ သင်္ဘောပေါ်မှ
မီးမောင်းတစ်ခုက ပင်လယ်ရေပြင်တစ်ပိုက် ထိုးကြည့်လိုက်သည်

အဏ္ဏဝါရာဇာနှင့် အနည်းငယ်ဝေးနိုင်သောသင်္ဘော
တစ်စီးအား ကျွန်းနှင့်မနီးမဝေးတွင် ကျောက်ချရပ်နားထားသည်ကို
တွေ့ရသည်။

အဏ္ဏဝါရာဇာသင်္ဘောမှ မီးမောင်းပိတ်လိုက်သည်
ကျောက်ချသင်္ဘောမှ မီးပွင့်ဝလုံးသဏ္ဍာန် ပိုင်းပြသည်။ သင်္ဘော
ဦးခန်း ငါးကြည့်စင်ပေါ်မှ အဏ္ဏဝါရာဇာကပ္ပတိန်သည် အင်္ဂလိ
အက္ခရာ တီပုံသဏ္ဍာန်အချက်ပြမီးငယ်ဖြင့် ပြလုပ်ပြသလိုက်ပါ

အဏ္ဏဝါရာဇာသည် ကျောက်ချထားသောတစ်ဘက်
သင်္ဘောအနီးသို့ ဘေးချင်းယှဉ်ကာ ကပ်လိုက်သည်။



တစ်ဘက်သင်္ဘောပေါ်မှ ကြိုးပစ်ပေးသည်။

သင်္ဘောသားတစ်ဦးက အဏ္ဏဝါရာဇာကုန်းပတ်ပေါ်
ရှိ တိုင်နှင့်တွဲချည်နှောင်လိုက်ပါလေ၏။

တစ်ဘက်သင်္ဘောပေါ်မှ အနောက်တိုင်းဝတ်စုံဝတ်
အသက်ငါးဆယ်ခန့် လူတစ်ဦးနှင့် သေနတ်ကိုင်လူတစ်ဦး အဏ္ဏဝါ
ရာဇာ သင်္ဘောပေါ်သို့ ရောက်ရှိလာသည်။

"ဟိုင်း ... ဦးလောစံ"

ကုန်းပတ်ပေါ်ရှိ မမခက်က အသက်ငါးဆယ်ခန့် ...
အသားဖြူဖြူလူအား နှုတ်ဆက်ပါ၏။

"ဂွတ်နိုက်(ဒ) မမခက် ... ကျုပ်နဲ့ ဟိုဘက်သင်္ဘောပေါ်က
အက်ဖီတမင်ဆေးသေတ္တာတွေကို လိုက်ကြည့်ပါလား"

"လာ၊ ကိုချက်၊ ပစ္စည်းတွေစစ်ကြစို့"

ချက် ခေါင်းညိတ်လိုက်ပြီး မမခက်နှင့် လိုက်ပါခဲ့
သည်။

ဦးလောစံက သင်္ဘောအတွင်းသို့ ဆင်းသည်။

မမခက်နှင့် ချက်တို့ လိုက်ပါသွားသည်။

စက္ကူသေတ္တာများကို ဦးလောစံ တပည့်တစ်ဦးက
ဖွင့်ပြသည်။

အထဲမှ အက်ဖီတမင်ပန်းရောင် စိတ်ကြွဆေးပြား

www.burmeseclassic.com

www.burmeseclassic.com



များပဲဖြစ်ပါလေသည်။

မမခက်သည် စက္ကူသေတ္တာများအား ဖွင့်၍ စစ်ဆေးသည်။

"သေချာပါတယ်နော်၊ မမခက်"

"မှန်ကန်ပါတယ်။ ဦးလောစံရော ငါးတွေကို ကြည့်ဦးမလား"

"ကြည့်စရာမလိုတော့ပါဘူး၊ မမခက်တို့နဲ့ ကျုပ်တို့ အလုပ်လုပ်လာတာကြာပြီပဲ၊ ဒါဆို နင် သင်္ဘောဦးပိုင်းမှာ တစ်ခုခု စားရင်းစောင့်ပါ၊ ကျုပ်တို့ သင်္ဘောကပဲ အသယ်အပို့လုပ်ပေးပါ့မယ်"

ဦးလောစံနှင့် လိုက်ပါခဲ့ကြသည်။

ကော်ဖီနှင့် တစ်ဘက်နိုင်ငံလုပ် မုန့်အခြောက်မျိုးစုံနှင့် ပြည့်စုံပါ၏။

နာရီဝက်ခန့်အကြာတွင် အလဲအလှယ်လုပ်ငန်းပြီးဆုံးသွားတော့၏။

"ဂွတ်လဒ် ဦးလောစံ"

"ဂွတ်လဒ် မမခက်"

အဏ္ဏဝါရာဇာသင်္ဘောသည် ကြိုးဖြုတ်ကာ စခန်းသို့မောင်းနှင်ခဲ့ပါ၏။



အပြန်ခရီးတွင် ချက်သည် သင်္ဘောကုန်းပတ်ပေါ်တွင် ရောက်တတ်ရာရာ မမသက်နှင့် စကားပြောဖြစ်ခဲ့သည်။

လရောင်ကြောင့် အနီးသို့ရောက်လာသော မမခက်မျက်နှာကို ချက် တွေ့ရသည်။ မျက်နှာထားက ညိုနေပါလေ၏။

မမခက်သည် ချက်နှင့် မမသက်တို့အား ကျော်ဖြတ်သွားကာ သင်္ဘောလက်ရန်းပေါ်မှ ပင်လယ်ပြင်ကို ငေးမောကြည့်နေပါလေသည်။ အဏ္ဏဝါရာဇာသည် ပင်လယ်ပြင်တွင် ခုတ်မောင်းနေဆဲပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ကျွန်းသို့ ပြန်ရောက်ကြပြီးနောက် အိပ်ရာဝင်သည်။

မနက်ဝေလီဝေလင်းမှာပင် ပဲ့နင်းစံဘော်နှင့်သပိတ်သည် ရေးမှ ငါးဖမ်းသင်္ဘောဖြင့် ရောက်လာသည်။

အဆာပြေမျှပင် မစားမသောက်ကြတော့ဘဲ မမခက်၊ မမသက်၊ ဦးထွန်းဝနှင့် ချက်တို့ ရေးသို့ ပြန်လိုက်ခဲ့ကြသည်။

ရေးဆိပ်ကမ်းသို့ မနက်(၈)နာရီခန့်တွင် ရောက်ရှိသည်။ ဦးထွန်းဝသည် အဝင်ရွာတွင်ပဲ နေခဲ့သည်။

ရေး ဆိပ်ကမ်းတွင် စံဘော်နှင့် သပိတ်တို့ နေရစ်ခဲ့ကြသည်။

ရေး ဆိပ်ခံ၊ဂျက်တီပေါ်မှ မမခက်၊ မမသက်နှင့်အတူ ချက်-တက်ခဲ့ပါ၏။



"အစ်ကိုချက် မဆာဘူးလားဟင်၊ မသက်တော့ ဗိုက်ထဲမှာ ဘာအစာမှ မထည့်ထားတော့ ဆာနေပြီ"

"မမသက်ရယ်၊ ကိုချက်လည်း နင့်လိုပဲ သွေးနဲ့သားနဲ့ တည်ဆောက်ထားတာပဲ၊ ကိုချက်လည်း ဆာမှာပေါ့၊ ကိုချက်က ရိုဘော့စက်ရုပ်တစ်ရုပ်မှ မဟုတ်ဘဲ"

မမခက် အပြောကြောင့် ချက်ရော မမသက်ပါ ရယ်ဆိုက်မိကြ၏။

"ဒါဆိုရင် မမခက် ဘာစားမလဲ၊ မသက်တော့ မြိတ်ကတ်ကြေးကိုက်ပဲစားမယ်"

ရေး ဆိပ်ကမ်းထိပ်တွင်ရှိသော ရောင်စုံထီးဝိုင်းများနှင့် ရောင်းချသော မြိတ်ကတ်ကြေးကိုက်ဆိုင်တွင်ပဲ ထိုင်ကာ ချက်သည် မမခက်၊ မမသက်တို့နှင့် စားသောက်လိုက်ရသည်။

လက်ရာကောင်းပါ၏။ ရန်ကုန်တွင် မြိတ်ကတ်ကြေးကိုက်ဆိုင်မှာ မရှိမဟုတ်၊ ရှိသည်ရှားသည်။ လက်ရာက တနင်္သာရီကမ်းရိုးတန်းမြို့များက လက်ရာကိုမမီပေ။

ချက်သည် လမ်းမဘက်သို့ မျက်နှာမူပြီး ထိုင်သည်။ မမခက်နှင့် မမသက်တို့က ရေးမြစ်ကို မျက်နှာမူထိုင်ခဲ့သည်။

ဆိုင်ကယ်တစ်စီးသည် မြိတ်ကတ်ကြေးကိုက်ဆိုင်၌ ဘော်ပြီး ရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ချက် ကြည့်လိုက်မိသည်။

ဆိုင်ကယ်စီးဟဲ(လ်)မက်ချွတ်လိုက်၍ အိအိတုန်ဖြစ်နေမှန်း သိလိုက်ရသည်။ အိအိတုန်သည် ချက်ကို တွေ့တော့ နှုတ်ဆက်မလိုပြင်ပြီးမှ မမခက်တို့ ညီအစ်မကို တွေ့သွားသည်။

ဆိုင်ကယ်စီးဦးထုပ်ပြန်ဆောင်းကာ အိအိတုန် ဆိုင်ရှေ့မှ မောင်းထွက်သွားပါလေသည်။ ဝေးဝေးတော့မဟုတ်။

ရေး ဆိပ်ကမ်းတစ်ဘက်ရှိ စားသောက်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

ဆိုင်ကယ်စီးဦးထုပ်ကို ချွတ်ကာ သော့ခတ်ပြီး ဆိုင်အတွင်းသို့ အိအိတုန် ဝင်သွားပါလေသည်။

အထက်အောက် မိုးပြာရောင် ဂျင်းဂျက်ကက်နှင့် ဂျင်းပင်(န)ဝတ်ဆင်ထားသည်။

စားသောက်ပြီးစီးသွား၍ မမခက်သည် စားပွဲထိုးကို လှမ်းခေါ်ပြီ ကျသင့်ငွေရှင်းပေးသည်။

ဆိုင်မှထကာ ဆိုင်ကယ်ကယ်ရီများရှိရာသို့လျှောက်ခဲ့ကြသည်။ ရေးမြို့ထဲတွင် နာရီဝယ်ရန် အကြောင်းပြကာ ချက်နေခဲ့ရန် စိတ်ကူးမိသည်။

"ကိုချက်က တစ်စီး၊ မခက်နဲ့ မသက်တို့က တစ်စီးဆိုတော့ ကယ်ရီနှစ်စီးငှားလိုက်မယ်လေ"



ချက်သည် မမခက်ကို ကြည့်လိုက်ပြီး ...

"တစ်စီးပဲငှားပါ မခက်၊ ချက် ရေးမြို့ထဲမှာ နေခဲ့ဦးမယ်"

"ဘာဖြစ်လို့"

မမခက်က မျက်လုံးနှစ်လုံး တစ်ဘက်စီ စုပြုံကာ မေးပါ၏။

"ချက် နာရီက ရန်ကုန်ကအလာ ဘယ်မှာပြုတ်ကျခဲ့မှန်းမသိဘူး၊ အဲဒါကို ချက် နာရီတစ်လုံးလောက် ဝယ်ချင်လို့ပါ"

"ဒါဆိုရင် မသက် နေခဲ့မယ်လေ၊ အစ်ကိုချက်က မြို့ခံမဟုတ်တော့ အခက်အခဲရှိနိုင်တာပေါ့"

"ဟုတ်တယ်၊ မသက်ပြန်နှင့်၊ မခက်ပဲ ကိုချက် လိုချင်တဲ့နာရီ လိုက်ဝယ်ပေးလိုက်မယ်"

မမခက်က ဝင်ပြောသည်။

ဒိုင်းခနဲ မမသက်ထံမှ မျက်စောင်းဝဲလွှင့်လာသည်။

ပြီးတော့ မမသက် နှုတ်ခမ်းတို့ စူသွားသည်။

"နေပါစေ၊ မသက်ရော မခက်ပါ ပြန်နှင့်ကြပါ၊ ချက် ဝယ်မှာက အချိန်သိရုံ အဖိုးနည်းဝန်ပါဝယ်မှာပါ၊ ရေးမြို့ကိုလည်း ချက် လျှောက်ကြည့်ချင်လို့ပါ၊ မျက်စိတော့လည်ဖို့ မရှိပါဘူး၊ ဆရာကြီး ဦးအိဆိုင်နာမည်နဲ့ ချမ်းမြေ့ရိပ်မြုံလို့ မေးပြောရင်ရမှာပါလေ"

www.burmeseclassic.com

www.burmeseclassic.com



မမခက်ရော မမသက်ပါ ငြိမ်ကျသွားသည်။

မိန်းမကြမ်းလေးတွေသည် မြင်းကမလှုပ်၊ ခုံကလှုပ် ရန်တော့ ဝန်လေးပုံရကြပါလေသည်။

နှုတ်ပင်မဆက်တော့ဘဲ ဆိုင်ကယ် ကယ်ရီတစ်စီးစီ ငှားကာ မမခက်ရော မမသက်ပါ ထွက်ခွာသွားခဲ့ကြသည်။

ချက် ပြုံးပြီး အိအိတုန် ဝင်သွားခဲ့သော စားသောက် ဆိုင်ရှိရာသို့ လျှောက်လိုက်ပါ၏။



ဆိုင်အတွင်း ထောင့်တစ်ထောင့်တွင် စားသောက် နေသော အိအိတုန်ကို တွေ့ရသည်။ ငုံကာ စားသောက်နေသော ကြောင့် ချက် အနီးသို့ ရောက်လာသည်ကို သူမ မမြင်ခဲ့။

မျက်နှာချင်းဆိုင်ခုံမှာ ချက် ဝင်ထိုင်သည်။

"တစ်ယောက်တည်းပဲစားနေတော့မှာလား အိတုန်"

ခေါင်းမော့လာသည်။ အံ့ဩပုံတော့ မရ။

ဇွန်းနှင့် ခက်ရင်းကို စားလက်စ ပန်းကန်ပြားပေါ် တွင် တင်လိုက်ပြီး သူမ နှုတ်ခမ်းမဲ့သွားသည်။

"စားသောက်ပြီးတဲ့ လူတစ်ယောက်ကို ထပ်ကျွေးလို့ ဆိုပဲပေါ့၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

"အိတုန် မကြိုက်လို့လား၊ ဒါဆိုရင် ချက် ပြန်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းသော လက်ချောင်းကလေးများက ထ,ရန်ပြင်နေသည့် ချက်,လက်ကို ဆွဲကိုင်လာခဲ့သည်။

နူးညံ့ပျော့ပျောင်းသောအိတုန်၏လက်ချောင်းကလေးများမှာ ထင်သည်ထက် နူးညံ့နေပါလေ၏။

သူမ လက်ကိုလွှတ်ပြီးမှ ...။

"ဘာဖြစ်လို့ လိုက်လာတာလဲလို့ပဲမေးတာ၊ အစ်ကိုချက်ကို ပြန်လို့ အိတုန် ပြောခဲ့လို့လား"

"ကျွန်းက ပြန်လာတာလေ၊ မသက်က ဆာတယ်ဆိုတာနဲ့ ဝင်စားကြတာ၊ သူတို့နဲ့ မပြန်ချင်တာရယ်၊ ကိုချက် နာရီဝယ်ချင်တာရယ်၊ အိအိတုန်ကို မြင်လိုက်လို့ စကားပြောချင်တာကြောင့် နာရီဝယ်ဖို့ အကြောင်းပြပြီး နေရစ်ခဲ့တာ"

ရူနေသော အိအိတုန်၏ နှုခမ်းနှစ်လွှာ ပုံမှန်ဖြစ်သွားသည်။

"တစ်ခုခုစားလေ အစ်ကိုချက် ဘာစားမလဲ၊ တုန်တော့ ဒီဆိုင်က ယူအက်(စ်)ထမင်းကြော်ကောင်းလို့ မှာစားတာ"

"နေပါစေ အိတုန် ကိုချက်ကို ထပ်ကျွေးလို့ အိတုန် ကုသိုလ်ရတော့မှာမဟုတ်ဘူးလေ၊ ကိုချက်က ဗိုက်ပြည့်နေပြီလေ"

"တော်ပါ၊ တုန်က စေတနာနဲ့ ကျွေးတာပါနော်၊ အရည်တစ်ခုခုတော့ ရဦးမှာပါ၊ ကော်ဖီမှာလိုက်မယ် အစ်ကိုချက်"



ချက်ဘာမျှမပြောတော့။ ခေါင်းကိုပဲညိတ်ပြမိသည်။

စားပွဲထိုးကို လှမ်းခေါ်သည်။

"ကော်ဖီပြင်းပြင်းတစ်ခွက် ပေးပါနော်"

စားပွဲထိုး ထွက်သွားသည်။

အိအိတုန်က လက်စသပ်စားလိုက်သည်။

ကော်ဖီရောက်လာသည်။

ချက် ကော်ဖီကို သောက်ပစ်လိုက်ပါလေသည်။

"သွားကြစို့ အစ်ကိုချက်"

"နေပါဦးလား အိတုန်၊ အေးအေးဆေးဆေးပြန်လို့ရပါတယ်၊ သူတို့ ညီအစ်မနှစ်ယောက် အိတုန်ကို မမြင်လိုက်ပါဘူး၊ ဘာမှ သံသယဖြစ်မှမဟုတ်ပါဘူး၊ ချမ်းမြေ့ရိပ်မြိုကို ပြန်တော့ အိတုန် အရင်ပြန်နှင့်ပေါ့၊ နောက်မှ အစ်ကိုချက် လိုက်လာခဲ့ရင် သူတို့အားလုံး အစ်ကိုချက်နဲ့ အိတုန်ကို သံသယမရှိမှာ သေချာပါတယ်"

အိအိတုန် ပြန်ထိုင်လိုက်သည်။

"အစ်ကိုချက်က ဘာဖြစ်လို့ နတ်ဘီလူး ညီအစ်မနှစ်ဖော်နဲ့ နေရစ်ခဲ့တာလဲ၊ ဦးအိဗ်ဆိုင်နဲ့ ပြန်လိုက်လာခဲ့ရင်ရသားပဲ၊ အိတုန်က အစ်ကိုချက် ပြန်ပါမယ်လို့ ထင်နေခဲ့တာ၊ ဦးအိဗ်ဆိုင်နောက်က ဟိုမျက်နှာရှုး ကိုသူရပါလာတော့ အိဗ်ကိုမျက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ"

ချက်သည် အိအိတုန် အပြောကြောင့် ပြုံးလိုက်မိပါ၏။

"မခက်တို့ မသက်တို့ ညီအစ်မနှစ်ယောက်ကို ဘာဖြစ်လို့ နတ်ဘီလူးညီအစ်မလို့ အိတုန် ပြောရတာလဲ၊ ပြီးတော့ ကိုသူရကို ဘာဖြစ်လို့ မျက်နှာရှုးလို့ ပြောတာလဲ"

"ပြောမှာပေါ့ အစ်ကိုချက်၊ ကိုသူရက ဒက်ဒီဦးဝေဌေးရှိကတည်းက အိတုန်ကို ရိသဲ့သဲ့ လုပ်နေတာ၊ တုန့်ကို မရနိုင်မှန်းသိတော့ ဦးအိဆိုင်ရဲ့ သမီးနှစ်ယောက်ကို လှည့်ပြန်ရောဒါလည်း အဆင်မပြေတော့ တုန့်ဘက်ကို ပြန်လှည့်လာတယ်လေ၊ ဟိုမိန်းမနှစ်ယောက်ကတော့ ချမ်းမြေ့ရိပ်မြုံမှာ ဦးအိဆိုင်က အရှင်သခင်ဆိုတော့ ဖအေအားကိုးနဲ့ နေရတကာ ဝင်ပါတတ်တာ၊ နောက်ဆိုရင် အစ်ကိုချက် သိလာပါလိမ့်မယ်၊ နတ်ဘီလူး ညီအစ်မလို့ ပြောရတာက သူတို့ အိမ်မဟုတ်ဘဲနဲ့ သူများအိမ်ကို အပိုင်စီးနေပြီး တန်ခိုးအာဏာသုံးပြနေတာပဲလေ၊ နတ်ဘီလူးဆိုတာ တစ်စုံတစ်ခုကြောင့် သူတို့မှာ အရှိန်အဝါရှိနေတတ်ကြတာပဲလို့ ကျမ်းစာတစ်စောင်မှာ ရေးသားဖွင့်ဆိုကြတာပဲ အစ်ကိုချက်၊ တကယ်ဆိုရင် ချမ်းမြေ့ရိပ်မြုံ ဘုံဗိမာန်က ဦးအိဆိုင် အတင်းလုယူထား



ခဲ့တဲ့ ဘုံဌာန တစ်ခုပဲ"

အိအိတုန် ပြောပြချက်တွေက အကျိုးအကြောင်း အပ်စပ်လွန်းလှပါလေသည်။ ဦးအိဆိုင်သည်လည်း နတ်ဘီလူးကြီး တစ်ကောင်ပဲဖြစ်သည်။

သူမသည် ဦးအိဆိုင် အပေါ်မှာ နာကြည်းချက်တွေ ရှိနေပါလိမ့်မည်။ ဒေါ်ဆူဇန်သည် တစ်ပင်လဲ၍ တစ်ပင်ထူခဲ့သည်။

ဒါက လောက၏ သဘာဝနိယာမဖြစ်စဉ်သာပဲ ရှိသည်။

ချက်ကို ရင်ဖွင့်လိုက်ရခြင်းအတွက် အိအိတုန် စိတ်ပေါ့ပါးသွားပုံရသည်။

သူမ၏ မျက်နှာပေါ်တွင် နာကြည်းရိပ်တွေ ပြယ်လွင့်သွားသည်။

ချက်သည် အိအိတုန် စိတ်သက်သာစေရန် စကားလမ်း၊ ပြောင်းလွှဲတော့သည်။

"အိတုန် ဝယ်စရာခြမ်းစရာရှိလို့ ရေးမြို့ထဲဆင်းလာတာ မဟုတ်လား"

"ဟုတ်တယ်၊ ဘီစကစ်နဲ့ အခြားမုန့်ခြောက်တွေ စားချင်လို့ တဲ့လေ၊ အဲဒါနဲ့ တုန် ဆင်းလာတာပါ"

"ဘယ်သူက စားချင်တာလဲ၊ အိတုန် မာမီကလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

အိအိတုန်က လေသံမှုဖြင့်ပဲ ပြောသည်။ သူမ နှုတ်ခမ်းသားတို့ တဆတ်ဆတ်တုန်နေပါလေသည်။

ခံပြင်းတာရယ်၊ ဝမ်းနည်းမှုရယ် ရောယှက်နေပုံရသည်။

မည်သူမည်ဝါသည် အိအိတုန်ကို အဝယ်ခိုင်းသည်ဟု ထုတ် မပြောခဲ့ပေ။ မေးရန်မသင့်၍ ချက် မမေးပါလေတော့။

"အစ်ကိုချက် နာရီဝယ်မယ်မဟုတ်လား၊ ပြီးမှ အိတုန် မုန့်ခြောက်ထုပ်တွေဝယ်မယ်လေ"

ချက်ရော အိတုန်ပါ နေရာမှထသည်။

ကောင်တာတွင် အိတုန်သည် ကျသင့်ငွေကို ပေးချေပါလေသည်။ စားပွဲပေါ်တွင် မေ့ကျန်ရစ်နေခဲ့သော ဟဲ(လ်)မက်ကို စားပွဲထိုးတစ်ဦးက ယူလာပေးသည်။

"ကျေးဇူးတင်ပါတယ်နော်"

စားပွဲထိုးက ခေါင်းညိတ်ပြကာ ဟဲ(လ်)မက်ကို လှမ်းပေးပါ၏။

ဟဲ(လ်)မက်ကို အိတုန် ဆောင်းလိုက်သည်။

စားသောက်ဆိုင်မှ ထွက်ပြီးနောက် ဆိုက်ကယ် နှစ်စီးယှဉ်အတူစီးကာ ထွက်ခဲ့ပါလေသည်။



စတိုးဆိုင်ရှေ့တစ်ဆိုင်တွင် အိအိတုန် ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။

ဆိုင်အတွင်းသို့ ဝင်ရောက်လိုက်သည်။ စတိုးဆိုင်ဆိုသော်လည်း မိနီမားကတ်ဟု ခေါ်နိုင်ပါသည်။

နိုင်ငံစုံ ဈေးနည်းတာရော ဈေးကြီးတာရောပါ အစုံဝင်လိုချင်တာရနိုင်သည်။ နာရီစုံသည် အခြားသော လူသုံးရန် ပစ္စည်းများသာမက နိုင်ငံရပ်ခြား မုန့်မျိုးစုံနှင့် ပြည်တွင်းဖြစ် မုန့်မျိုးစုံရှိသည်။

နာရီစုံရှိသည်။ မိန်းမပတ်၊ ယောက်ျားပဆော်များ၊ ဖန်စီအလှပတ်နာရီများပါရှိသည်။ မှန်ကာ ဗီရိုကေ့(စ)အတွင်းမှ နာရီတစ်ခုကို အိအိတုန် ထိုးပြလိုက်သည်။

ဝန်ထမ်း အမျိုးသမီးလေးက နာရီကို ထုတ်ပေးသည်။

ဂျပန်နာရီကလေး တစ်လုံးဖြစ်သည်။

ကျသင့်နှုန်းက နှစ်ထောင်နီးပါးပဲဖြစ်သည်။

"အစ်ကိုချက် ကြိုက်တယ်မဟုတ်လား၊ ဂျပန်ကွစ် အမျိုးအစားတွေက အကြမ်းခံတယ်လေ၊ ရေစိမ် မိုးစိမ်ခံတာပေါ့"

"တန်ဖိုးများပါတယ် အိတုန်၊ အချိန်သိဖို့ပဲအရေးကြီးတာပါ၊ တန်ဖိုးများလည်း နာရီပဲ၊ နည်းလည်း နာရီပါပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"အချိန်သိဖို့ အဓိက ဆိုပေမယ့်၊ တန်ဖိုးအသင့်အတင့်ရှိတော့ အကြမ်းပတမ်းခံနိုင်တာပေါ့ အစ်ကိုချက်"

ကောင်တာသို့ အိအိတုန် သွားသည်။

ငွေရှင်းရန် ခါးကြားမှ ပိုက်ဆံအိတ်ကို ထုတ်သည်။

"နေပါစေ အိတုန်၊ အစ်ကိုချက် ရှင်းပါ့မယ်။ အစ်ကိုချက်မှာ ပိုက်ဆံပါပါတယ်"

အိအိတုန်သည် ချက်အား မကျေမနပ် အကြည့်ထ လေးဖြင့် ကြည့်လာပါ၏။

"လူတွေဟာ တစ်ဦးနဲ့တစ်ဦး သိပ်ကိုခင်မင်လာကြပြီဆိုရင် ခင်မင်တဲ့အတွက် အထိမ်းအမှတ်လက်ဆောင် တစ်ခုခုဝယ် ပေးတတ်ကြတယ် ... မဟုတ်လား အစ်ကိုချက်"

"ဟုတ်တယ်လေ ... အားလုံးမဟုတ်ပေမဲ့ တချို့တွေ ကတော့ ခင်မင်မှုအတွက် လက်ဆောင်ပေးတတ်ကြတာပဲ လေ"

"အဲဒီအထဲမှာ အိအိတုန်ပါတယ်ဆိုရင် အစ်ကိုချက် ငြင်းဦး မှာလား"

ချက် မငြင်းပါလေတော့။

ချက်သည် အိအိတုန် ကောင်မလေးကို ကြည့်ထား ခေါင်းညိတ်ပြလိုက်မိပါ၏။



ကျသင့်ငွေကို လယ်သာ သားရေအိတ်အရှည်ကို ဖွင့် ကာ အိအိတုန် ပေးလိုက်သည်။

ဝန်ထမ်း အမျိုးသမီးလေးက နာရီကို စက္ကူဘူး ကလေးနှင့် ထည့်ကာ အိအိတုန်အား ကမ်းပေးသည်။ ပြီးတော့ ကျေးဇူးစကားပြော၏။

"အခုလို အားပေးတဲ့အတွက် ရွှေနဒီက ကျေးဇူးတင်ပါတယ်၊ ရှင့်"

အိအိတုန်က နာရီဘူးကလေးကို သူမ ဘာသာပဲ ကိုင်ထားပါလေသည်။

မုန့်အခြောက်မျိုးစုံကို အိအိတုန် ဝယ်ပါ၏။

စတိုးဆိုင်မှ ပလတ်စတစ်အိတ်နှင့်အပြည့် ထည့်ကာ ပေးသည်။ မုန့်အခြောက်များက ပလတ်စတစ်အိတ်နှင့် အပြည့်ဝင် ဆံ့ပါလေသည်။

ကျသင့်ငွေကို ရှင်းကာ အိအိတုန်နှင့်ချက်တို့ စတိုး ဆိုင်အတွင်းမှ ထွက်ခဲ့ပါ၏။

ဆိုင်ကယ်နောက်ခုံတွင် ပလတ်စတစ်အိတ်ကို ချထား သည် အတျအနပင် ပလတ်စတစ်ကြိုးနှင့် ချည်ပေးလိုက်သည်။

အိအိတုန်သည် နာရီကို စက္ကူဘူးအတွင်းမှ ထုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချက်၏ ဘယ်လက်တွင် အကျအနပင် အိအိတုန် ဝတ်ပေးပါလေ၏။

နာရီထည့်သည် စက္ကူဘူးကလေးကို အမှတ်တရပင် ချက်သည် ဘောင်းဘီအိတ်ထဲသို့ ထည့်ကာ သိမ်းဆည်းလိုက်ပါ၏။

အိအိတုန်သည် ဆိုင်ကယ် ... ပေါ်သို့ တက်လိုက်သည်။

ထိုသို့ ထိုင်လိုက်ကာမှပင် တင်းရင်းသော ပေါင်တံအလှနှင့် တင်သားစွင့်စွင့်တို့ အလှက ထင်းခနဲ ပေါ်လွင်လာခဲ့တော့သည်။

ချက်သည် တစ်ခဏ ငေးကြည့်မိသေးသည်။

ပြီးတော့ မျက်နှာလွှဲလိုက်မိပါ၏။

အလှအပဆိုသည်မှာ လူသားတိုင်း မြတ်နိုးတတ်သည်။

သို့တစေ ... ။

ကြည့်သင့်မှကြည့်၊ မကြည့်အပ်က မကြည့်သင့်ဟူ၍ လူယဉ်ကျေးရှိသေးသည်လေ ... ။

အိအိတုန် ... ဆိုင်ကယ်ထွက်သွားပြီးနောက် မိနစ်အနည်းငယ်ကြာမှ ကယ်ရီဆိုင်ကယ်တစ်စီးကို ချက် ခေါ်လိုက်သည်။



ဦးအီဆိုင်ဟူသော အမည်ပြောလိုက်သည်နှင့် ဆိုင်ကယ်မောင်းသူက သိကြောင်းခေါင်းညိတ်ပြပါလေ၏။

ထို့နောက် ဆိုင်ကယ်ကယ်ရီကိုစီးကာ ချမ်းမြေ့ရိပ်မြိုသို့ ချက် ပြန်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

ချောင်၊ စွလ်နှင့် နီးသော် နေရာမို့ပဲဖြစ်နိုင်သည် ညလေက စိမ့်၍ အေးလာသည်။ ညဥ့်နက်စပြုပြီးမို့ တံခါးကို ပိတ် သစ်သားကုလားထိုင်မှ ချက် ထလိုက်သည်။

ချမ်းမြေ့ရိပ်မြိုတိုက်နောက်ပိုင်းမှာ အမှောင်ထဲ သဲကွဲစွာ မမြင်ရပေ။ တိုက်နောက်ပိုင်းနှင့် တစ်ဆက်တည်း ရှိ သော ဂိုဒေါင်ကြီးမှာလည်း ထိုနည်းအတူစွာပင် ရှိနေပါလေသည်

သို့သော် ...

ခြံ၏ဘယ်ဘက်အခြမ်းသို့ ကြည့်မိလေသည် ချက်၏ မျက်လုံးများသည် ထူးခြားလှသော မြင်ကွင်းကို တွေ့ လေ၏။

ခြံ၏ ဘယ်ဘက်အခြမ်း အုတ်စည်းရိုးဘေးမှ



ပင်ရိပ်များကို အကာအကွယ်ယူကာ မည်းမည်းအရိပ်နှစ်ခု ချမ်းမြေ့ ရိပ်မြိုတိုက်ကြီးရှိရာသို့ တရွေ့ရွေ့သွားနေခဲ့သည်။

ချက်သည် ပြတင်းတံခါးကို ပိတ်လိုက်သည်။

မြင်တွေ့ရသော မည်းမည်းအရိပ်နှစ်ခု နောက်သို့ လိုက်ရန် ချက် ဆုံးဖြတ်လိုက်သည်။

အခန်းအတွင်းမှ ချက် ခြံထဲသို့ ဆင်းလိုက်သည်။

ဤခြံကြီးသည် ပင့်ကူအိမ်လို ရှုပ်ထွေးမှုများဖြင့် ပြည့်နေသော အိမ်ကြီးပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဤအရှုပ်အထွေးများသည် ချက် နှင့် ဘာမှတော့ မဆိုင်ပေ။ ပင့်ကူအိမ်လို မည်မျှပင် ရှုပ်ထွေးစေကာ မူ ချက်အား တစ်စုံတစ်ရာမျှ မထိခိုက်မှာ မနစ်နာမှာ အမှန်ပဲ ဖြစ် ပါ၏။

သို့တစေ ... လူဟူသော သတ္တဝါတွေသည် လျှို့ဝှက် သော အကြောင်းအရာများကို သိချင်ကြသည်။

ဖော်ထုတ်လိုခြင်း မရှိသည့်တိုင် လျှို့ဝှက်သော ... အကြောင်းများကို မြင်လိုကြသည်မှာ လူ့သဘာဝပင် ဖြစ်ပါလေ သည်။

ချက်သည် အရိပ်မည်းနှစ်ခု၏ နောက်သို့ တိတ်တ ဆိတ် လိုက်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းနှစ်ခုသည် သစ်ပင်ကြီးများကို ကွယ်ကာသွားနေခဲ့သည်။

ချမ်းမြေ့ရိပ်မြုံတိုက်ကြီးနှင့် နီးကပ်လာခဲ့သည်တွင် အရိပ်မည်းတစ်ခုက သစ်ပင်ရိပ်ခိုကာ ကျန်ရစ်ခဲ့သည်။

အရိပ်မည်းတစ်ခုကမူ တိုက်ကြီး၏ နဘေးသို့ လျှင်မြန်စွာ ချဉ်းကပ်သွားခဲ့ပါ၏။

ချက်သည် ကြယ်ရောင် လရောင်သဲ့သဲ့ဖြင့် လှမ်းကြည့်ခဲ့သည်။ ခေါင်းစွပ်အနက်၊ အင်္ကျီအနက်၊ ဘောင်းဘီအနက် ဝတ်ထားပြီး ခြေထောက်မှာ ဖိတ်ဖိနပ် ဝတ်ဆင်ထားသည်။

ခေါင်းစွပ်အနက်မှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ပေါက်တို့သာ အပေါက်ပါရှိ၍ မည်သူမည်ဝါမှန်း မသိနိုင်ပေ။

ကြည့်နေဆဲမှာပင် အဝတ်နက်သည် တိုက်ကြီးဘေးမှ ကပ်ကာ ချမ်းမြေ့ရိပ်မြုံ တိုက်ကြီးအရှေ့ဘက်သို့ သွားနေပေသည်။ ကျန်အဝတ်နက်ဝတ်ဆင်ထားသူမှာ သစ်ပင်ကြီး၏ပင်စည်ကိုကွယ်ကာ နေရစ်ခဲ့ပါ၏။

ထိုအဝတ်နက် ဝတ်ဆင်ထားသူနှင့် ချက် ပုန်းခိုနေသည့် နေရာမှာ ယောက်ျားခြေလှမ်း ဆယ်လှမ်းခန့်သာ ဝေးသည်။

ချက် အမိအရ ပြေး၍ အမိဖမ်းလျှင် ရနိုင်လောက်သည်။



သို့သော် သောချာရန် မလွယ်ကူပေ။

ဝတ်စုံနက်ဝတ်ထားသူမှာ လူတစ်ယောက်ဖြစ်နေခဲ့၍ သေချာဖို့ရန် မဖြစ်နိုင်ပေ။

မိမိလှုပ်ရှားလိုက်သည်နှင့် ထိုသူသိနိုင်ဖို့များသည်။ အလွယ်တကူ အညံ့ခံမည်မဟုတ်။ ခုခံမှာ သေချာပါ၏။

သည့်ထက်ပိုနီးကပ်လျှင်မူ မိမိရရ ချုပ်ကိုင်နိုင်ရန် သေချာသည်။

ချက် စောင့်ကြည့်ရန်ပဲ ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင် ပြတင်းပေါက်တစ်ချပ် ပွင့်လာခဲ့သည်။

ထိုပွင့်လာသော တံခါးချပ်မှာ ချမ်းမြေ့ရိပ်မြုံ တိုက်၏ အောက်ထပ် လေကားရင်းမှပဲ ဖြစ်မည်ဟု ချက် တွေးလိုက်မိသည်။

ပွင့်လာသော ပြတင်းပေါက်ရှိရာသို့ စောင့်ဆိုင်းချန်ရစ်ခဲ့သည့် သစ်ပင်အကွယ်ရှိ အဝတ်နက်လူသည် လျှင်မြန်စွာ ... ပြတင်းပေါက်ရှိရာသို့ ပြေးကပ်လိုက်သည်။

ပြတင်းပေါက်အနီးသို့ ရောက်ရှိပြီးနောက် အဝတ်နက်နှင့်လူမှာ ပြတင်းပေါက်မှ အထဲသို့ ဝင်ရောက်သွားတော့၏။

တံခါး ပြန်ပိတ်သွားသည်။

ချက်သည် တစ်ခဏမျှ ငြိမ်သက်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်အနည်းငယ်မျှ ကြာပြီးမှ ပြတင်းပေါက်ရှိရာသို့ ချက်ပြေးကပ်လိုက်သည်။ ပြတင်းတံခါးကို ဖွင့်ကြည့်လိုက်သည်။

တော်သေးသည်။

ပြတင်းတံခါးကို အဝတ်နက်ဝတ်ဆင်ထားသူ … အတွင်းမှ ဂျက်ချမသွားခဲ့ပေ။ ပြတင်းပေါက်တံခါးမှ ချက် ကျော်ဝင်လိုက်သည်။

အခန်းငယ်ကလေးတစ်ခု ဖြစ်နေခဲ့သည်။

ချက် အတွေးမမှားပေ။

သူ ရောက်ရှိရာနေရာသည် လှေကားအောက်ရှိ စတိုခန်းပဲဖြစ်ပါလေသည်။ အထဲတွင် ပစ္စည်းအဟောင်းအမြင်းများရှိသည်။

ချက်သည် စတိုခန်း၏ တစ်ဘက်တံခါးပေါက်အနီးသို့ ရွေ့လျားလိုက်သည်။ အောက်ထပ်မှ မီးအလင်းရောင်သဲ့သဲ့မှာ အနည်းငယ် ကျဲနေပြီဖြစ်သည့် စတိုခန်း တံခါးပျဉ်ချပ်ကြားမှ တိုးဝင်နေသည်။

ကျဲနေသည့် ပျဉ်ချပ်မှ အပြင်သို့ ချက် ချောင်းကြည့်လိုက်သည်။

တိုက်ရှေ့ရှိ ဒရင်းဘတ်ပေါ်မှ လူတစ်ယောက် ထလာခဲ့သည် ချက် မြင်လိုက်ရသည်။ ချက် ငြိမ်နေလိုက်သည်။



လျှပ်စစ်မီးရောင် သဲ့သဲ့ဖြင့် လှေကားအနီးသို့ … လျှောက်လာသည့် လူကို မြင်နေရသည်။

ကိုသူပဲ ဖြစ်သည်။

ကိုသူရသည်လှေ ကားပေါ်သို့ … တက်သွားတော့သည်။

ချက်သည် မလိုက်သင့်တော့မှန်း နားလည်လိုက်သည်။

ခဏအကြာတွင် အိမ်ကြီးပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကို ကြားရတော့သည်။

"သူရ … မင်း ခြံထဲဆင်းပြီး လိုက်ရှာကြည့်စမ်း၊ ကိုထွန်းမြိုင် ဘာလုပ်နေသလဲမသိဘူး၊ တော်တော်တော့အတင့်ရဲလာပြီ၊ ငါလိုကောင်ရဲ့ အိမ်ကို ဝင်ရဲတယ်ဆိုတာ တော်ရုံသတ္တိ တော့ မဟုတ်တော့ဘူး"

"အခုပဲ ကျွန်တော် ဆင်းကြည့်မယ် ဆရာကြီး"

ကိုသူရ ပြောသံကြားလိုက်ရသည်။

"နေဦး သူရ၊ ငါတို့ခြံထဲမှာ ရှိနေတဲ့ သူအားလုံးလည်း စစ်ကြည့်ရမယ်"

ခြေသံတွေ ကြားရသည်။

ဒေါ်ဆူဇန်၏ အသံထွက်လာသည်။

www.burmeseclassic.com

"ဒီမှာ ကိုအီဆန်၊ ကျွန်မနဲ့ ပတ်သက်တဲ့သူတွေဟာ အားလုံး သစ္စာရှိပြီးသားပဲ၊ ရှင်မယုံရင်တော့ စစ်ကြည့်ပေါ့"

"စစ်ရမှာပဲ ဆူဇန် ... ဟို အကောင်လည်း စစ်ရမှာပဲ"

"အနှောင်အဖွဲ့နဲ့ နေ့နေရတဲ့ လူတစ်ယောက်ကို ရှင်ဘာ များထပ်ပြီး နှိပ်စက်ဦးမလဲ၊ ကျွန်မ မှားသွားတယ်၊ ကိုအီဆိုင်ရဲ မှားသွားပြီ၊ ဘုရားမှတ်လို့ ကိုးကွယ်တာ ဖွတ်ထွက်မှ တောင် ပို့မှန်းသိရတာပဲ၊ ရှင်ဟာ လောဘရမ္မက်ကြီးလွန်းတယ်"

"ဟော့ ...၊ လူတိုင်း ... လူတိုင်း လောဘရမ္မက်နဲ့ တည် ဆောက်ထားတာပဲ၊ လူမှန်ရင် လောဘရမ္မက်ရှိပြီးသားပဲ၊ လောဘရှိနေလို့ လူလို့ခေါ်နိုင်နေတာ၊ လောဘမရှိရင် သူ တော်စင်ဖြစ်နေမှာ အမှန်ပဲ"

ဦးအီဆိုင်၏ အသံက ညအမှောင်ကို ထွင်းဖောက်ပျံ့ လွင့်သွားစေခဲ့သည်။

"မာမီရယ် တော်ပါတော့၊ ဘာမှ အဖက်လုပ်ပြီး ထပ်ပြော မနေပါနဲ့ တုန်တို့ ဘဝဝဋ်ကြွေးလို့ပဲ မှတ်လိုက်ပါ"

"အီအီတုန် နင်စကားပြောတာလည်း၊ ငါတို့ အဖေနဲ့ ငါတို့က နင်တို့ အဖက်မလုပ်နိုင်ရအောင် စုတ်ပြတ်သတ်နေတဲ့ ... အတန်းအစားတွေ မဟုတ်ဘူး"

မမခက်၏ အသံ ထွက်လာသည်။



"ဟုတ်တာ ပြောတာလေ၊ ငါတို့က ဘယ်လိုအစားလဲ၊ နင်တို့
က ဘယ်လိုအစားလဲ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲဖြစ်မယ်၊ ဒီမှာ နင်နားလည်ထားလိုက်၊ အရှက်တစ်ခုနဲ့ ငါတို့က သည်း ခံနေတာ၊ သဘောပေါက်ပါ မမခက်။ နင်တို့ကို ငါ လုံးဝ မကြောက်ဘူးဆိုတာ နားလည်လိုက်ပါ"

အီအီတုန်က မာကြောပြတ်သားစွာ ပြောခဲ့သည်။

မိန်းမသည် မိန်းမတွေပဲ ဖြစ်ပါလေသည်။

ချက်သည် တံခါးပေါက်မှ ပြတင်းတံခါးပေါက်အနီး သို့ ကပ်လိုက်သည်။ ပြတင်းတံခါးကို ဖွင့်ကာ စတိုခန်းမှ ထွက်လိုက် သည်။ တံခါးကို သေသပ်စွာ ပြန်ပိတ်လိုက်ပါ၏။

ချက် တိုက်နံရံကို ကပ်ထားလိုက်ရသည်။

အစောင့် ဦးထွန်းမြိုင်သည် ချမ်းမြေ့ရိပ်မြိုင်ရှေ့သို့ ရောက်လာခဲ့သည်။ သူ တိုက်ထဲသို့ ဝင်သွားမှ ချက်သည် မှောင် ရိပ်ခိုကာ အခန်းသို့ ပြန်ခဲ့ပါ၏။

ကိုသူရနှင့် ဦးထွန်းမြိုင်သည် ခြံဝင်းတစ်ခုလုံးကို ဦး စွာလက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် လိုက်လံရှာဖွေကြသည်။

ထို့နောက် ခြံဝင်းထဲရှိ လူများကို လိုက်လံစစ်ဆေး သည်။ ဦးစွာပင် ချက် အခန်းသို့ ဦးတည်လာခဲ့သည်။

"ချက် ... ချက် ထစမ်းပါဦး"

www.burmeseclassic.com



ဦးထွန်းမြိုင်၏ အသံကို ကြားလိုက်ရသည်။

"အား ... ဟင်း ... နေဦး၊ ကျုပ် တံခါးဖွင့်ပေးမှာပေါ့"

ချက်သည် ဗလုံးဗထွေး မပီမသပြောကာ တံခါးဖွင့်ပေးလိုက်သည်။

"ဘာကိစ္စဖြစ်နေလို့လဲ၊ ဦးထွန်းမြိုင်"

"ချမ်းမြေ့ရိပ်မြုံတိုက်ထဲကို လူဝင်လို့ လိုက်စစ်နေတာ ချက်"

"အော် ... ကျုပ် အိပ်မောကျနေလို့ မသိလိုက်တာနေမှာ ဘာတွေပါသွားသလဲ ဦးထွန်းမြိုင်"

ကိုသူရသည် ဂိုဒေါင်ဘက်မှ ... ပြန်လျှောက်လာခဲ့သည်။ ဦးအီဆိုင် ရောက်လာသည်။

"ခြံထဲက လူတွေအကုန်စုံသလားဟေ့၊ သူရ"

"စုံတယ် ဆရာကြီး၊ သူလဲ ရှိနေပါတယ်"

ဦးအီဆိုင် တွေဝေသွားသည်။

"ခက်တော့ခက်နေပြီ သူရ၊ ချက် ချမ်းမြေ့ရိပ်မြုံမှာလည်း လူတွေစုံအောင်ရှိနေတယ်၊ ဒါဆိုရင် အဝတ်နက် ဝတ်ထား သူတွေက ဘယ်သူတွေလဲ"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစား နေတာပါ၊ အဝတ်နက်ဝတ်ထားသူတွေကို ကျွန်တော်တွေ့တာ ဒါပါနဲ့ဆို နှစ်ခါရှိပါပြီ။ ပထမတစ်ခါကတော့ တ



ယောက်တည်းမဲ၊ အခုတစ်ခါတွေ့တော့ နှစ်ယောက်ဖြစ် လာတယ်။ သူတို့ကိုတွေ့ရတာ အပေါ်ထပ်စတိုခန်းထဲမှာ ချည်းပဲတွေ့ရတယ်။ သူတို့ ပစ္စည်းတစ်ခုခုကို ရှာဖွေနေတဲ့ ပုံပဲ"

"အေး ... ဒီအဝတ်နက် ဝတ်သူတွေဟာ ချမ်းမြေ့ရိပ်မြုံ မိသားစုဝင်ထဲက မဖြစ်နိုင်တော့ဘူးဆိုရင် အပြင်လူတွေပဲ ဖြစ်လိမ့်မယ်။ ဒီတော့ ငါတို့အနေနဲ့ သတိထားရတော့ မှာပဲ၊ ငါနဲ့ ပြိုင်ဘက်တွေလဲ မဖြစ်နိုင်ဘူး သူရ"

ဦးအီဆိုင်သည် သူ့ ... ထင်မြင်ချက် ယူဆချက်ကို ထုတ်ဖော်ပြောခဲ့သည်။ သူ စဉ်းစားမရဖြစ်နေပုံတော့ ရှိပါ၏။

ထိုရောအခါ ...

ဦးထွန်းမြိုင်သည် သူထင်မြင်ချက်မှုကို ဝင်ပြောပါ သေသည်။

"ဒီလိုတော့ ပြောလို့မရသေးပါဘူး ဆရာကြီး၊ ဆရာကြီးမှာ ရန်သူတွေတော့ ရှိနေတာပဲ မဟုတ်လား၊ အပြင်လူဆိုရင် သူတို့အဖွဲ့ တစ်ဖွဲ့ဖွဲ့က ဖြစ်နိုင်ကောင်းတာပေါ့ ဆရာကြီး"

ဦးအီဆိုင် ခေါင်းကို ခါယမ်းပါလေ၏။

မဖြစ်နိုင်ဟူသော အငြင်းသဏ္ဍာန်တာပဲ ဖြစ်ပါလေ

www.burmeseclassic.com

www.burmeseclassic.com



"တစ်ဘက်အဖွဲ့တွေကဆိုရင် ငါတို့ကို လုပ်ကြံသတ်ဖြတ်ဖို့ပဲ လာဖို့ရှိတယ်၊ ဒီလို ပစ္စည်းလာရှာနေမှာ မဟုတ်ဘဲ၊ သူတို့ ပစ္စည်း တစ်ခုခုကို လိုချင်နေတယ်ဆိုတာ ထင်ရှားနေပြီ၊ ဒီတော့ ငါတို့ရန်ဘက်အဖွဲ့အစည်းတွေကကော မဖြစ်နိုင်တော့ဘူး။ ဒီအိမ်ရဲ့ နောက်ကြောင်းပိုင်ဆိုင်ခဲ့သူတွေကို စဉ်းစားကြည့်တယ်၊ ပထမဦးဆုံး ပိုင်ရှင်က မျက်နှာဖြူအရာရှိကြီး တစ်ဦးပဲ၊ အင်္ဂလိပ်အစစ်တော့ မဟုတ်ဘူး၊ အိုင်းရစ်(ရှ်) လူမျိုးတစ်ယောက်ပဲ၊ အနောက်တိုင်းသားတွေဟာ သူတို့ ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းကို သိုဝှက်လေ့နည်းတယ်၊ များသောအားဖြင့် စာချုပ်စာတမ်းနဲ့ ရွှေနေကြီးတွေဆီမှာပဲ အပ်နှံကြတာများတယ်"

"ဒီတော့ ... မျက်နှာဖြူအရာရှိကို ဖယ်ထုတ်လိုက်ရမယ်၊ နောက်ပိုင်ဆိုင်ခဲ့တာက ဆူလေမန်ဆိုတဲ့ ကုလားသူဌေး *တစ်ဦးပဲ၊ များသောအားဖြင့် အိန္ဒိယနွယ်ဖွား အများစုဟာ* သူတို့ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းတွေကို သိုဝှက်လေ့ရှိတတ်ကြတယ်"

"ဟုတ်တယ် ဆရာကြီး၊ ဆရာကြီးပြောတာဖြစ်နိုင်တယ်၊ အခု ချမ်းမြေ့ရိပ်မြုံတိုက်ထဲကို ဝင်ခဲ့တဲ့ အဝတ်နက်လူနှစ်ဦးဟာ ကုလားသူဌေး အဆက်အနွယ်ထဲက ဖြစ်ရင်ဖြစ် မဖြစ်



ရင်တော့ ဆူလေမန်နဲ့ ပတ်သက်ခဲ့ဖူးတဲ့ လူတွေပဲဖြစ်နိုင်တယ်"

ဦးအီဆိုင်သည် ခေါင်းကို ညိတ်လိုက်ပြီး ...။

"ကိုထွန်းမြိုင်တွေးသလို ကျုပ် တွေးမိပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့အနေနဲ့ ဒီဝတ်စုံနက်နဲ့လူတွေကို ဖမ်းမိအောင် ကြိုးစားရမှာပဲ၊ သူတို့ အနေနဲ့ ထပ်လာဦးမှာပဲ"

"လာရင်တော့ မေ့သလောက်ရှိမှပဲ လာတော့မှာပေ့ါ ဆရာကြီး"

ကိုသူရသည် ဦးအီဆိုင်အား သူ၏ ထင်မြင်ချက် ယူဆချက်ကို တင်ပြလိုက်ပါ၏။

"အင်း ... သူရပြောတာ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုပဲတွေးပြီး ပြောကြမှာ အမှန်ပဲလေ၊ ဒါပေမဲ့ သူခိုးဆိုသူတွေရဲ့ သဘာဝကိုက ဒီအိမ်ကို တစ်ခါမရရင် နှစ်ခါခိုးမှာပဲ၊ ပထမနေ့က လူမိသွားတယ်၊ ဒုတိယနေ့ကျတော့ အိမ်ရှင်တွေက သူခိုး မလာတော့ပါဘူးဆိုပြီး ပေါ့ပေါ့ဆဆနေလိုက်ကြတယ်၊ အဲဒီဟာကွက်ကလေးကိုပဲ သူခိုးအတော်များများက အသုံးချပြီး အဲဒီ အိမ်က ပစ္စည်းကို ခိုးသွားနိုင်ကြတာချည်းပဲ၊ ဒီတော့ ချမ်းမြေ့ရိပ်မြုံမှာနေတဲ့ မိသားစုဝင်အားလုံး သတိဝီရိယရှိကြဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာကြီး"

ဦးထွန်းမြိုင်သည် အခုကိစ္စတွင် တာဝန်အရှိဆုံး သူ ဖြစ်နေ၍ ဦးအိဆိုင်ကျေနပ်စေရန် သွက်လက်စွာ ကတိခံလိုက်ပါ၏။

"ကဲ ... အားလုံး ပြန်အိပ်ကြတော့၊ ဒီညအဖို့တော့ အဝတ် နက်နဲ့ လူတွေလာဖို့ မရှိကြတော့ပါဘူး"

ဦးအိဆိုင်သည် အားလုံးကို ဝေ့ဝဲပြော၍ တိုက်ကြီးရှိ ရာ သို့ ပြန်သွားခဲ့သည်။

ကိုသူရသည် ချက်အား မသိမသာ ငဲ့ကြည့်ကာ တိုက်ကြီးရှိရာသို့ ထွက်သွားပါလေသည်။

ချက် ဝန်းတွန့်လိုက်ပြီး အခန်းသို့ ပြန်ခဲ့သည်။

လက်မှ နာရီကို ချက် ကြည့်လိုက်သည်။

ညတစ်နာရီကျော်သွားခဲ့ပြီ။

ချက် မျက်စိကြောင်နေပါလေသည်။

သို့တစေ ... ။

အိပ်စက်အနားယူရန် ခုတင်ပေါ်သို့ လှဲလျောင်းမိပါ တော့။



အခန်း(၁၈)

ချက်သည် နေအတော်မြင့်မှပဲ အိပ်ရာမှ နိုးပါလေ သည်။

ချက် တံခါးပိတ်ထားခဲ့၍ မြူသွယ်သည် ခါတိုင်းပို့နေ ကျအတိုင်း အဆာပြေစားသောက်ရန် မပို့ခဲ့ခြင်းပဲ ဖြစ်နိုင်သည်။

ရေကို တစ်ဝချိုးလိုက်သည်။ အတော်လေး လန်း ဆန်းသွားသည်။ ကိုယ်လက်သုတ်ပြီးနောက် အဝတ်အစားလဲသည်။

ကြည့်ပြာရောင် စပို့ရှပ်နှင့် နံ့သာရောင် ဘက်ကီ ဘောင်းဘီရှည် ဝတ်လိုက်ပါ၏။

"ကိုချက်၊ ကိုချက်"

"ဘယ်သူလဲ"

"ကျွန်တော် ဖိုးအာပါ၊ တံခါးဖွင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"လာပြီ ကိုဖိုးအာရေ"

သွက်လက်စွာ ထွက်ပြီး တံခါးဖွင့်ပေးသည်။

လင်ပန်းတစ်ချပ်ကို ကိုင်၍ အခန်းအတွင်းသို့ ကိုဖိုးအာ ဝင်ရောက်လာသည်။ လင်ပန်းထဲမှာ မုန့်ဟင်းခါးဖတ်နှင့် ဟင်းရည်ပန်းကန်၊ ပန်းကန်အလွတ်နှင့် ဇွန်းနှစ်ချောင်း ပါသည်။

စားပွဲပေါ်သို့ ကိုဖိုးအာ တင်ပေးခဲ့၏။

ကိုဖိုးအာ ပြန်ထွက်သွားသည်။

မုန့်ဟင်းခါးကို ချက် သွက်လက်စွာ စားလိုက်သည်။ အိပ်ရေးပျက်လျှင် အစားပျက်သည်ဟု ဆိုကြသည်။

ချက်ကတော့ မုန့်ဟင်းခါးကို ကြိုက်၍ပဲလားမသိ။ မုန့်ပန်းကန်ပါ မုန့်ဖတ်များ ကုန်အောင်စားသည်။

ဟင်းရည်ကိုပါ ကုန်အောင် သောက်ပစ်လိုက်ပါ၏။

မုန့်ဟင်းခါးစားတော့ ဒေါ်လေးဝင်းမွန်ကို သတိရမိသည်။ ဒေါ်လေးဝင်းမွန်သည် မုန့်ဟင်းခါး အချက်ကောင်းသည်။

ယခုစားရသော လက်ရာသည် ရန်ကုန်မုန့်ဟင်းခါး လက်ရာစစ်သည်။ ငရုပ်ကောင်းမှုန့်မသုံး၊ ပဲကို ဇကာတိုက်ပြီး ချက်ပုံရသည်။ မြေပဲဆန်ပါသည်။ ရွှေကြည်နံ့လေးသင်းသည်။

ငါးပေါသော အရပ်မို့ ဟင်းရည်သည် ကျဲတောက်မနေ၊ ငရုတ်သီးအရောင်စွေ့စွေ့တက်ကာ ပျစ်နှစ်နေခဲ့သည်။



ခြံထဲမှ ကားမောင်းထွက်သွားသံ ကြားရသည်။

အခန်းမှ ချက် အပြင်သို့ ထွက်လိုက်သည်။

စားသောက်ပြီး အစာကြေရန် ခြံတွင်း တစ်ပတ် လျှောက်မည် စိတ်ကူးသည်။ ခြံ၏ ဝဲဘက်အခြမ်းကို ချက်သည် အုတ်စည်းရိုးအတိုင်း လျှောက်တော့သည်။

ညက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများက ချက် ခေါင်းအတွင်းသို့တိုးဝင်လာသည်။ ညက အဝတ်နက်ဝတ်ဆင်ထား သူနှစ်ဦးသည် မည်သူတွေဖြစ်နိုင်သနည်း။

ကိုသူရနှင့် ဦးထွန်းမြိုင် လိုက်လံစစ်ဆေးတော့ ချမ်းမြေ့ရိပ်မြုံအတွင်း နေထိုင်သူများ သူ့နေရာနှင့်သူ ရှိနေသည်။

တိုက်ကြီးပေါ်မှာလည်း မမခက်၊ မမသက်၊ ဒေါ်ဆူ နန်း အိအိတုန်တို့ ရှိနေခဲ့သည်။

ဤသို့ဆိုလျှင် စဉ်းစားစရာတော့ ဖြစ်လာလေပြီ။ အဝတ်နက် ဝတ်ဆင်သူတွေမှာ ဦးအိဆိုင်၏ ရန်ဘက်များ ဖြစ်နိုင်ပါ သလား။

မဖြစ်နိုင်။

ဦးအိဆိုင်တွက်သလိုပင် ရန်သူများဖြစ်လျှင် ဦးအိ ဆိုင်၏ အသိုင်းအဝန်းမှ လူများကို လုပ်ကြံသတ်ဖြတ်သွားဖို့ပဲ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေးလေ ရှုပ်လေပဲဖြစ်သည်။

ရှုပ်သည်ကိုမှပင် ချက်သည် စိတ်ဝင်စားတတ်သည်။

ချမ်းမြေ့ရိပ်မြုံတွင် ဝိညာဉ်လိုလို အရိပ်တစ်ရိပ်သည် ဤဝဲဘက်ခြံအတွင်းမှာပဲ ပျောက်သွားဖူးသည်။

ထိုညက ချက်သည် ထိုဖြူဖြူ အရိပ်ကြီးကို ချက် ကိုယ်တိုင် တွေ့ခဲ့ရသည်။

ခြံဝဲဘက်အခြမ်းကို ချက်သည် စေ့စေ့စပ်စပ်ကြည့်သည်။

ခြံ၏ ဝဲဘက်အခြမ်းတွင် သစ်ပင်ကြီးများ ပေါက်ရောက်နေခဲ့သည်။

သုံးပင်လိမ်ကာ ပေါက်နေသော သစ်ပင်သုံးပင်ကို တွေ့ရသည်။ သုံးပင်လိမ်ကာ ပေါက်နေသော်လည်း အလယ်တွင် လူနှစ်ယောက် ချောင်ချောင်ချိချိ ထိုင်နိုင်သည်။ ချက် ထိုနေရာကို အမှတ်မထင် စူးစိုက်ကြည့်မိသည်။ ထိုနေရာရှိ မြေကြီးများသည် အနည်းငယ်ပွယောင်ယောင် ဖြစ်နေပါလေသည်။

ခြံအတွင်းရှိ မြေကြီးများသည် သိပ်သည်းစွာ ရှိနေခဲ့သည်။

ချက်သည် သစ်ပင်သုံးပင်လိမ်နေသော အကြားရှိ ကွက်လပ်ကလေးသို့ ဝင်လိုက်သည်။



ပွယောင်းသော မြေကြီးနေရာကို ချက်သည် လက်ဖြင့် စမ်းကြည့်လိုက်သည်။ ပွနေသော မြေကြီးအတွင်းသို့ လက်တစ်ဝါးခန့် ချက် နှိုက်လိုက်ပါလေ၏။

အထဲမှ အံဖုံးတစ်ဖုံးကို နှိုက်လိုက်မိပေပြီ။ အံဖုံးမှာ လက်ကိုင်ကွင်းပါသည်။ အနည်းငယ် မ,ကြည့်သည်။ ကြွလာသည်။

လက်ကို မြေကြီးအတွင်းမှ ပြန်နှိုက်ထုတ်လိုက်သည်။

အရိပ်ဖြူဖြူကြီး ပျောက်ကွယ်သွားခြင်းကို ချက် သိလိုက်ရပါ၏။

သစ်ပင်သုံးပင်သည် လူတစ်ယောက်ကို အပြင်က မမြင်နိုင်အောင် အကာအကွယ်ပေးထားနိုင်သည်။

ချက် အပြင်သို့ ပြန်ထွက်လိုက်တော့သည်။

ခြေသံ တစ်သံကို ချက် ကြားလိုက်ရသည်။

အိအိတုန်ပဲ ဖြစ်ပါလေ၏။

"ကိုချက် ဘာလုပ်နေတာလဲဟင်"

မြေကြီးများ ပေကျံနေသော လက်ကို ကြည့်ကာ အိအိတုန် မေးလိုက်သည်။

"အညောင်းပြေလျှောက်တာ ဒီနားကျမှပဲ သစ်မြစ်ခလုတ်တိုက်ပြီး လဲကျသွားတာလေ အိတုန်"

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုခါရင်း ချက်သည် အိအိတုန်ကို ထမင်းရည်မှုလှုပ်လှုပ်ပြောလိုက်မိသည်။ အိအိတုန်သည် ယုံသည်မယုံသည်တော့မသိ။ ဆက်တော့ မမေးတော့ပါလေတော့။

"ညက အစ်ကိုချက် အိပ်ရရဲ့လား"

"ဘာဖြစ်လို့လဲဟင်"

မသိဟန်ဆောင်၍ပဲ ချက် မေးလိုက်သည်။

"အစ်ကိုချက် တကယ်ပဲ မကြားဘူးထင်တယ်၊ ညက တိုက်ကြီးထဲကို လူဝင်လို့ဆိုပြီး သူရဆိုတဲ့လူ ပြဿနာရှာစတာပဲ"

"အော် ဟုတ်လား၊ အဲဒါတော့ သိပါတယ်၊ ဦးထွန်းမြိုင်ကို ချက်ကို လာနှိုးတယ်လေ၊ အိပ်ကောင်းနေတုန်းဆိုတော့ အိပ်ရေးတော့ ပျက်သွားတာပေါ့လေ"

"ဒါပေါ့ အိတုန်၊ သူခိုးဆိုတာ ချိုပေါက်တာလည်း မဟုတ်ဘူး၊ ပြီးတော့ အိမ်တစ်အိမ်က ပစ္စည်းကို လိုချင်လို့ ဝင်ခိုးရင် ဘယ်သူ့အိမ်ဖြစ်ပါစေ ဝင်ခိုးရဲကြတာပဲလေ၊ မဆန်းပါဘူး"

"အစ်ကိုချက်ကိုလာခါတာ၊ ရေးမြို့ထဲမှာ မုန့်ခြောက်တွေ သွားဝယ်မလို့၊ လိုက်ခဲ့ပါလား အစ်ကိုချက်"

ချက်သည် တမင်ပင် ... မလိုက်ရန် ဆုံးဖြတ်လိုက်မည်။ မိမိသည် အခုရက်ပိုင်းအတွင်း ဦးအီဆိုင်တို့ လူစု မျက်စိစပါးမွှေး-ချေးသကဲ့သို့ မျက်စိမနောက်စေရန် ဆုံးဖြတ်ဆင်ခြင်ရလေမည်။



"အစ်ကိုချက် မလိုက်တော့ဘူး အိတုန်၊ အဆာကြေအောင် တမင်သက်သက် လမ်းဆင်းလျှောက်နေတာ ရင့်ထဲပြည့်နေသလိုပဲ အိတုန်"

စိတ်ကောက်ရန် ပြင်နေသော အိအိတုန် မျက်နှာကလေး အနေအထားပြောင်းသွားသည်။

"ဟင် ... ဟုတ်လား၊ ဒါဆိုရင် အစ်ကိုချက် သောက်ဖို့ ဆန်ပြုတ်ပဲပြုတ်ခိုင်းလိုက်မယ်နော်၊ မနက်ညာ ဆန်ပြုတ်သောက်ပြီး၊ နေလိုက်ပေါ့၊ မြသွယ်ကို မှာခဲ့မယ်၊ ဆေးလည်းထည့်ပေးလိုက်မယ်"

ချက် ကိုယ့်အတတ်နှင့်ကိုယ် ဆူးတော့သည်။

"အင်း ... အဆင်ပြေသလိုပဲ စားလိုက်ရင် ပြီးပါတယ်၊ အစ်ကိုချက်အတွက် အလုပ်ရှုပ်နေပါ့မယ်"

"ဟင့်အင်း မရှုပ်ဘူး၊ တုန် ပြောသလိုပဲစားပါ"

အိအိတုန် တိုက်ကြီးရှိရာသို့ ပြန်သွားခဲ့ပါ၏။

ခဏအကြာတွင် ဆိုင်ကယ်သံကြားရပါလေသည်။

မနက်စာ စားချိန်တွင် မြသွယ် ရောက်လာသည်။ ဆန်ပြုတ်ပန်းကန် ပါလာသည်။ ဆေးပါ ပါရှိလာခဲ့သည်။

"မမလေးက မှာလိုက်တယ်၊ ဆေးကို ဆန်ပြုတ်သောက်ပြီးတာနဲ့ တစ်ခွက်သောက်လိုက်ပါတဲ့ အစ်ကိုလေးချက်"

www.burmeseclassic.com

www.burmeseclassic.com



ဆေးက နှစ်ခွက်စာပဲ ဖြစ်မည်ထင်သည်။ ပလတ်စတစ်အိတ်ကလေး နှစ်အိတ်နှင့် ထည့်ပြီး ကလစ်နှင့် သေသပ်စွာ ချုပ်ပေးလိုက်ပါ၏။

မြသွယ် ပြန်သွားသည်။

အိအိတုန်သည် မိမိအပေါ် ဂရုစိုက်လွန်းရှာသည်။

ဆန်ပြုတ်မှာ တစ်ဘက်နိုင်ငံမှလာသော အသင့်စား ဆန်ပြုတ် ဖြစ်နိုင်သည်။

သို့သော် ... ။

ပုစွန်ခြောက် ဒုံးခြောက်များဖြင့် ပြုပြင်ပြုတ်ထားသည်ပဲ ဖြစ်နိုင်သည်။ ဆန်ပြုတ်ကိုပဲ ချက် သောက်လိုက်ရသည်။

အိအိတုန်သည် မိမိကို သက်ာမကင်း ဖြစ်သွားပုံတော့ မရပေ။

ညနေမစောင်းခင်မှာပင် ... အိအိတုန်၏ ဆိုင်ကယ်မောင်းဝင်လာသံကို ကြားရသည်။ ဆေးကိုတော့ မြသွယ်လာလျှင် မတွေ့နိုင်အောင် သန့်စင်ခန်းထဲမှာပဲ ဖျောက်ပစ်လိုက်ပါလေ၏။

ညနေစောင်းတော့ မြသွယ် ရောက်လာသည်။

ချက်အတွက် ဆန်ပြုတ်ကို ညနေစာ လာပို့ခြင်းဖြစ်သည်။

"မမလေးက ... ဆေးကို သောက်ဖြစ်အောင် သောက်ပါလို့



မှာလိုက်တယ်၊ ပြီးတော့ ဆရာကြီးက တိုက်ထဲကိုလာခဲ့ပါဦးလို့လည်း မှာလိုက်တယ် အစ်ကိုချက်"

"ဘာကိစ္စလဲလို့ ပြောလိုက်သေးသလား မြသွယ်"

"ဟင့်အင်း၊ အဲဒါပဲ မှာလိုက်ပါတယ်"

မြသွယ် ပြန်သွားသည်။ ဆန်ပြုတ်ကို ချက် သောက်လိုက်ပြီးမှပဲ အခန်းထဲမှ ထွက်ခဲ့ပါ၏။

တိုက်ထဲဝင်လိုက်သည်နှင့် ဦးအီဆိုင်ကိုတွေ့ရသည်။

"လာထိုင် ချက်"

ကျွန်းဆက်တီခုံတွင် ချက် ဝင်ထိုင်လိုက်သည်။

ဦးအီဆိုင်သည် အပေါ်ထပ်သို့ တက်သွားသည်။

ကိုသူရ၊ မမခက်နှင့် မမသက်တို့ကို မတွေ့ရပေ။

ဦးအီဆိုင် ပြန်ဆင်းလာသည်။ လက်ထဲတွင် ပလတ်စတစ်အိတ်တစ်လုံး ပါလာခဲ့သည်။

"ရော့ ချက်၊ ဒါ မင်းအတွက် လုပ်အားခပဲ၊ အထဲမှာ ငွေငါးသိန်းပါတယ်၊ ရေး ဆိပ်ကမ်းမှာ သူရကို ငါ အခြေအနေစုံစမ်းခိုင်းလိုက်တယ်၊ ညက ဖုန်းနဲ့ လှမ်းအကြောင်းကြားတယ်၊ သက်ဆိုင်ရာက ပင်လယ်ပြင်နဲ့ ကျွန်းတစ်တချို့ကို ရှာဖွေဖော်ထုတ်နေတယ် ကြားရတာပဲ၊ ငါ မိုးကျမှာပဲ အလုပ်တွေကို ဆက်လုပ်ဖို့ ဆုံးဖြတ်ထားတယ်၊ ငါ့မြို့ရာသီမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ငါးဖမ်းမယ်၊ လစ်ရင်လစ်သလို တစ်ဘက်နိုင်ငံကို ငါးခိုးထုတ်ဖို့လောက်ပဲ စဉ်းစားထားတယ်၊ အလုပ်မရှိပေမယ့် ချက်အတွက် ကျုပ်က စားဝတ်နေရေး ဆက်တာဝန်ယူထားမှာပါပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ပိုက်ဆံကို ပြည့်မပြည့် ရေကြည့်လိုက်ပါဦး၊ တစ်ခုတော့ရှိတယ်၊ ဒီအတောအတွင်းမှာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေလစ်ရင် လစ်သလို အလုပ်တစ်ခုခုတော့လုပ်မယ် စဉ်းစားထားတယ်၊ ကျုပ် စခန်းမှာရှိတဲ့ အက်ဗီတမင် စိတ်ကြွဆေးတွေကို ဝယ်လက် လက်ထဲအရောက်ပို့ပေးရမယ်လေ၊ စခန်းမှာ စိတ်ကြွဆေးပြားတွေ ရှိမနေဖို့ဘဲ အရေးကြီးတယ်လေ"

"ငွေကို ရေမကြည့်တော့ပါဘူး ဆရာကြီး၊ ကျုပ်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပြီလေ၊ ပြန်နိုင်ပါပြီ"

အခန်းသို့ ချက် ပြန်ခဲ့တော့သည်။



၅

ချက်သည် ညမှောင်ရီပျိုးစမှာပင် မြို့၏ ဝဲဘက်အခြမ်းကို သတိထား စောင့်ကြည့်နေခဲ့သည်။

ညက တစ်ရေ့စနှင့် အရေပ်ရှစ်မျက်နှာကို အမှောင်ဖြင့် စိုးလွှမ်းလိုက်တော့သည်။ သစ်ပင်သုံးပင် ယှက်၍ပေါက်နေခဲ့သော နေရာသို့ ချက် စောင့်ကြည့်ရန် ထွက်လာခဲ့သည်။

ထင်သည့် အတိုင်းပင် အံဖုံးကို မှ၍ အရိပ်မည်းမည်း နှစ်ရိပ် ထွက်လာခဲ့သည်။

သစ်ပင်အကွယ်မှ စောင့်ကြည့်နေသော ချက်ကို — အဝတ်နက်များ ဝတ်ဆင်ထားသူနှစ်ဦး သတိမထားမိကြပေ။

အရိပ်မည်းမည်းနှစ်ဦးသည် ခိုးကြောင်ခိုးဝှက်ဟုတ်ဘော့ဘဲ တိုက်ကြီးရှိရာသို့ ထွက်သွားပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက် ရင်ထဲမှာ အုံ့ဩနေမိသည်။

အစောင့်အိမ်ကလေးထဲတွင် ကိုဖိုးအာ ရှိနေသည်။

သူတို့သည် ကိုဖိုးအာကို ဂရုမစိုက်ဘဲ ချမ်းမြေ့ရိပ်မြုံ တိုက်ကြီးအတွင်းသို့ ခပ်တည်တည် ဝင်ရောက်သွားသည်။

ကိုဖိုးအာသည် ထိုအဝတ်မည်းဝတ်ဆင်ထားသူ နှစ်ဦးနှင့် အချိတ်အဆက်တွေဖြစ်နိုင်ဖို့ သေချာသွားပေပြီ။

ချက်သည် ... သစ်ပင်အကွယ်မှ စတိုခန်း ပြတင်းပေါက်ရှိရာသို့ လှစ်ခနဲ ပြေးကပ်လိုက်သည်။

ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။

တော်ပါသေး၏။ ပြတင်းတံခါးက စေ့ရုံမျှသာ စေ့ထားသည်။ ပြတင်းတံခါးပေါက်ကို ကျော်ဝင်လိုက်သည်။

စတိုခန်းထဲ ချက် ရောက်သွား၏။

မီးရောင်သဲ့သဲ့ဖြင့် တိုက်အောက်ထပ်သို့ ကြည့်လိုက်သည်။

ကိုသူရ မမခက်နှင့် မမသက်တို့ ဈေးမှ ပြန်မရောက်သေးတာ သတိရလိုက်မိသည်။

သည်တော့။

ချက်သည် စတိုခန်းတံခါးကို အသာအယာ တွန်းဖွင့်လိုက်သည်။



တော်ပါသေးသည်။ ပိတ်မထားသော တံခါးက ... အလိုက်သင့် ပွင့်သွားသည်။ ဆီသွေးနေ၍ အနည်းငယ်သော အသံမြည်သွား၏။ ချက် လှေကားကိုနင်း၍ တက်ခဲ့သည်။

ဦးထွန်းမြင့်ရော ဦးအီဆိုင်ပါ မနိုးကြတာတော့ အံ့ဩဖို့ကောင်းနေခဲ့သည်။

အဝတ်နက် ဝတ်ဆင်ထားသူနှစ်ဦးသည် အသံထွက် အောင်ပင် အပေါ်ထပ်မှာ စိတ်ထင်တိုင်း ကျဲနေကြသည်။

ပစ္စည်းတွေ မ,သံ ရွှေ့သံတွေ ကြားနေရပါ၏။

လှေကားပေါ်မှ အပေါ်ထပ်သို့ ချက် ရောက်ရှိသွားသည်။ တိုက်၏ အရှေ့ခန်းရှိ ပစ္စည်းများကို အဝတ်နက်ဝတ်ထားသူ နှစ်ဦးက မွှေနှောက်ရှာဖွေနေခဲ့ကြသည်။

ချက် ဖြေးညှင်းစွာပင် အဝတ်နက်ဝတ်ထားသူ တစ်ဦး၏ အနောက်သို့ ချဉ်းကပ်လိုက်သည်။

အပိုင်ချုပ်ကိုင်နိုင်လိမ့်မည်ဟု ထင်ထားသော ချက် တစ်ကွက် နောက်ကျသွားသည်။

ဘုရားကျောင်းဆောင်တွင် အရိပ်သည် သွားရောက် နေသည်ကို သူ မသိမထားလိုက်မိ။

ထို့ကြောင့် အဝတ်နက် ဝတ်ထားသူက ချက်၏ နံ့စောင်းကို လက်သီးဖြင့် ထိုးချလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်နက် ဝတ်ထားသူမှာ ကိုယ်ကို တံစ်ပတ် လှည့်ကာ ဝဲလက်သီးဖြင့် ချက် နံစောင်းအား ထိုးရခြင်းဖြစ်၍ အား ပျော့သွားသည်။

ချက်သည် ညာလက်သီးဖြင့် လက်သီးချက်ကိုလှမ်း ကာကာ လူချင်းပူးကပ်ပြီး ဝဲဘက်လက်ဖြင့် ချုပ်ကိုင်လိုက်သည်။ အိစက်နူးညံ့သော အထိအတွေ့ကို ချက် ခံစားလိုက်ရသည်။

မိန်းမသားတစ်ဦးမှန်း ချက် သိလိုက်ရပြီး ...

သို့သော် ... ။

ရန်သူသည် ရန်သူပဲဖြစ်သည်မို့ မလျှပ်သာအောင် ချုပ်ကိုင်ပြီး ခေါင်းမှ အဝတ်နက်ကို ချွတ်လိုက်တော့သည်။

"ဟင် ... အိတုန်"

ထိုစဉ်မှာပင် ကျန်အဝတ်နက် ဝတ်သူသည် ချက် အား တိုက်ခိုက်ရန် ပြင်ဆင်လာခဲ့တော့သည်။

"မလုပ်နဲ့ မောင်လေး ... မမ ပြောပြထားတဲ့ ချက်ဆိုတာ သူပဲလေ"

တွေ့၍ ... အဝတ်နက်ဝတ်သူမှာ စုံရပ်နေခဲ့ပါလေ သည်။ ချက် အသွေးအသားတွေ ကိုယ်တွင်းလှည့်ပတ်စီး ဆင်းမှု တွေ ပုံမှန်မဟုတ်တော့ ချုပ်ကိုင်ထားသောလက်များတွေအေးစက် လာသည်။



ချက် ရင်ထဲက နှလုံးခုန်သံတွေ မြန်လာသည်။

အိအိတုန် မှန်းသိပါလျက် ချက် လွှတ်လိုက်ဖို့ စဉ်း စားမရခဲ့။ ကိုယ်ချင်းပူးကပ်စွာ ရှိနေသည်။ ဝင်သက်ထွက်သက် တော့ နှစ်ဦးသားကြားနေရပါလေသည်။

ဘယ်တုန်းကမှ ဤသို့ ရင်မခုန်ဖူးလေသော ချက် ရင်တွေ ခုန်နေသည်။

မေသူစာနှင့်တုန်းက အထိအတွေ့တွေ ရှိခဲ့ဖူးသည်။ ရင်မခုန်ခဲ့။ အပျော်စိတ်ကလေးတွေပဲ ရှိခဲ့ပါလေသည်။

ချစ်သည်။

အိအိတုန်ကောင်မလေးကို ချက် ချစ်မိပါလေသည်။

အထိအတွေ့ကြောင့်တော့ မဟုတ်တာသေချာပါ သည်။

"လွှတ်တော့လေ ... ဟိုမှာ မောင်လေးရှိနေတယ်"

ခပ်တိုးတိုးကလေး အိအိတုန် ပြောရှာသည်။

သူမလည်း အသံကလေးတွေ တုန်နေရှာပါ၏။

ချက် နှမြောစွာပင် အိအိတုန်အား လွှတ်ပေးလိုက် သည်။

"အစ်ကိုချက် အံ့ဩနေမှာပဲနော်၊ ဒါက ကိုချက်တဲ့ မောင် လေး၊ မမတို့ ဒက်ဒီထားခဲ့တဲ့ ပစ္စည်းက မမတို့ရဲ့ မထိုက်တန်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလို့ပဲ မှတ်လိုက်ပါတော့ကွာ"

"ရဲရဲတော့ လက်မလျှော့ချင်ဘူး မမ၊ ဒီပစ္စည်းတွေ ရှာရမှ ရဲရဲတို့ မမတို့ အနာဂတ်လှနိုင်မှာလေ၊ ရဲရဲ မူးယစ်ဆေးဝါး သုံးစွဲခဲ့တာနဲ့ ပတ်သက်ပြီး ဦးအီဆိုင် အကျုပ်ကိုင်လို့ မာမီက ပိုင်ဆိုင်သမျှကို လက်မှတ်ထိုး ပြောင်းလွှဲပေးခဲ့ပြီးပြီပဲ"

ချက်သည် ရဲရဲကို ကြည့်လိုက်သည်။

ရဲရဲသည် အဝတ်နက်ခေါင်းစွပ်ကို ချွတ်လိုက်၍ သန့်ပြန့်သော ရဲရဲ၏ ရုပ်ရည်ကို တွေ့ရပါသည်။

"ဦးအီဆိုင်ဟာ အတော်ယုတ်မာတာပဲနော် အိတုန်"

"ဟုတ်တယ်၊ အစလည်း ရဲရဲကို အနောက်ဘက် ဂိုဒေါင်ထဲမှာ ချုပ်ထားခဲ့တာ၊ ရဲရဲ့ သူ့အကြောင်းသိနေပြီမို့ စိတ်ကစဉ့်ကလျားဖြစ်နေဟန်ဆောင်ထားခဲ့တာ။ အဲဒါကြောင့် သူစိတ်ထင်တိုင်း မနှိပ်စက်ဘဲ လွှတ်ထားတာဆိုပါတော့။ မာမီက ဒက်ဒီဦးဝေဠုရှိစဉ်က သားသမီးကို ဂရုမစိုက်ခဲ့ဘူး၊ ဒီတော့ ရဲရဲ အပေါင်းအသင်းမှားပြီး မူးယစ်ဆေးစွဲခဲ့တယ်၊ ဦးအီဆိုင်နဲ့ ယူတော့ ရဲရဲကို ပထမလွှတ်ပေးထားပြီးမှ မာမီ့ကိုအကျုပ်ကိုင်တယ်၊ ရဲရဲဟာ မူးယစ်ဆေးဝါးစွဲနေပါတယ်လို့လေ၊ မာမီဟာ အခြေအနေအရ ဦးအီဆိုင်ကို ယူလိုက်ပေမဲ့ ဒက်ဒီ့နာမည်ကိုသိပ်တန်ဖိုးထားတယ်၊ သွားလေသူကို သိက္ခာ



မကျစေချင်ဘူး၊ ဦးအီဆိုင်အလိုအကျ အမွေတွေကိုလွှဲပြောင်းပေးခဲ့တယ်လေ၊ ဒါကို မကျေနပ်ခဲ့ဘူး၊ ရဲရဲ လက်ထဲမှာရှိတဲ့ မြေပုံကိုတောင်းတော့ ထုတ်ပေးလိုက်ရတာပါပဲ"

"ဘာမြေပုံလဲ အိတုန်"

"ရတနာမြေပုံပါ အစ်ကိုချက်၊ ဦးအီဆိုင်ရယ်၊ ဒက်ဒီရယ်ဟာ တစ်နေ့ ငါးဖမ်းသင်္ဘောနဲ့ ဇီးဖြူသောင်ကိုအသွား ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး မျောနေတဲ့ ဂျပန်လူမျိုးတစ်ဦးကို ကယ်တင်နိုင်ခဲ့တယ်၊ သူဟာ ဂျပန်ခေတ်က ဇီးဖြူသောင်ကို ဗဟိုပြုပြီး စစ်သတင်းတွေကို စုံစမ်းခဲ့တဲ့ ဂျပန်ကင်ပေစုံထောက်အရာရှိတစ်ဦးရဲ့သားပဲ၊ သူတို့ ကင်ပေအဖွဲ့ဟာ ရေးနယ်မှာရှိတဲ့ ဇီးဖြူသောင်နဲ့ မနီးမဝေးကျွန်းမှာ ရတနာတွေကို မြှုပ်နှံသွားခဲ့တယ်၊ တကယ်က အဲဒီရတနာတွေဟာ မြန်မာနိုင်ငံက ... သူဌေးတစ်ဦးရဲ့ ရတနာတွေပဲတဲ့၊ အဲဒီသူဌေးဟာ ပြောက်ကျားတော်လှန်ရေး တပ်သားတစ်ဦးမို့ ကင်ပေအဖွဲ့က သိမ်းဆည်းလိုက်တဲ့ သူဌေးပိုင် ပစ္စည်းပဲပေါ့"

"အဲဒီ ဂျပန်လူမျိုးဟာ သူပိုင် သင်္ဘောတစ်စီးနဲ့ တိတ်တဆိတ်လာအရှာမှာ မုန်တိုင်းမိပြီး သင်္ဘောပျက်တယ်၊ ဒက်ဒီတို့နဲ့တွေ့တော့ သူ့ အခြေအနေမကောင်းတော့ဘူး၊ အဲဒီမှာ ဂျပန်အမျိုးသားကြီးက အသက်သခင်မို့တစ်ကြောင်း၊ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်မို့ မြန်မာလူမျိုးပဲ ရသင့်တယ်ဆိုပြီး ဒက်ဒီကို ပေးခဲ့တယ်၊ ဒက်ဒီက မြေပုံကို ယူထားလိုက်တယ်၊ ဒက်ဒီဟာ သားသမီးကိုချစ်တော့ မြေပုံကို သုံးပိုင်း ပိုင်းတယ်၊ တစ်ပိုင်းကို ရဲရဲကို ပေးခဲ့ပြီး ကျန်နှစ်ပိုင်းကို ဖွက်ထားခဲ့တယ်၊ ဖွက်ထားတဲ့ နေရာကို ဒက်ဒီမပြောနိုင်ခင် ဆုံးပါးသွားတာပါပဲ”

ချက် အားလုံးကို သဘောပေါက်နားလည်သွားသည်။

“အင်း လက်စပျောက်နေပြီပေါ့ အိတုန်”

ချက်သည် စိတ်ပျက်စွာပြောပြီး၊ ပန်းချီကားချပ်များရှိရာသို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။

“တစ်၊ ငါး”

ချက်သည် လက်ဖျစ် တစ်ချက်တီးသည်။

“တစ်ငါး ဟုတ်ပြီ၊ ဟုတ်ပြီ အိတုန်”

“ဘာလဲဟင် အစ်ကိုချက်၊ တစ်ငါးဆိုတာ ဘာလဲဟင်”

“အိတုန်ပြောတယ်နော်၊ အိတုန်တို့ ဒက်ဒီဟာ သားသမီး သိပ်ချစ်တတ်တာလို့”

“ဟုတ်တယ် အစ်ကို သိပ်ကိုချစ်ခဲ့ရှာတာပါ။ မာမီ့ကိုလည်း သိပ်ချစ်တာပါပဲ”

“ဖြစ်နိုင်တယ်၊ ပန်းချီကား တစ်ချပ်က နံပါတ်တစ်အကွက်၊



နောက်နှစ်ချပ်က ဘာဂဏန်းမှမပါဘူး၊ သုညနှစ်လုံးပေါ့၊ နောက်တစ်ချပ်က ငါးဂဏန်း အကွက်ရာ၊ တွေးယူရင် ၁၅၀၀ပေါ့၊ ၁၅၀၀ ရောပြွန်းနေတယ်လေ၊ ဒီတော့ ရတနာမြေပုံဟာ ၁၅၀၀ ကိုလေသာရောပြွန်းနေတဲ့ အချစ်နဲ့ မတူဘူးလား။ ဥစ္စာပစ္စည်းဆိုတာ လူတွေအတွက် မရှိမဖြစ်လေ၊ ဒီလိုပဲ ၁၅၀၀ ဆိုတဲ့ အချစ်ကလည်း လူသားတွေအတွက် မရှိမဖြစ်ပဲလေ”

စကားရပ်ကာ အိအိတုန် မျက်နှာလေးကို ချက်ငေးလိုက်မိသည်။

သူမ မျက်နှာကလေးသည် ရှက်သွေး တရိပ်ရိပ်တက်နေပါလေ၏။

“ကဲပါ စကားဆက်ပါဦး”

“ဒီတော့ နံပါတ်တစ်နဲ့ နံပါတ်ငါး ပန်းချီကားချပ်တွေကို ဖြုတ်လိုက်ပါ”

“ထူးမှာမဟုတ်ပါဘူး အစ်ကိုချက်၊ အိတုန်တို့ ရှာပြီးပြီ၊ ဘာမှ မထူးခြားပါဘူး၊ ဒါပေမဲ့ အစ်ကိုချက် ရှာကြည့်လေ”

ရဲရဲက ဖြုတ်၍ လာပေးသည်။

ပန်းချီကားချပ် နောက်ကျောမှာ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားပါဟူ၍ စာတမ်းထိုးထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ချက် တွေ့လိုက်သည်။

ချစ်ခြင်းမေတ္တာဆိုတာ နူးညံ့မှုသာလျှင် လူ့ဘ အတွက်ပေးနိုင်သည်။ ကြမ်းတမ်းမှုသည် (၁၅၀၀)နှင့် ဆိုင်သော် လည်း အချစ်သည် ကြမ်းတမ်းခြင်းမရှိတာ သဘာဝတရားပဲဖြစ်ပေ ၏။

"ဘရိတ်စားတစ်ချောင်းပေးပါလား အိတုန်"

အိတုန် သွက်လက်စွာ အခန်းတစ်ခုသို့ ဝင်ရော သွား၏။ ဘရိတ်စားလေးကို ချက် ခပ်ဖွဖွလေး ပန်းချီကားချပ် ဆေးသားတွေကို ခြစ်ပစ်လိုက်သည်။

အပေါ်မှ ဆီစိမ်စက္ကူကိုခံကာ အထဲတွင် ထားသော မြေပုံတစ်ပိုင်း ထွက်လာသည်။

နောက် ပန်းချီကားတစ်ချပ်ကို ခြစ်သည်။

မြေပုံနှစ်ပိုင်း စုံသွားပြီ။

"တစ်ပိုင်း မရှိတော့ဘူးလား အိတုန်"

"ရှိပါတယ်၊ မိတ္တူကူးထားလိုက်တာလေ"

ရဲရဲက သူ၏ ရင်ဘတ်ထဲမှ စက္ကူတစ်ပိုင်းကို ထုတ် ပေးလာခဲ့သည်။

ဆီစိမ် စက္ကူနှစ်ရွက်နှင့် မိတ္တူဆီစိမ်နှစ်ရွက်ကို ဆက် လိုက်သည်။ မြေပုံ ပြည့်စုံသွားပြီ။



"ကြက်တိုက် ကျွန်းဟူသော"ဟူသော ခေါင်းစဉ် စာတမ်းထိုးထားသည်။

မြေပုံကို သိမ်းပြီး အိအိတုန်ကို ပေးလိုက်သည်။ အိအိတုန်သည် ပလတ်စတစ်အပျော့ အိတ်အတွင်းသို့ထည့်ကာ လိပ် ၍ ဘောင်းဘီအတွင်း သိမ်းဆည်းလိုက်သည်။

ယင်းအခိုက်မှာပင် ချောင်းစွယ်အတွင်းသို့ သင်္ဘော တစ်စီး ဝင်လာသံကြားရသည်။

"ကဲ ... ရန်သူတော့ ပေါ်ပြီ၊ စခန်းက လာတာဖြစ်နိုင်တယ်၊ အောက်ထပ်ဆင်းပြီး အပိုင်တိုက်မယ်"

သင်္ဘောစက်သံ ရပ်သွားသည်။

တိုက်အောက်ထပ် တံခါးဘေးမှာ အိအိတုန်တို့ ... မောင်နှမနှစ်ဦး တစ်ဘက်မှ ချက် အသင့်စောင့်နေလိုက်သည်။

စံဘော်နှင့် သပိတ် ဝင်လာသည်။

ချက်သည် စံဘော်ကို ခြေထိုးခံလိုက်သည်။

အိအိတုန်မှ သပိတ်၏ ဘောင်းဘီခွကြားသို့ ခြေဦး ဖြင့် ကန်ထည့်လိုက်သည်။

အားလျှားထိုးလဲကျသွားသော ... စံဘော်ကို ချက် လည်မြင်းကို အပိုင်ညှစ်ပြီး နားထင်ကို သူ့ခါးအတွင်းမှ ပစ္စတိုနှင့် ထောက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိအိတုန်မှလည်း သဝိတ်၏ ခါးကြားမှ ပစ္စတိုနှင့်ထင် ထောက်ထားလိုက်သည်။

"ကဲ ... မင်းတို့နှစ်ယောက်လုံး ငါတို့နဲ့လိုက်ခဲ့ကြ။ ကြက်တိုက်ကျွန်းကို မင်းတို့နှစ်ယောက် သင်္ဘောနဲ့လိုက်ပို့ရလိမ့်မယ်"

လက်ဦးမှုရှိထားး၍ စံဘော်နှင့် သဝိတ်တို့ ခေါင်းညိတ်လိုက်ရပါ၏။



အခန်း(၁၉)

ပင်လယ်ပြင်တွင် ငါးဖမ်းသင်္ဘောလေးက တရိပ်ရိပ် ပြေးလွှားနေသည်။ စံဘော်က သင်္ဘောကို ပဲ့ကိုင်မောင်းနှင်ပေးရသည်။ သဝိတ်က အင်ဂျင်ဒရိုင်ဘာအဖြစ် တာဝန်ယူရသည်။

"ရှေ့က ကျွန်းက ကြက်တိုက်ကျွန်းပဲ"

စံဘော်က လှမ်းပြောသည်။

"ကောင်းပြီလေ၊ မင်းတို့ ကျွန်းကို ကပ်လိုက်တော့"

ချက်က သေနတ်နှင့်ချိန်ထားရာမှ ပြောလိုက်သည်။

ရဲရဲသည် AK 47 သေနတ်ဖြင့် စံဘောက်နှင့် သဝိတ် အနက် သဝိတ်ကို ချိန်ထားသည်။

အိအိတုန်နှင့် ချက်က စံဘော်အား ချိန်ထားသည်။

သူတို့ မလှုပ်သာမှန်း သိ၍ ချက်တို့အလိုကျ လိုက်

www.burmeseclassic.com



လျှော့ရပါလေသည်။

စက်ရှိန်လျှော့သွားသည်။ သင်္ဘောက ကမ်းကပ်သွားသည်။ သပိတ်ကို သင်္ဘောကြိုးချည်ရန် ရဲရဲက မျက်ရိပ်ဖြင့် ပြသည်။

သပိတ် သင်္ဘောကြိုးကို သစ်ပင်တစ်ပင်နှင့် ချည်လိုက်သည်။

အိအိတုန်သည် ဘောင်းဘီအိတ်ထဲမှ မြေပုံထည့်ထားသော ပလတ်စတစ်အိတ်ကို ထုတ်ယူလိုက်သည်။

အိအိတုန်သည် မြေပုံအထုတ်တွင် ဟန်ချက်ပျက်သွားသည်။ သင်္ဘောစက်ရှိန်ကြောင့် သင်္ဘောကိုယ်ထည်လှုပ်ခါနေဆဲရှိသေး၏။

စံဘော်က လက်ထဲမှ မြေပုံလိပ်ကို ပုတ်ထုတ်လိုက်သည်။

မြေပုံလိပ်က ရေထဲသို့ လွင့်စဉ်ကျသွားသည်။

အိအိတုန်သည် မြေပုံလိပ်ကို ရယူရန် ပင်လယ်ထဲသို့ ခုန်ဆင်းလိုက်သည်။ ကမ်းဦးရေတိမ်မို့ သူမ ဆင်းလိုက်ခြင်းဖြစ်သည်။

စံဘော်သည် အစ်မဖြစ်သူကို ငေးကြောင်ကြည့်နေသော ရဲရဲကို ကိုယ်နှင့် ပြေးတိုက်ချလိုက်သည်။

ရဲရဲ ရေထဲသို့ လွင့်ကျသွားသည်။



ရဲရဲ ရှိရာသို့ ချက်သည် ခုန်ဆင်းပြီး ရေကူးခတ်ကယ်ရတော့သည်။ ရဲရဲက ရေနက်ပိုင်းကျသည်မို့ ချက်သည် ရဲရဲကို ကယ်ရခြင်းပဲ ဖြစ်သည်။

ရဲရဲ လက်မှ AK 47 သေနတ်သည် သင်္ဘောပေါ်မှ ကျန်ရစ်သည်။ စံဘော်က AK 47 သေနတ်ကို ပြေးကောက်သည်။

သေနတ်ဖြင့် သင်္ဘောကြိုးကို ပစ်ဖြတ်တော့သည်။

ဖောင်း ... ဖောင်း ... ဖောင်း ... ဖောင်း ... ။

ကြိုးပြတ်သွားသည်။ ရေလှိုင်းနှင့် သင်္ဘောက ပါသွား၏။

အိအိတုန်သည် ရေပေါ် ပေါ်နေသော မြေပုံလိပ်ကို လိုက်ကူး၍ ဆယ်သည်။

ရဲရဲသည် ကမ်းစပ်သို့ ရောက်နေပေပြီ။

ချက်မှာ ရဲရဲအား ချထားခဲ့ပြီး အိအိတုန်နောက်သို့ ရေကူး၍ လိုက်ရပြန်ပါ၏။

လက်ပမ်းကျနေသော အိအိတုန်သည် ရေထဲသို့နစ်မြုပ်သွားခဲ့သည်။

ရေကူးတတ်သော်လည်း အိအိတုန်မှာ မော[illegible]းမှုဒဏ်ကြောင့် ကြွက်တက်သွားခဲ့၍ မကူးနိုင်ခဲ့တော့။

မြုပ်သွားပြီးမှ အိအိတုန် ဆံစပေါ်လာသည်။

ချက်သည် ဆံပင်ကို အမိအရဖမ်းဆွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံစမိသည်နှင့် အိအိတုန်ကို သိမ်းဖက်ကာ ပင်လယ်ကမ်းစပ်သို့ ချက် ပြန်ကူးခဲ့ရပါ၏။

ရဲရဲက သတိရစပြုနေခဲ့ပြီ။

အိအိတုန်၏ သဘာဝအလှအပတွေက ပင်လယ်ရေကြောင့် ဖုံးမရဖိမရ ပေါ်လွင်နေပါသည်။

အိအိတုန်သည် သတိလစ်နေဆဲဖြစ်သည်။

မတတ်သာတော့။ ရှေးဦးသူနာပြုနည်းအရပင် မေ့မေ့မြောနေသူတစ်ဦးအား နှုတ်ခမ်းခြင်းတေ့၍ အသက်ကယ်ရန် ချက် ကြိုးစားတော့သည်။

နှုတ်ခမ်းခြင်း ထိတွေ့ရန် အကွာအဝေးက နီးကပ်နေပြီ။ ဝင်သက်ထွက်သက်၏ အငွေ့တွေ ပေါင်းစည်းသွား၏။

ထိုစဉ်မှာပဲ လက်ဖဝါးနုနုကလေးက ချက် မျက်နှာကို တွန်းထုတ်လိုက်တော့သည်။

"တုန် သတိရပြီနော်"

"ရပါပြီ၊ ကိုချက် အပေါ်က ဖယ်တော့လေ"

"ဖယ်မယ်လေ၊ တုန်ကို ကိုချက် ချစ်တယ်၊ ကိုချက်ကို ပြန်ချစ်မယ် မဟုတ်လား"

"အစ်ကိုချက်က အပိုင်ကိုတွက်ထားတာပဲနော်၊ တုန်ကို ချစ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ တုန်ကို ချက် တကယ်ချစ်တာ"



ပြောရင်း ချက် လက်တွေက ရေဘဝဲတစ်ကောင်လို လှုပ်ရှားရန် ကြိုးစားလာခဲ့သည်။

စံနှောက်တို့ သင်္ဘောက အဝေးသို့ မောင်းနှင် ထွက်ခွာသွားခဲ့ပြီ။

ချက်တို့အား ပြန်လည်၍ တိုက်ခိုက်ရန်ထက် အခြားအရေးကြီးသည့် အကြောင်းအရာတွေ ရှိဟန်တူသည်။

"ဟိတ်၊ ဟိုမှာ မောင်လေးရှိနေတယ်လေ"

ချက် ခေါင်းညိတ်လိုက်သည်။

ပင်လယ်ထဲက ကျွန်းပေါ်မှာ ချက်တို့သုံးဦး သောင်တင်နေခဲ့ပါလေသည်။ ညဉ့်နက်လာသည်နှင့် ပင်လယ်လေကြောင့် အေးလာခဲ့သည်။

သည်တော့ ပူပူနွေးနွေး ချစ်သူနှစ်ဦးအတွက်တော့ ဝင်လယ်လေသည်ပင် ကျေးဇူးရှင် ဖြစ်ပါလေသေးသည်။

ထို့နောက် သုံးဦးအား ပင်ပန်းမှုကြောင့် အိပ်ပျော်သွားခဲ့ကြပါလေ၏။

www.burmeseclassic.com



မိုးစင်စင်လင်းမှ နိုးလေသည်မဟုတ်ဘဲ။

ရဲအဖွဲ့ဝင်များ၊ နယ်မြေလုံခြုံရေးယူထားရသော ... တပ်ဖွဲ့ဝင်များကြောင့် နိုးလာရခြင်းပဲဖြစ်သည်။

ရဲအဖွဲ့ဝင်များက ချက်တို့သုံးဦးအား ရေးသို့ ... သင်္ဘောဖြင့် ခေါ်ဆောင်သွားသည်။

သင်္ဘောပေါ်တွင် ကျွေးမွေးသည်။

စစ်ချက်တွေယူသည်။ ချက်သည် အစိုးရသက်သေ အဖြစ် သိသမျှအစစ်ခံသည်။

အိအိတုန်နှင့် ရဲရဲကိုလည်း မေးသည်။

အိအိတုန်တို့ မောင်နှမကလည်း သိထားသမျှ ဖြေပါ လေသည်။

ရေးဆိပ်ကမ်းရောက်တော့ ဝါယာလက်စက်ဖြင့် အကြောင်းကြားမှုကြောင့် ရေးမြို့ နယ်မြေခံရဲစခန်းမှ ကားဖြင့် ခေါ် ဆောင်သွားသည်။

ရဲစခန်းတွင် ထပ်၍ မေးမြန်းသည်။ စစ်ချက်တွေယူ သည်။ ရဲအချုပ်တွင် ဦးအိဆိုင်၊ မမခက်၊ မမသက်နှင့် သူ့ရဲ့ စံဘော်၊ ပဝိတ်တို့ကို တွေ့ရသည်။



ရဲစခန်းမှူးကြီးက ချက်အား ကြည့်လိုက်ပြီး

“ဒီအမှုမှာ ကိုချက်က အစိုးရသက်သေအဖြစ် ရုံးတင်တဲ့အခါ ထွက်ဆိုပေးရပါ့မယ်။ အိအိတုန်နဲ့ ရဲရဲကိုတော့ လိုအပ်မှ သက်သေအဖြစ် ဆင့်ခေါ်ပါ့မယ်”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် စခန်းမှူးကြီး”

ရင်တွတဒိတ်ဒိတ်ခုန်သည့်ကြားမှ ချက်သည် သူက အမှန်ကိုထုတ်၍ ပြောရန်သင့်မသင့် စဉ်းစားသည်။

အိအိတုန်ကိုကြည့်၍ ချက် သက်ပြင်းချမိရသည်။

“သြော် ... ကိုချက်ဆိုတာ ရန်ကုန်ကနော်၊ ၈ မိုင်မှာနေ တာ၊ ခဏနေပါဦး၊ အမှုတစ်ခု ကျန်နေသေးလို့ပါ”

“ဗျာ ... ဟုတ် ... ဟုတ်ပါတယ် ... အမှုက”

“လူပျောက်အမှုပါ။ တိုင်ကြားသူက ဒေါ်ဝင်းမွန်လေ၊ သူ့ တူလေး ... အိမ်က စိတ်ညစ်ပြီး ထွက်ပြေးသွားလို့ တွေ့ရင် အကြောင်းကြားဖို့ ရဲစခန်းအရပ်ရပ်ကို တိုင်ကြားထားတာ ပါ။ ပြီးတော့ ဒေါ်ဝင်းမွန်က ပြန်လာခဲ့ဖို့မှာပါတယ်၊ မေသူဇာ နဲ့ ဝဏ္ဏအောင်တို့လည်း လက်ထပ်သွားကြပါပြီတယ်လေ”

“ကဲ ... သွားနိုင်ပါပြီ”

သွားနိုင်ပါပြီဆိုသော်လည်း ချက် ရပ်နေခဲ့မိသည်။

တကယ်က သူသည် ဦးအိဆိုင်၏အဖွဲ့ဝင် အခိုင်းခံ သူတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ရိပ်မြုံနှင့် မဆိုင်တော့ပါလေ။

အိအိတုန်သည် စိတ်မရှည်တော့။

"ဘာရပ်လုပ်နေတာလဲ ပြန်ကြမယ်လေ အစ်ကိုချက်"

"ဟို ... ဟိုလေ ... ကိုချက်ကို"

"တော်တော့၊ ဒါကြောင့်မို့ မေသူဇာ ပစ်သွားတာ၊ အရိပ်မြုံလို့ အကောင်မှမထင်တာ"

ချက်၏လက်မောင်းကို အိအိတုန်က ပိုင်နိုင်စွာပဲ ဆုပ်ကိုင်၍ ဆွဲခေါ်သွားပါလေ၏။

၁၅၀၀ အနွေရာယ်သည် စတင်လေပါပြီ။

ဘယ်သို့ပင် ဖြစ်စေ။

အိအိတုန်ပေးသော ၁၅၀၀အန္တရာယ်ကိုတော့ကြည်ဖြူစွာ ခံယူမှာ ဖြစ်ပါလေ၏။

ပြီးပါပြီ

BURMESE CLASSIC

www.burmeseclassic.com